# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957


**ဆွေမျိုးတို့နှင့် နေရသကဲ့သို့**

သူမိုက်နှင့် ပေါင်းဖော်၍ လှည့်လည်သောသူသည် ကာလရှည်မြင့်စွာ စိုးရိမ်ရ၏။ လူမိုက်တို့နှင့် အတူနေရခြင်းသည် ရန်သူနှင့် အတူနေရသကဲ့သို့ အခါခပ်သိမ်း ဆင်းရဲရ၏။ ပညာရှိနှင့် အတူတကွ နေရခြင်းသည် ဆွေမျိုးတို့နှင့် အတူတကွ နေထိုင်ရသကဲ့သို့ ချမ်းသာ၏။

သုခဝဂ်(ဓမ္မပဒ-၂၀၇)


၁၃၈၃ ခုနှစ်၊ နယုန်လပြည့်ကျော် ၂ ရက်၊ စနေနေ့။ Saturday, 26 June 2021 ၁၀၄၁၆


# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ Republic of the Tatarstan၊ Kazan မြို့တော်ရှိ ဆေးကုသရေးဆိုင်ရာ အထောက်အကူပြုဆေးပစ္စည်းထုတ်လုပ်ရေးကုမ္ပဏီများသို့ သွားရောက်လေ့လာ




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ Republic of the Tatarstan၊ Kazan မြို့တော်ရှိ ဆေးကုသရေးဆိုင်ရာ အထောက်အကူပြုပစ္စည်းများ ထုတ်လုပ်သည့် "Eidos Medicine" နှင့် "Endomedium" ကုမ္ပဏီမှထုတ်လုပ်သည့် ခွဲစိတ်ခန်းသုံးစက်ကိရိယာများအား လေ့လာကြည့်ရှုကြစဉ်။

နေပြည်တော် ဇွန် ၂၅

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် စစ်သံမှူး ဗိုလ်မှူးချုပ် ကျော်စိုးမိုးနှင့် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် Republic of the Tatarstan၊ Kazan မြို့တော်ရှိ ဆေးကုသရေးဆိုင်ရာ အထောက်အကူပြုပစ္စည်းများ ထုတ်လုပ်သည့် "Eidos Medicine" နှင့် "Endomedium" ကုမ္ပဏီမှထုတ်လုပ်သည့် ခွဲစိတ်ခန်းသုံးစက်ကိရိယာများအား သွားရောက်လေ့လာကြည့်ရှုကြသည်။


စာမျက်နှာ ၃ ကော်လံ ၁ သို့ ✰





# ပင်းတယမြို့၌ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**ပင်းတယ ဇွန် ၂၅**

ပတ်ဝန်းကျင်ထိန်းသိမ်းရေး အထောက်အကူပြု လူထုပူးပေါင်းပါဝင်သည့် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကို ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့ ထယ်သွန်းကျေးရွာအုပ်စု ဘုရားနီကျေးရွာ မူလတန်းကျောင်းအနီး၌ ယနေ့နံနက် ၁၀ နာရီက ကျင်းပကြောင်း သိရသည်။

ရှေးဦးစွာ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအာကာလင်းက သစ်ပင်စိုက်ပျိုးခြင်းမှ ရရှိလာမည့် အကျိုးကျေးဇူးများနှင့် မိမိတို့စိုက်ပျိုးထားသည့်သစ်ပင်များ ဆက်လက်ရှင်သန်နိုင်ရန်အတွက် သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ကျေးရွာနေပြည်သူများက ထိန်းသိမ်းစောင့်ရှောက်ကြစေလိုကြောင်း ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအာကာလင်းက ပျိုးပင်များကို ပေးအပ်ရာ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ ကျေးရွာနေပြည်သူများက လက်ခံရယူကြပြီး ပျိုးပင်များကို သတ်မှတ်နေရာများ၌ စုပေါင်းစိုက်ပျိုးကြသည်။

ယနေ့စိုက်ပျိုးသည့် ပျိုးပင်များမှ ကျွန်း၊ ခါတော်မီ၊ ထင်းရှူး၊ ပနားမားငု၊ စိန်ပန်းနီ၊ ချယ်ရီ၊ ရေသင်းဝင်နှင့် မျောက်ငိုပင် ပျိုးပင်စုစုပေါင်း ၆၀၀ ကျော် စိုက်ပျိုးကြသည်။



အဆိုပါ သစ်ပင်စိုက်ပျိုးပွဲသို့ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ NGO အဖွဲ့အစည်းများ၊ ကျေးရွာနေပြည်သူများ တက်ရောက်စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

**ပင်းတယ(ပြန်/ဆက်)**

## မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်

**နေပြည်တော် ဇွန် ၂၅။** ။ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား၊ နေပြည်တော်တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ကချင်ပြည်နယ်တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

**မိုး/ဇလ**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် ( ၂၅- ၆ -၂၀၁၃)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာ စောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉,၀၀၀ | ၉,၀၀၀ | ၁,၅၄၆ | ၁၃,၉၁၁,၉၀၀ |
| MTSH | ၃,၅၀၀ | ၃,၅၀၀ | ၅၁၂ | ၁,၇၉၂,၁၀၀ |
| MCB | ၇,၈၀၀ | ၇,၈၀၀ | ၀ | ၀ |
| FPB | ၂၀,၀၀၀ | ၂၀,၀၀၀ | ၀ | ၀ |
| TMH | ၂,၇၅၀ | ၂,၇၅၀ | ၀ | ၀ |
| EFR | ၃,၁၀၀ | ၃,၁၀၀ | ၁ | ၃,၁၀၀ |
| AMATA | ၅,၀၀၀ | ၅,၀၀၀ | ၅ | ၂၅,၀၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## ရွှေဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် ဇွန် ၂၅

ရန်ကုန်(ရွှေဈေး) ၁၅၆၅၀၀၀

မန္တလေး(ရွှေဈေး) ၁၅၆၃၀၀၀

**နိုင်ငံခြားငွေလဲလှယ်နှုန်း မြန်မာငွေကျပ်**

| | | | |
|---|---|---|---|
| (က)အမေရိကန် | တစ်ဒေါ်လာ | = | ၁၅၉၅.၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၉၀၄.၇ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၄၇.၁၄ |
| (ဃ)ထိုင်း | တစ်ဘတ် | = | ၅၀.၂၁၂ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၈၃.၇၈ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၁.၄၉၈ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၂၁၁.၄ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၁၈၈.၇ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၄၄၀.၅ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၄၁.၄၄ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

# မူးယစ်ဆေးဝါးအလွဲသုံးမှုကို ဆန့်ကျင်တိုက်ဖျက်

ယနေ့သည် (၃၄) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ဖြစ်သည်။ ဤနေ့တွင် လူသားမျိုးနွယ်တစ်ရပ်လုံးကို လူညွန့်တုံးအောင် ဖျက်ဆီးလျက်ရှိသော မူးယစ်ဆေးဝါး ရောင်းဝယ်ဖောက်ကား သုံးစွဲမှုများကို ကမ္ဘာ့နိုင်ငံအသီးသီးက အသိပညာပေးဝိုင်းဝန်းလှုံ့ဆော်ပေးကာ ထိရောက်စွာတိုက်ဖျက်နိုင်ရေး ဆောင်ရွက်ကြခြင်းကို ရည်ညွှန်းသောနေ့ဖြစ်သည်။

ကမ္ဘာပေါ်ရှိ နိုင်ငံတိုင်းအားလုံးနီးပါးတွင် မူးယစ်ဆေးဝါးရောင်းဝယ်ဖောက်ကားသုံးစွဲမှုများမှာ တစ်နေ့တခြား တိုးပွားများပြားလာပြီး အထူးသဖြင့် လူငယ်လူရွယ်များ၏ ပတ်ဝန်းကျင်တွင် ဆိုးကျိုးအန္တရာယ်များကို ရင်ဆိုင်ကြုံတွေ့နေရသည်။ ထို့ကြောင့် လူမှုဘဝပတ်ဝန်းကျင်၊ လူငယ်လူရွယ်များ၏ဘဝများနှင့် အသက်အန္တရာယ်တို့ကို အချိန်မီကယ်တင်နိုင်ရန်အတွက် နိုင်ငံအစိုးရများက သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းလက်တွဲလျက် မူးယစ်ဆေးဝါးအန္တရာယ်ကို ထိရောက်စွာကာကွယ်နိုင်ရန် အရှိန်အဟုန်မပျက် ရှာဖွေတိုက်ဖျက်နေကြသည်။

မူးယစ်ဆေးဝါးအန္တရာယ်သည် တစ်စတစ်စကြီးမားလာသောကြောင့် ကမ္ဘာ့ကုလသမဂ္ဂအထွေထွေညီလာခံ၌ ၁၉၈၇ ခုနှစ် ဒီဇင်ဘာလ ၇ ရက်နေ့တွင် ဆုံးဖြတ်ချက်အမှတ် ၄၂/၁၁၂ ကို ချမှတ်ခဲ့ပြီးနောက် ၁၉၈၈ ခုနှစ် ဇွန်လ ၂၆ ရက်နေ့မှစတင်၍ ကမ္ဘာတစ်ဝန်း၌ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အခမ်းအနားများကို ကျင်းပလာခဲ့ရာ ယခုအခါ (၃၄) ကြိမ်ရှိခဲ့ပြီဖြစ်သည်။ ကမ္ဘာပေါ်တွင် နည်းပညာများ အချိန်နှင့်အမျှ တိုးတက်လာမှုနှင့်အတူ ဘိန်းကိုအခြေခံ၍ စတင်အသုံးပြုခဲ့သည့် မူးယစ်ဆေးဝါးပစ္စည်းအမျိုးမျိုးကို အဆင့်မြင့်သထက်မြင့်အောင် တိုးတက်ထုတ်လုပ်လာကြသည်။

မူးယစ်ဆေးဝါးကို မူလအစက လူသားတို့၏ စိတ်ခံစားချက်သက်သက်အတွက် အသုံးချသုံးစွဲလာကြရာမှ နောက်ပိုင်းတွင် စိတ်ကြွဆေးပြားများအဖြစ် ထုတ်လုပ်လာခဲ့ရာ ဒုစရိုက်နယ်ပယ်များတွင်ပါ အသုံးချလာကြသည်ကို မြင်တွေ့နေရပါသည်။ မူးယစ်ဆေးဝါး ရောင်းဝယ်ဖောက်ကားသုံးစွဲမှုများသည် သုံးစွဲသူတို့၏ အသက်အန္တရာယ်ကျန်းမာရေးတို့ကိုသာမက ရာဇဝတ်မှုအန္တရာယ်အတွက်ပါ စိန်ခေါ်မှုများရှိလာပါသည်။ မူးယစ်ဆေးဝါး တရားမဝင်ရောင်းဝယ်ဖောက်ကားသုံးစွဲသူများသည် ရာဇဝတ်မှုကျူးလွန်သူများ ဖြစ်လာကြသည်။ ထို့ကြောင့် မူးယစ်ဆေးဝါးသည် လူ့ဘောင်လောကတစ်ခုလုံးကို ခြိမ်းခြောက်လာခဲ့သည်။

မူးယစ်ဆေးဝါးပြဿနာသည် နယ်ချဲ့တို့၏ဆိုးမွေ ဘိန်းစိုက်ပျိုးသုံးစွဲခြင်းမှ စတင်ပေါ်ထွက်လာသော ပြဿနာဖြစ်သည်။ လွတ်လပ်ရေးရပြီးနောက်ပိုင်း၌ နယ်မြေဒေသအေးချမ်းသောနယ်စပ်ဒေသများတွင် မူးယစ်ဆေးဝါးစိုက်ပျိုးထုတ်လုပ်ရောင်းဝယ်မှုများ တွင်ကျယ်လာခဲ့ပြီးနောက် ယနေ့အခါတွင် နိုင်ငံတစ်ဝန်းသာမက ကမ္ဘာတစ်ဝန်းတွင်ပါ အမြစ်မဖြတ်နိုင်သော ပြဿနာဖြစ်လာသည်။ မူးယစ်ဆေးဝါးနှင့် စိတ်ကြွဆေးပြားများအား ရောင်းဝယ်ဖောက်ကားမှုသည် တရားမဝင်ငွေကြေးများကို လွယ်လွယ်ကူကူ ထိထိရောက်ရောက်ရလာကြသဖြင့် ဒုစရိုက်လုပ်ငန်းများ၊ အကြမ်းဖက်လုပ်ငန်းများတွင် အသုံးချလာကြသည့် အရင်းအမြစ်များအဖြစ် တလွဲအသုံးပြုလာကြသည်။

မြန်မာနိုင်ငံတွင် ဖြစ်ပေါ်နေသော မူးယစ်ဆေးဝါးပြဿနာကို တားဆီးနှိမ်နင်းရာ၌ အဓိကမှာ ပင်ရင်းဇာစ်မြစ်ကို ကိုင်တွယ်နိုင်ရန်အရေးကြီးသည်။ ပင်ရင်းထုတ်လုပ်သူ၊ သိုလှောင်သူ၊ ဖြန့်ဖြူးသူတို့ကို အဓိကထားတိုက်ဖျက်ခြင်းဖြစ်သည်။ ယခုအခါတွင် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်လျက်ရှိရာ၌ ဖမ်းဆီးရမိသည့်အမှုကြီးများအား ကွင်းဆက်မပြတ်စေရန် အရေးကြီးသည်။ ကွင်းဆက်ပြတ်နေသော အမှုကြီးများကို ထုတ်ဖော်ဖမ်းဆီးနိုင်ပါက မူးယစ်ဆေးဝါးပြဿနာသည် လျော့ကျသွားနိုင်ဖွယ်ရှိသည်။

မူးယစ်ဆေးဝါးပြဿနာသည် သုံးစွဲနိုင်ရေးသက်သက်မဟုတ်တော့ဘဲ မူးယစ်ဆေးဝါးလုပ်ငန်းမှရရှိသော ငွေကြေးနှင့်အကျိုးအမြတ်တို့သည် ကမ္ဘာ့နိုင်ငံများအားကြီးမားသောစိန်ခေါ်မှုဖြစ်လာသည်။ မူးယစ်ဆေးဝါးမှ ရရှိသည့် အကျိုးအမြတ်များသည် အကျင့်ပျက်ခြစားမှု၊ ငွေကြေးခဝါချမှု၊ တရားမဝင်ရောင်းဝယ်မှု၊ လူကုန်ကူးမှု၊ အစွန်းရောက် အဖျက်လုပ်ရပ်များ၊ အကြမ်းဖက်မှုများ၊ လက်နက်ကိုင်တိုက်ခိုက်မှုများ၊ လက်နက်မှောင်ခိုမှုနှင့် ပင်လယ်ဓားပြမှု စသည့်နိုင်ငံဖြတ်ကျော်မှုခင်းများအထိ အရှိန်အဟုန်မြင့်ကာ ကျယ်ပြန့်လာနေသည်ကို ဖြစ်စဉ်များအရ မြင်တွေ့နေရသည်။

မူးယစ်ဆေးဝါးပြဿနာသည် လူသားမျိုးနွယ်များကို ပျက်စီးစေနိုင်သည်သာမက တရားဥပဒေစိုးမိုးမှု၊ နိုင်ငံတည်ငြိမ်အေးချမ်းမှုတို့ကိုပါ ခြိမ်းခြောက်လာသည်ဖြစ်၍ ဘိန်းစိုက်ပျိုးမှု၊ စိတ်ပြောင်းဆေးဝါးများ ထုတ်လုပ်မှု၊ မူးယစ်ဆေးဝါးသုံးစွဲမှုပြဿနာများကို ထိရောက်စွာတိုက်ဖျက်ကြရန် လိုအပ်လာပြီဖြစ်သည်။ သို့ဖြစ်ရာ နိုင်ငံတော်အစိုးရက မူးယစ်ဆေးဝါးပြဿနာများကို ထိရောက်စွာတိုက်ဖျက်နိုင်ရေးအတွက် အမျိုးသားရေးတာဝန်အဖြစ် အလေးအနက်ထားဆောင်ရွက်လျက်ရှိရာတွင် ပြည်သူလူထုပူးပေါင်းပါဝင်ကူညီမှုဖြင့် တိုက်ဖျက်ကြကာ အေးချမ်းသာယာဝပြောသောနိုင်ငံဖြစ်အောင် တည်ဆောက်ကြရမည် ဖြစ်ပါကြောင်း။ ။

ကြေးမုံ

| | | | |
|---|---|---|---|
| **စာတည်းမှူးချုပ်** | - ဦးစိုးစိုးနိုင် | **အငယ်တန်း သတင်းထောက်များ** | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး |
| **စာတည်းမှူး** | - ဦးဝင်းနိုင် | **သုတေသန** | - ဒေါ်ဇင်မာဝင့် |
| **သတင်းထောက်မှူး** | - ဦးမြင့်စိုး | **စာပြင်** | - ဒေါ်ခိုင်သန္တာရွှေ၊ ဒေါ်ခင်ယုဆွေနှင့်အဖွဲ့ |
| **စာတည်းများ** | - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - ဒေါ်နွယ်နွယ်ထွန်း၊ ဒေါ်မျိုးမျိုးဝင်းနှင့်အဖွဲ့ |
| **ဘာသာပြန် စာတည်းများ** | - ဦးဇော်ဝင်း၊ ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော် | **အီးမေးလ်နှင့် အွန်လိုင်း** | - ဒေါ်အေးအေးသင်း |
| **အကြီးတန်း သတင်းထောက်များ** | - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း | | |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ Republic of the Tatarstan၊ Kazan မြို့တော်ရှိ JSC “Zelenodolsk Plant named after A.M.Gorky” ရေယာဉ်တည်ဆောက်ရေးအလုပ်ရုံသို့ သွားရောက်ကြည့်ရှုလေ့လာ

**နေပြည်တော် ဇွန် ၂၅**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် စစ်သံမှူး ဗိုလ်မှူးချုပ် ကျော်စိုးမိုးနှင့် တာဝန်ရှိသူများ လိုက်ပါ၍ ယနေ့ မွန်းလွဲပိုင်းတွင် Republic of the Tatastan၊ Kazan မြို့တော်ရှိ JSC “Zelenodolsk Plant named after A.M.Gorky” ရေယာဉ်တည်ဆောက်ရေးအလုပ်ရုံသို့ သွားရောက်ကြည့်ရှုလေ့လာသည်။

**ကြိုဆိုနှုတ်ဆက်**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် JSC “Zelenodolsk Plant named after A.M.Gorky” ရေယာဉ်တည်ဆောက်ရေးအလုပ်ရုံသို့ ရောက်ရှိကြရာ အမှုဆောင်ဒါရိုက်တာ Mr. Vyacheslav Podokaik နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် အစည်းအဝေးခန်းမတွင် ခေတ္တဦးဆောင်ညွှန်ကြားရေးမှူး Mr. Alexander Emelyushin နှင့် တာဝန်ရှိသူများက အလုပ်ရုံသမိုင်းအကျဉ်းနှင့် ရေယာဉ်တည်ဆောက်ရေးဆိုင်ရာ လုပ်ဆောင်လျက်ရှိသည့် အခြေအနေများကို ရှင်းလင်းပြောကြားရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များက သိရှိလိုသည်များ ပြန်လည်မေးမြန်းဆွေးနွေးပြီး အလုပ်ရုံအတွင်း ရေယာဉ်တည်ဆောက်ရေးလုပ်ငန်းအဆင့်ဆင့်ကို လိုက်လံကြည့်ရှုလေ့လာကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ Republic of the Tatarstan၊ Kazan မြို့တော်ရှိ JSC “Zelenodolsk Plant named after A.M.Gorky” ရေယာဉ်တည်ဆောက်ရေးအလုပ်ရုံတွင် ကြည့်ရှုလေ့လာကြစဉ်။

အဆိုပါ JSC “Zelenodolsk Plant named after A.M.Gorky” ရေယာဉ်တည်ဆောက်ရေးအလုပ်ရုံသည် ၁၂၅ နှစ် သက်တမ်းရှိပြီဖြစ်ပြီး အောင်မြင်သောကုမ္ပဏီတစ်ခုအဖြစ် ရပ်တည်လျက်ရှိကြောင်း၊ ကုမ္ပဏီအနေဖြင့် မည်သည့်ရာသီဥတုဒဏ်မဆို အသုံးပြုနိုင်ရန် ဒီဇိုင်းများရေးဆွဲထုတ်လုပ်လျက်ရှိပြီး ရေယာဉ်အမျိုးမျိုးအား ခေတ်မီနည်းပညာများဖြင့် တည်ဆောက်ပေးလျက်ရှိကြောင်း၊ ရေယာဉ်တည်ဆောက်ထုတ်လုပ်ခြင်းများအပြင် အခြားဆက်စပ်လုပ်ငန်းများဖြစ်သည့် ရေလုပ်ငန်းသုံးစက်ပစ္စည်းများ တည်ဆောက်ထုတ်လုပ်ခြင်း၊ ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းအတွက် လိုအပ်သည့် ပစ္စည်းများထုတ်လုပ်ခြင်းတို့ကိုလည်း လုပ်ဆောင်လျက်ရှိကြောင်း၊ ထို့ပြင် ကုမ္ပဏီ၏ တိုက်တေနီယမ်သတ္တုပုံလောင်းစက်ရုံ(Titanium Foundry)သည် ဥရောပရှိ အကြီးဆုံးစက်ရုံများအနက် တစ်ခုအပါအဝင်ဖြစ်ပြီး ရေယာဉ်တည်ဆောက်ရေး၊ လေယာဉ်တည်ဆောက်ရေးနှင့် ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းအတွက် လိုအပ်သည့် အစိတ်အပိုင်းများအား ထုတ်လုပ်ပေးလျက်ရှိကြောင်း၊ စုစုပေါင်း ရေယာဉ် ၁၅၀၀ ကျော်ခန့်တည်ဆောက်ခဲ့သည့်အနက် ၆၀၀ ခန့်မှာ စစ်ရေယာဉ်များဖြစ်ပြီး ပြည်ပနိုင်ငံများသို့လည်း တင်ပို့ရောင်းချပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ Republic of the Tatarstan၊ Kazan မြို့တော်ရှိ JSC “Zelenodolsk Plant named after A.M.Gorky” ရေယာဉ်တည်ဆောက်ရေးအလုပ်ရုံတွင် သိရှိလိုသည်များ မေးမြန်းဆွေးနွေးကြစဉ်။**

**☆ ရှေ့ဖုံးမှ**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် “Eidos Medicine” သို့ ရောက်ရှိကြရာ ကုမ္ပဏီ CEO Mr.Lenar Valeev၊ “Endomedium” ကုမ္ပဏီ CEO Mr.Oleg Gusev နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် “Eidos Medicine” ဖြစ်ပေါ်လာသည့် သမိုင်းအကျဉ်း မှတ်တမ်းဓာတ်ပုံများ၊ COVID–19 ရောဂါ ရှာဖွေရေး Test–kit စက်ပစ္စည်းကိရိယာများ ထုတ်လုပ်ထားရှိမှု အခြေအနေ၊ Human Patient Simulation စနစ်ဖြင့် ရောဂါရှာဖွေစမ်းသပ်နေမှု အခြေအနေ၊ “Endomedium”ကုမ္ပဏီမှ ထုတ်လုပ်သည့် မှန်ပြောင်းအသုံးပြု၍ ရောဂါရှာဖွေပေးသည့် အဆင့်မြင့်စက်များနှင့် ဆက်စပ်ပစ္စည်းများဖြင့် ရောဂါရှာဖွေစမ်းသပ်နေမှု အခြေအနေများအား လိုက်လံရှင်းလင်းပြသကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က သိရှိလိုသည်များကို ပြန်လည်မေးမြန်းဆွေးနွေးခဲ့သည်။

ယင်းနောက် အစည်းအဝေးခန်းမတွင် ကုမ္ပဏီများမှ ဆေးကုသရေးဆိုင်ရာပစ္စည်းများ ထုတ်လုပ်ထားရှိမှု အခြေအနေနှင့် ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများအား ရှင်းလင်းပြောကြားရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များက သိရှိလိုသည်များအား ပြန်လည်မေးမြန်းဆွေးနွေးခဲ့ကြသည်။

အဆိုပါ “Eidos Medicine” စက်ရုံကို Med Vision Group of Companies မှ ၂၀၁၄ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး ဆေးဘက်ဆိုင်ရာနယ်ပယ်အတွက် တိကျမှုမြင့်မားသော Simulators Design နှင့် Medical Simulators များအား အထူးပြုထုတ်လုပ်ခြင်းဖြင့် လျင်မြန်စွာတိုးတက်လျက်ရှိသည့် ဂျပန်ဆေးဘက်ဆိုင်ရာကုမ္ပဏီတစ်ခု ဖြစ်ကြောင်း၊ Human Patient Simulation နှင့် Surgery Simulation အမျိုးအစား နှစ်မျိုးကို အဓိကထုတ်ကုန်များအဖြစ် ထုတ်လုပ်လျက်ရှိပြီး Human Patient Simulation စနစ်တွင် တိကျမှုမြင့်မားခြင်း၊ အသားအရေအစစ်ကဲ့သို့ ဖန်တီးထားခြင်း၊ Physiological math. Model များဖြင့် တည်ဆောက်ထားခြင်းတို့ကြောင့် လူနာများအား ထိရောက်မှန်ကန်စွာ ကုသပေးနိုင်မည်ဖြစ်ကြောင်း၊ ဈေးနှုန်းနှင့် ဝန်ဆောင်မှုစရိတ်များမှာ အခြားသော စက်အမျိုးအစားများထက် များစွာသက်သာမှုရှိပြီး ဥရောပနှင့် အမေရိကနိုင်ငံများတွင် ရောင်းချပေးလျက်ရှိကြောင်းနှင့် ကျောင်းများ၊ ဆေးရုံများ၊ စစ်ဘက်ဆိုင်ရာအဖွဲ့အစည်းများနှင့် အခြားသောကဏ္ဍများတွင်လည်း အသုံးပြုလျက်ရှိကြောင်း သိရသည်။

“Endomedium”ကုမ္ပဏီကို ၁၉၉၇ ခုနှစ် ဇွန်လ ၆ ရက်နေ့တွင် စတင်တည်ထောင်ခဲ့ခြင်းဖြစ်ပြီး ကုမ္ပဏီအနေဖြင့် နား၊ နှာခေါင်း၊ လည်ချောင်း၊ ရင်ခေါင်း၊ ဝမ်းဗိုက်နှင့် ဆီးလမ်းကြောင်းများအတွင်း မှန်ပြောင်းအသုံးပြု၍ ရောဂါရှာဖွေပေးသည့် အဆင့်မြင့်စက်များနှင့် ဆက်စပ်ပစ္စည်းများကို ထုတ်လုပ်ပေးနိုင်ခဲ့ကြောင်း၊ လက်ရှိအချိန်တွင် ထုတ်ကုန်အမျိုးအစား ၄၀ ကျော်၊ Endosurgical ခွဲစိတ်ကုသမှုကိရိယာ ၈၀၀ ကျော်နှင့် ဆက်စပ်ပစ္စည်းများကို ထုတ်လုပ်ပေးလျက်ရှိကြောင်း၊ “Endomedium” ကုမ္ပဏီသည် kazan ဆေးပညာအကယ်ဒမီနှင့် တွဲဖက်၍ လေ့ကျင့်ရေးစင်တာ ဖွင့်လှစ်ထားရှိပြီး ပညာရေးဆိုင်ရာလှုပ်ရှားမှုများကိုလည်း ပြုလုပ်လျက်ရှိကြောင်း၊ ထို့ပြင် ဆရာဝန်များအား Endoscopic ခွဲစိတ်မှု၊ မီးယပ်နှင့် သားဖွားရောဂါ၊ သွေးကြောထုံးရောဂါ၊ အူကျွံအူကျရောဂါနှင့် အဆစ်ရောင်နာရောဂါ အစရှိသည့် ရောဂါတို့နှင့် ပတ်သက်၍လည်း ဆွေးနွေးလုပ်ဆောင်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစည်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့ Republic of the Tatarstan သို့ ရောက်ရှိ KAMAZ Holding ကုမ္ပဏီသို့ သွားရောက်လေ့လာ





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် KAMAZ Holding မှ ထုတ်လုပ်ထားရှိသည့် Truck ယာဉ်များ၏ စွမ်းရည်များကို လက်တွေ့မောင်းနှင်ပြသမှုအား လေ့လာကြည့်ရှုစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် KAMAZ Holding မော်တော်ကားစက်ရုံ၌ ထရပ်ကားများ၊ ဘတ်စ်ကားများနှင့် ဒီဇယ်အင်ဂျင်များ ထုတ်လုပ်နေမှုအခြေအနေများကို လေ့လာကြည့်ရှုစဉ်။

**နေပြည်တော် ဇွန် ၂၅**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ၌ ရောက်ရှိနေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် စစ်သံမှူး ဗိုလ်မှူးချုပ် ကျော်စိုးမိုးနှင့် တာဝန်ရှိသူများလိုက်ပါ၍ ဇွန် ၂၄ ရက် နံနက်ပိုင်းတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့ Sheremetyevo အပြည်ပြည်ဆိုင်ရာ လေဆိပ်မှတစ်ဆင့် Republic of the Tatarstan သို့ ထွက်ခွာရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနမှ အပြည်ပြည်ဆိုင်ရာ စစ်ဘက်ပူးပေါင်းဆောင်ရွက်ရေးရာဌာန ဒုတိယဌာနကြီးမှူး Major General Alexander Lopilin၊ ရုရှားနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံရုံးမှ သံမှူးကြီး ဦးဇော်လင်းဦးနှင့် တာဝန်ရှိသူများက လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

**ကြိုဆိုနှုတ်ဆက်**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် Republic of the Tatarstan၊ Naberezhnye (နာဘီရေညီယယ်ချဲလ်နေ)မြို့ Begishevo လေဆိပ်သို့ ရောက်ရှိကြရာ ဒုတိယဝန်ကြီးချုပ် H.E. Mr. Nigmatullin Rustan Kamilievich နှင့် တာဝန်ရှိသူတို့က ရိုးရာဓလေ့နှင့်အညီ ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် Naberezhnye မြို့ရှိ KAMAZ Holding မော်တော်ကားစက်ရုံသို့သွားရောက်၍ ထရပ်ကားများ၊ ဘတ်စ်ကားများနှင့် ဒီဇယ်အင်ဂျင်များ ထုတ်လုပ်နေမှု အခြေအနေများကို သွားရောက်လေ့လာကြည့်ရှုကြရာ စက်ရုံမှ ဒုတိယညွှန်ကြားရေးမှူးချုပ် Mr. Gerasimov Yuri Ivanovich၊ ဒီဇိုင်းအင်ဂျင်နီယာချုပ် Mr. Makarov Evgeni Gennagievich နှင့် တာဝန်ရှိသူများက စက်ကိရိယာအစိတ်အပိုင်းထုတ်လုပ်ရာဌာန၊ စက်ခေါင်းပိုင်း၊ ကိုယ်ထည်ပိုင်း၊ အင်ဂျင်ပိုင်း စသည်ဖြင့် ယာဉ်တစ်စီးလုံး ပြီးစီးသည်အထိ အဆင့်ဆင့်တပ်ဆင်ထုတ်လုပ်နေမှုများကိုပြသကြသည်။

ထို့သို့ လိုက်လံရှင်းလင်းပြသမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က သိရှိလိုသည်များကို ပြန်လည်မေးမြန်း ဆွေးနွေးသည်။

ထို့နောက် KAMAZ Holding မှ ထုတ်လုပ်ထားရှိသည့် Truck ယာဉ်များနှင့် စစ်မြေပြင်သုံး Typhoon သံချပ်ကာယာဉ်တို့၏ စွမ်းရည်များကို လက်တွေ့မောင်းနှင်ပြသရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များက လေ့လာကြည့်ရှုခဲ့ကြသည်။

ယင်းနောက် ထပ်မံထုတ်လုပ်လျက်ရှိသည့် Truck ယာဉ်ကြီးများ၊ Battery စနစ်သုံး အမှိုက်သိမ်းယာဉ်၊ လူစီးယာဉ်ငယ်နှင့် အခြားယာဉ်အမျိုးမျိုးတို့အား လိုက်လံကြည့်ရှုလေ့လာကြပြီး သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့သည်။

**ပေးအပ်**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့် KAMAZ Holding မှ ဒုတိယညွှန်ကြားရေးမှူးချုပ်တို့သည် အမှတ်တရ လက်ဆောင်ပစ္စည်းများ အပြန်အလှန် ပေးအပ်ခဲ့ကြသည်။

အဆိုပါ KAMAZ စက်ရုံကို အရွယ်အစားကြီးမားသည့် ထရပ်ကားများ ထုတ်လုပ်ရန် ရည်ရွယ်ချက်ဖြင့် ဆိုဗီယက်ပြည်ထောင်စုကွန်မြူနစ်ပါတီ၏ ဗဟိုကော်မတီနှင့် ဆိုဗီယက်ဆိုရှယ်လစ်ပြည်ထောင်စု၏ ဥပဒေပြုရေးကောင်စီတို့မှ Naberezhnye Chelny မြို့၌ ၁၉၇၆ ခုနှစ် ဖေဖော်ဝါရီလတွင် စတင်တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း၊ ၁၉၈၇ ခုနှစ် ဒီဇင်ဘာ ၂၁ ရက်တွင် Oka midget (VAZ–1111) မော်တော်ယာဉ်များအား ပထမဆုံးထုတ်လုပ်ခဲ့ပြီး ၁၉၉၀ ပြည့်နှစ် ဇွန် ၂၅ ရက်တွင် Joint Stock ကုမ္ပဏီအဖြစ် ပြောင်းလဲဖွဲ့စည်းခဲ့ကြောင်း၊ ၁၉၉၃ ခုနှစ်တွင် KAMAZ အင်ဂျင်စက်ရုံ မီးလောင်ပျက်စီးမှု တစ်ကြိမ်ဖြစ်ပေါ်ခဲ့သော်လည်း ၂၀၀၆ ခုနှစ်တွင် မိတ်ဖက်ကုမ္ပဏီဖြစ်သည့် Cummins Inc. ကုမ္ပဏီနှင့် ပူးတွဲ၍ CUMMINS KAMA Joint Venture ကုမ္ပဏီအား တည်ထောင်ခဲ့ကြောင်း၊ လက်ရှိအချိန်တွင် ကမ္ဘာအနှံ့အပြားသို့ လုပ်ငန်းသုံးယာဉ်ကြီးများကို တင်ပို့ရောင်းချပေးလျက်ရှိပြီး KAMAZ ကုမ္ပဏီသည် Dakar Rally ကားပြိုင်ပွဲတွင် ၁၈ ကြိမ် အနိုင်ရရှိထား ကြောင်းနှင့် ၂၀၂၀ ပြည့်နှစ်စာရင်းအရ တစ်နှစ်လျှင် ထရပ်ကားအစီးရေ ၄၃၀၀၀ ကျော် ထုတ်လုပ်နိုင်ပြီး ရုရှားတပ်မတော်တွင် အသုံးပြုသည့် ထရပ်ကားအများစုမှာ KAMAZ ကုမ္ပဏီမှ ထုတ်လုပ်သည့် မော်တော်ကားများဖြစ်ကြောင်း သိရှိရသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် Naberezhnye မြို့မှ Republic of the Tatarstan၊ Kazan မြို့တော်သို့ ဆက်လက်ထွက်ခွာခဲ့ပြီး Republic of the Tatarstan သမ္မတ အထူးဧည့်ဂေဟာသို့ရောက်ရှိကာ ညအိပ်ရပ်နားခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

✻ ကျောဖုံးမှ

ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

### ရှင်းလင်းတင်ပြ

ဦးစွာ ရန်ကုန်တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးလှစိုးက တိုင်းဒေသကြီးအတွင်း အုပ်ချုပ်ရေး၊ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းဆိုင်ရာများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ မူဝါဒနှင့်လမ်းညွှန်မှာကြားချက်များကို အချိန်တိုကာလအတွင်း လျင်မြန်စွာ အကောင်အထည်ဖော်ဆောင်ရွက်နေရန်လိုအပ်ကြောင်း၊ နိုင်ငံရေး ဖြစ်ပေါ်ပြောင်းလဲမှုများအပေါ် တာဝန်ရှိသူများကိုယ်တိုင်သိရှိနားလည်ပြီး မိမိ၏လက်အောက်ရှိ အရာထမ်း၊ အမှုထမ်းများကိုလည်း သိရှိစေရန် ရှင်းလင်းပြောကြားမှုများ ဆောင်ရွက်ရန်လိုအပ်ကြောင်း ပြောကြားသည်။

### ပူးပေါင်းဆောင်ရွက်ရန်လိုအပ်

ဆက်လက်၍ပြောကြားရာတွင် တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးမှုရှိစေရေးတို့အတွက် တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများသာမက ပြည်သူလူထုပါ ပူးပေါင်းဆောင်ရွက်ရန်လိုအပ်သည့် အခြေအနေ၊ အကြမ်းဖက်မှုများ မဖြစ်ပွားစေရေးဥပဒေဆိုင်ရာ စည်းမျဉ်း စည်းကမ်းများနှင့်ပတ်သက်၍ ပညာပေးဆောင်ရွက်ရန်လိုအပ်သည့် အခြေအနေ၊ တရားဥပဒေစိုးမိုးမှုရရှိစေရေးအတွက် ဥပဒေနှင့်အညီ စစ်ဆေး၊ ဖော်ထုတ်ဖမ်းဆီးမှုများဆောင်ရွက်၍ ကျူးလွန်ဖောက်ဖျက်သူများကို ထိထိရောက်ရောက် မြန်မြန်ဆန်ဆန် အရေးယူရန်လိုအပ်သည့် အခြေအနေ၊ ဌာနဆိုင်ရာအဖွဲ့အစည်းများအလိုက် မူလပေးအပ်ထားသည့် တာဝန်များအပေါ် သစ္စာရှိရှိမှန်ကန်စွာ ထမ်းဆောင်ရန်လိုအပ်သည့်အခြေအနေ၊ မှန်ကန်သည့် ရွေးကောက်ပွဲတစ်ခုဖြစ်ပေါ်လာစေရေးအတွက် မြန်မာနိုင်ငံသားများအားလုံး လူတစ်ဦးချင်းစီ နိုင်ငံသားစိစစ်ရေးကတ်ပြားရှိစေရေးသည် အဓိကကျသဖြင့် နိုင်ငံသားစိစစ်ရေးကတ်မရှိသူများအတွက် ဆောင်ရွက်ပေးလျက်ရှိသော ပန်းခင်းစီမံချက်အား အောင်မြင်ပြီးမြောက်စေရေးဝိုင်းဝန်းဆောင်ရွက်ရန်လိုအပ်သည့်အခြေအနေ၊ ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့်ပတ်သက်၍ ပတ်ဝန်းကျင်နိုင်ငံများတွင် ကူးစက်မှုနှုန်းမြင့်မားလျက်ရှိခြင်းကြောင့် စစ်ဆေးမှုများ၊ သီးသန့်စောင့်ကြပ်ကြည့်ရှုမှုများကို သတ်မှတ်ထားသည့်အတိုင်း တိတိကျကျလိုက်နာဆောင်ရွက်ရန် လိုအပ်သည့်အခြေအနေ၊ လူတစ်ဦးချင်းစီ၏ ကိုဗစ်-၁၉ အတွက် မိမိကိုယ်ကိုမိမိ ကြိုတင်ကာကွယ်ခြင်းသည် အဓိကအချက်ဖြစ်သဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် အမိန့်နှင့်ညွှန်ကြားချက်များ၊ လူတိုင်းတစ်ဦးချင်းလိုက်နာရမည့်အချက်များကို ကျယ်ကျယ်ပြန့်ပြန့်နှင့် ပညာပေးဆောင်ရွက်သွားရန်လိုအပ်သည့်အခြေအနေ၊ သီးခြားစောင့်ကြပ်ကြည့်ရှုမည့်နေရာများ ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိရာ တာဝန်ရှိသည့်အဖွဲ့အစည်းများအနေဖြင့်လည်း လိုအပ်မှုများ ဖြည့်ဆည်းဆောင်ရွက်ပေးရန်လိုအပ်မည့်အခြေအနေကို အသေးစိတ်ရှင်းလင်းမှာကြားသည်။

ထို့ပြင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်အဖွဲ့ဝင်များသည် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံတပ်နယ်ရှိ တပ်မတော်အရိုးရောဂါ အထူးကုဆေးရုံကြီးနှင့် တပ်မတော်ဆေးရုံကြီး(ခုတင် ၁၀၀၀)သို့ သွားရောက်၍ ဆေးရုံတက်ရောက်ကုသလျက်ရှိသော အရာရှိ၊ စစ်သည်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များကို တစ်ဦးချင်း ရင်းရင်းနှီးနှီး လိုက်လံတွေ့ဆုံအားပေး၍ ဆေးဝါးကုသမှုအခြေအနေများကို မေးမြန်းကာ စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တပ်မတော်ဆေးရုံကြီး(ခုတင် ၁၀၀၀)၌ တက်ရောက်ကုသလျက်ရှိသော အရာရှိ၊ စစ်သည်များ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များအား စားသောက်ဖွယ်ရာများ ပေးအပ်စဉ်။

# ကာကွယ်ရေးဦးစီးချုပ်(ရေ)ဗိုလ်ချုပ်ကြီးမိုးအောင် ဦးဆောင်သည့် မြန်မာ့တပ်မတော်(ရေ)ကိုယ်စားလှယ်အဖွဲ့ နိုင်ငံတကာရေကြောင်းဆိုင်ရာ ကာကွယ်ရေးပြပွဲ ဒုတိယနေ့ ဆက်လက်ကြည့်ရှုလေ့လာ



နေပြည်တော် ဇွန် ၂၅

နိုင်ငံတကာရေကြောင်းဆိုင်ရာကာကွယ်ရေးပြပွဲ (International Maritime Defence Show (IMDS–2021))ကို ရုရှားဖက်ဒရေးရှင်းနိုင်ငံ Saint Petersburg မြို့၌ ယနေ့နံနက်ပိုင်းတွင် ဆက်လက်ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ရုရှားဖက်ဒရေးရှင်းနိုင်ငံခရီးစဉ်တွင် လိုက်ပါလာကြသည့် ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးမိုးအောင် ဦးဆောင်သည့် မြန်မာ့တပ်မတော်(ရေ) ကိုယ်စားလှယ်အဖွဲ့သည် ဒုတိယနေ့ပြခန်းများတွင် ခင်းကျင်းပြသထားသည့် ကာကွယ်ရေးပစ္စည်းများအား လှည့်လည်ကြည့်ရှုလေ့လာကြပြီး သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြသည်။

### လေ့လာကြည့်ရှု

မွန်းလွဲပိုင်းတွင် ဗိုလ်ချုပ်ကြီးမိုးအောင် ဦးဆောင်သည့် မြန်မာ့တပ်မတော် (ရေ) ကိုယ်စားလှယ်အဖွဲ့သည် Saint Petersburg မြို့ရှိ ဆိပ်ခံတံတားတွင် ဆိုက်ကပ်ထားသည့် ရေငုပ်သင်္ဘောစစ်ရေယာဉ်များ၊ ဖရီဂိတ်စစ်ရေယာဉ်များ၊ ကော်ဗက်စစ်ရေယာဉ်များ၊ ပွဲထိန်းဒုံးပျံတင် အမြန်သွားကင်းလှည့်ရေယာဉ်များ၊ မိုင်းရှင်း၊ မိုင်းချရေယာဉ်များနှင့် ကမ်းထိုး၊ ကမ်းတက်ရေယာဉ်များကို သွားရောက်လေ့လာကြည့်ရှုခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

❂ ပြည်ထောင်စုတိုင်းရင်းသားကျေးရွာမှ

ပြီးတော့လူကြီးများရဲ့ လမ်းညွှန်မှုနဲ့အညီ အင်းလေးကန်မှာ လှေပြိုင်ပွဲကျင်းပပြီး အများပြည်သူကို ဝန်ဆောင်မှုပေးဖို့အစီအစဉ်လည်း ရှိပါတယ်။ ပြည်ထောင်စုခန်းမမှာ တိုင်းရင်းသားဖျော်ဖြေမှုကို ပွင့်လင်းရာသီဖြစ်တဲ့ အောက်တိုဘာလကစပြီး ကျင်းပသွားမှာပါ။ မိုးရာသီမှာတော့ရပ်ထားပါတယ်။ အထူးသဖြင့် ရိုးရာလှေပြိုင်ပွဲကို အပန်းဖြေသူတွေ ကြည့်ရှုအားပေးနိုင်အောင် စီမံဆောင်ရွက်နေပါတယ်” ဟု ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ တာဝန်ခံ ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးဝင်းက ပြောသည်။

### ကြိုးပမ်းဆောင်ရွက်နေ

အဆိုပါအင်းလေးကန်အရှည်မှာ မီတာ ၂၀၀ခန့်နှင့် အကျယ်မီတာ ၅၀ မှ မီတာ ၇၀ ရှိသောကြောင့် လှေပြိုင်ပွဲကျင်းပရန် အကျယ်အဝန်းရှိသည့်အတွက် မြန်မာနိုင်ငံလှေလှော်အဖွဲ့ချုပ်မှ လာရောက်ကြည့်ရှုလေ့လာခဲ့ပြီး ရန်ကုန်မြို့ခံပြည်သူများအနေဖြင့် စည်းလုံးခြင်း၏စွမ်းအားကို သရုပ်ဖော်ဆိုနိုင်သည့် ရိုးရာလှေပြိုင်ပွဲကို အားပါးတရကြည့်ရှုနိုင်တော့မည်ဖြစ်သည်။ ပဲခူးမြစ်ကိုမေးတင်ထားပြီး သန်လျင်တံတားအနီးတွင်ရှိသည့် ၁၁၇ ဧကကျယ်ဝန်းသော ပြည်ထောင်စုတိုင်းရင်းသားကျေးရွာတွင် တိုင်းရင်းသား ၈ မျိုး၏ နေအိမ်အသီးသီး၌ သက်ဆိုင်ရာတိုင်းရင်းသားတို့ကိုယ်တိုင် ဝန်ဆောင်မှုပေးလျက်ရှိပြီး ပြည်တွင်းခရီးသွားတို့သာမက ပြည်ပခရီးသွားများလည်း လာရောက်အပန်းဖြေလည်ပတ်လျက်ရှိရာ ရန်ကုန်မြို့ခံပြည်သူတို့ နှစ်ထောင်းအားရစွာ အားပေးအပန်းဖြေနိုင်မည့် ရိုးရာလှေပြိုင်ပွဲကိုလည်း တိုင်းရင်းသားကျေးရွာ အင်းလေးကန်၌ ပြသနိုင်ရန် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ(ရန်ကုန်)မှ ကြိုးပမ်းဆောင်ရွက်နေကြောင်း သိရသည်။

ဓာတ်ပုံ - ကနူး၊ သတင်း - ညိမ်းသူ

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**
(က) စစ်မှန်၍စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး
(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး
(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး“မူ”ကို ဆက်လက်လိုက်နာကျင့်သုံးရေး

၂။ **စီးပွားရေး**
(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
(ခ) ဈေးကွက်စီးပွားရေးစနစ်တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံ မှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**
(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

## တိုင်းရင်းသားရေးရာ၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုနှင့် ဝန်ဆောင်မှုရေးရာကော်မတီအစည်းအဝေးအမှတ်စဉ်( ၉/ ၂၀၂၁)ကျင်းပ

**နေပြည်တော် ဇွန် ၂၅**
တိုင်းရင်းသားရေးရာ၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုနှင့် ဝန်ဆောင်မှုရေးရာ ကော်မတီအစည်းအဝေး(၉/၂၀၂၁)ကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ကာကွယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။



**တက်ရောက်**

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များ ဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ စောဒန်နီယယ်နှင့် ဒေါက်တာ ဗညားအောင်မိုး၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒေါက်တာ သက်သက်ခိုင်နှင့် ဦးစောထွန်းအောင်မြင့်၊ ဒုတိယဝန်ကြီးများဖြစ်ကြ သည့် ဦးရဲတင့်၊ ဒေါက်တာအောင်ကြီး၊ ဦးဇော်ဝင်း၊ ဦးမျိုးလှိုင်၊ ဦးမင်းထိန်နှင့် ဦးဇော်အေးမောင်၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြား ရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် တိုင်းရင်းသားရေးရာ၊ ပြည်သူ့ရေးရာ စီမံခန့်ခွဲမှုနှင့် ဝန်ဆောင်မှုရေးရာကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ် ရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦးက အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် တိုင်းရင်းသားရေးရာ၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုနှင့် ဝန်ဆောင်မှုရေးရာကော်မတီ အတွင်းရေးမှူး ဒုတိယဝန်ကြီး ဦးဇော်အေးမောင်က အစည်းအဝေးအမှတ်စဉ် (၈/၂၀၂၁) အစည်းအဝေး ဆုံးဖြတ်ချက်များနှင့် ဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်း တင်ပြသည်။

ယင်းနောက် အစည်းအဝေးသို့တက်ရောက်လာကြသည့် ဒုတိယ ဝန်ကြီး ဦးရဲတင့်၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများက ကော်မတီသို့ ပေးပို့တင်ပြလာသည့် အမှာစာကိစ္စရပ် များကို သက်ဆိုင်ရာကဏ္ဍများအလိုက် ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ကော်မတီဥက္ကဋ္ဌက ပြည်ထောင်စုဝန်ကြီးဌာနများမှ တင်ပြလာကြသည့် အမှာစာကိစ္စရပ်များကို နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးသို့ ဆက်လက်တင်ပြရန် ကိစ္စရပ်များနှင့် ကော်မတီ၏အဆုံးအဖြတ်ဖြင့် ဆောင်ရွက်ရန်ကိစ္စရပ် များကို အတည်ပြုသည်။

**ဖြည့်စွက်ဆွေးနွေး**

ယင်းနောက် ကော်မတီဝင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဝင်များဖြစ်ကြသည့် စောဒန်နီယယ်နှင့် ဒေါက်တာဗညားအောင်မိုး၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်သက်ခိုင်၊ ဒုတိယဝန်ကြီးများ ဖြစ်ကြသည့် ဦးဇော်ဝင်း၊ ဦးမျိုးလှိုင်၊ ဦးမင်းထိန်နှင့် ဦးရဲတင့်၊ အမြဲတမ်း အတွင်းဝန် ဦးခိုင်ထွန်းဦးနှင့် ဦးသိန်းဌွေးဦးတို့က တိုင်းရင်းသားရေးရာ ကိစ္စရပ်များ၊ ဝန်ဆောင်မှုရေးရာကိစ္စရပ်များကို သက်ဆိုင်ရာကဏ္ဍများ အလိုက် ရှင်းလင်းတင်ပြကြရာ ကော်မတီအတွင်းရေးမှူး ဒုတိယဝန်ကြီး ဦးဇော်အေးမောင်က ဖြည့်စွက်ဆွေးနွေးသည်။

ထို့နောက် တိုင်းရင်းသားရေးရာ၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုနှင့် ဝန်ဆောင်မှုရေးရာကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဝင် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးက နိဂုံးချုပ် အမှာစကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုဌာန(NSPC) မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**နေပြည်တော် ဇွန် ၂၅**
အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေး ဖော်ဆောင်မှုဗဟိုဌာန(NSPC) မိုးရာသီသစ်ပင် စိုက်ပျိုးပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေး ဖော်ဆောင်မှု ဗဟိုဌာနဝင်းအတွင်း၌ ကျင်းပသည်။



အဆိုပါ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲသို့ အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်နှင့် ကော်မတီဝင်များ၊ သစ်တောဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာန၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီတို့မှ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ဌာနအလိုက် တာဝန် ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီ ဥက္ကဋ္ဌနှင့် တက်ရောက်လာကြသူများသည် အဖိုးတန် ရတနာတန်းဝင်ပင်များဖြစ်သည့် ကျွန်း၊ ပျဉ်းကတိုး၊ ပိတောက်၊ တမလန်းနှင့် သင်းဝင်ပင်များ စိုက်ပျိုးကြ သည်။

ယင်းနောက် ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေး ဖော်ဆောင်မှုဗဟိုဌာနဝင်းအတွင်း သစ်တောဦးစီး ဌာနမှ အဖိုးတန်သစ်မျိုးစုံ၊ အရိပ်ရလေကာပင်နှင့် ဝါးမျိုးစုံ ၁၈၄၆ ပင်၊ စိုက်ပျိုးရေးဦးစီးဌာနမှ နှစ်ရှည် စားပင် စုစုပေါင်း အပင် ၁၂၁၀၊ နေပြည်တော်စည်ပင် သာယာရေးကော်မတီမှ အလှပန်းပင် ၅၁၄ ပင် စုစုပေါင်း အပင် ၃၅၇၀ စိုက်ပျိုးထားရှိမှုများကို လိုက်လံကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေး ဖော်ဆောင်မှုဗဟိုဌာနဝင်းအတွင်း ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ တည်ဆောက် ထားသည့် အကျယ် သုည ဒသမ ၅ ဧက၊ အနက် ခုနစ်ပေရှိ ရေလှောင် ဂါလန် ၁၁ သိန်းခန့် သိုလှောင် နိုင်သည့် ကန်အမှတ်(၁)၊ အကျယ် နှစ်ဧက၊ အနက် ငါးပေရှိ ရေလှောင်ဂါလန် ၃၂ သိန်းခန့် သိုလှောင် နိုင်သည့် ကန်အမှတ်(၂)နှင့် အရှည် ပေ ၁၁၀၀ ရှိ ရေစုမြောင်း၊ အရှည် ၂၂၃ ပေရှိ ရေသွင်းမြောင်း၊ ကန်နှစ်ခုကို ဆက်သွယ်ထားသည့်အရှည် ပေ ၂၂၀ ရှိ ဆက်သွယ်ရေးမြောင်း၊ အရှည် ၁၆၅ ပေရှိ ရေထွက် မြောင်းနှင့် ရေကန်ပတ်လမ်းကူးတံတား နှစ်စင်းနှင့် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေး ဖော်ဆောင်မှု ဗဟိုဌာနဝင်းအတွင်းရှိ အကျယ် ၁၄ ပေ၊ အရှည် ပေ ၃၅၀၀ ရှိသည့် မြေသားပတ်လမ်း ဖောက်လုပ်ထားရှိမှုများကို လိုက်လံကြည့်ရှုခဲ့ ကြောင်း သိရသည်။

**သတင်းစဉ်**

# အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အခမ်းအနားတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ် ထံမှ ပေးပို့သည့်သဝဏ်လွှာ

၂၀၂၁ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့

မြန်မာနိုင်ငံသူနိုင်ငံသားများအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေကြောင်းနှင့် မူးယစ်ဆေးဝါးအန္တရာယ်မှ ကင်းဝေးကြပါစေကြောင်း ဦးစွာဆုမွန်ကောင်း တောင်းလိုက်ပါသည်။ ၁၉၈၇ ခုနှစ် ကမ္ဘာ့ကုလသမဂ္ဂအထွေထွေညီလာခံက ဇွန်လ ၂၆ ရက်နေ့ကို အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အဖြစ် သတ်မှတ်ခဲ့ပြီးချိန်မှစ၍ ကမ္ဘာတစ်ဝန်းရှိနိုင်ငံအသီးသီးတွင် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့ အခမ်းအနားများ နှစ်စဉ်ကျင်းပလာခဲ့သည်မှာ ၂၀၂၁ ခုနှစ် ယနေ့ဆိုလျှင် (၃၄) ကြိမ်မြောက်ရှိပြီဖြစ်ပါသည်။

၂၀၂၀ ပြည့်နှစ် (၃၃) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ ဗဟိုအဆင့်အခမ်းအနားနှင့် တိုင်းဒေသကြီး/ပြည်နယ်အဆင့် အခမ်းအနားများကို COVID-19 ရောဂါအခြေအနေကြောင့် ကျင်းပနိုင်ခြင်းမရှိခဲ့သော်လည်း ဖမ်းဆီးရမိမူးယစ်ဆေးဝါးများနှင့် ဆက်စပ်ပစ္စည်းများ မီးရှို့ဖျက်ဆီးပွဲများကို ရန်ကုန်၊ မန္တလေး၊ တောင်ကြီး၊ လားရှိုးနှင့် ကွတ်ခိုင်မြို့များတွင် ကျင်းပနိုင်ခဲ့ပါသည်။ ယခုနှစ်တွင်လည်း COVID-19 ရောဂါအခြေအနေကြောင့် မီးရှို့ဖျက်ဆီးပွဲအခမ်းအနားများကိုသာ သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ရန်ကုန်၊ မန္တလေး၊ တောင်ကြီး နေရာ ၃ ခုတွင် တစ်ပြိုင်တည်း ကျင်းပပြုလုပ်ပြီး နိုင်ငံတကာသံရုံးများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များအား ဖိတ်ကြားတက်ရောက်စေခဲ့ပါသည်။

မူးယစ်ဆေးဝါးသုံးစွဲမှု၊ တရားမဝင်ထုတ်လုပ်မှု၊ သယ်ဆောင်ရောင်းဝယ်မှု၊ မူးယစ်ဆေးဝါးထုတ်လုပ်ရာတွင် အသုံးပြုသည့်ပစ္စည်းများ ရောင်းဝယ်မှုများကြောင့် ပြည်သူများ၏ ကျန်းမာရေး၊ လူမှုရေး၊ အခြေခံစီးပွားရေးတို့ကို ထိခိုက်ပျက်စီးစေပြီး နိုင်ငံအတွင်း အကြမ်းဖက်မှု၊ လက်နက်မှောင်ခိုမှု၊ ငွေကြေးခဝါချမှု၊ တရားမဝင်ငွေကြေးစီးဆင်းမှု၊ အဂတိလိုက်စားမှု၊ အကျင့်ပျက်ခြစားမှု၊ နိုင်ငံဖြတ်ကျော်မှုခင်းများကို ဖြစ်ပေါ်စေသလို တစ်ဖက်မှာလည်း မူးယစ်ဆေးဝါးမှ ရရှိလာသော ငွေကြေးများကြောင့် နိုင်ငံ၏ တည်ငြိမ်ရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ထိခိုက်စေလျက်ရှိပါသည်။

ကမ္ဘာတစ်ဝန်း COVID-19 ရောဂါခံစားနေရသော်လည်း မူးယစ်ဆေးဝါးသုံးစွဲမှုများမှာ လျော့ကျသွားခြင်းမရှိခဲ့ဘဲ မူးယစ်ဆေးဝါးထုတ်လုပ်မှု၊ သယ်ဆောင်ရောင်းဝယ်မှုနှင့် သုံးစွဲမှုပုံသဏ္ဌာန်များ ပြောင်းလဲလာခဲ့သည်ကို သတိချပ်ရပါမည်။

မြန်မာနိုင်ငံတွင် တရားမဝင်ဘိန်းစိုက်ပျိုးမှု၊ ဘိန်းဖြူထုတ်လုပ်မှု၊ သယ်ဆောင်ရောင်းဝယ်မှုများကို ကြုံတွေ့နေရပါသည်။ ခေတ်အဆက်ဆက်အစိုးရများက မူးယစ်ဆေးဝါးထိန်းချုပ်ရေးကို ကြိုးပမ်းဆောင်ရွက်ခဲ့မှုကြောင့် ယနေ့အချိန်အထိ ဘိန်းစိုက်ပျိုးမှု သိသိသာသာကျဆင်းခဲ့ကြောင်းကို ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့် ပြစ်မှုဆိုင်ရာရုံး(UNODC)မှ ထုတ်ပြန်ခဲ့သည့် ဘိန်းစိုက်ပျိုးမှု အစီရင်ခံစာအရ သိရှိရပါသည်။ မူးယစ်ဆေးဝါးပြဿနာ ခံစားနေရသောဒေသများတွင် ဖွံ့ဖြိုးမှုကိုအခြေခံသော အစားထိုးဖွံ့ဖြိုးရေးလုပ်ငန်းများကြောင့် ဘိန်းစိုက်တောင်သူများ၏ လူနေမှုဘဝနှင့် ဒေသဖွံ့ဖြိုးရေးကို များစွာ အထောက်အကူဖြစ်စေခဲ့ကြောင်း တွေ့ရှိရပါသည်။

တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့တို့ ပူးပေါင်းပြီး ပင်လယ်ရေကြောင်းအပါအဝင် မူးယစ်ဆေးဝါးပြဿနာ များပြားသည့်ဒေသများ၌ အထူးစစ်ဆင်ရေးများကို ၂၀၁၃ ခုနှစ်မှစတင်၍ ဆောင်ရွက်ခဲ့ရာ ယနေ့အချိန်ထိ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး အထူးစစ်ဆင်ရေး ၃၁ ခု ဆောင်ရွက်နိုင်ခဲ့ပြီး မူးယစ်ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းအများအပြားကို ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့ပါသည်။

၂၀၂၀-၂၀၂၁ ခုနှစ်အတွင်း နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုအနေဖြင့် ရွှေတြိဂံဒေသ၌ အိမ်နီးချင်းနိုင်ငံများနှင့်ပူးပေါင်း၍ အထူးစစ်ဆင်ရေးများ ဆောင်ရွက်သည့် လုပ်ဆောင်ချက်ကြောင့် မူးယစ်ဆေးဝါးထုတ်လုပ်ရာတွင် အသုံးပြုသည့် ဓာတုပစ္စည်းအများအပြားကို တားဆီးနိုင်ခဲ့သည့်အတွက် မူးယစ်ဆေးဝါးထုတ်လုပ်မှုကို ကြိုတင်ကာကွယ်နိုင်ခဲ့ပြီး မူးယစ်ဆေးဝါးများ သယ်ဆောင်ဖြန့်ဖြူးရောင်းဝယ်မှုများကို ထိရောက်စွာ ဖမ်းဆီးအရေးယူနိုင်ခဲ့ပါသည်။

၂၀၂၀ ပြည့်နှစ်အတွင်း ကမ္ဘာတစ်ဝန်းဖြစ်ပွားလျက်ရှိသည့် အသက်ရှူလမ်းကြောင်းဆိုင်ရာ COVID-19 ရောဂါကန့်သတ်ချက်များ ရှိခဲ့သော်လည်း တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် အခြားမိတ်ဖက်အဖွဲ့အစည်းများပူးပေါင်း၍ စစ်ဆင်ရေးများဆောင်ရွက်ခဲ့ရာ **မူးယစ်ဆေးဝါးအမှုပေါင်း ၁၃၉၆၀ မှု၊ တရားခံ ၁၉၉၉၄ ဦး၊ တန်ဖိုးငွေကျပ် ၁၄၃၆.၃၄ ဘီလီယံခန့် ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့ပြီး တန်ဖိုးငွေကျပ် ၂၇၈၂ သန်းကျော်**ကိုလည်း နိုင်ငံတော်ဘဏ္ဍာငွေအဖြစ် သိမ်းဆည်းနိုင်ခဲ့ပါသည်။ ၂၀၂၁ ခုနှစ် မေလ ၃၁ ရက်နေ့အထိ **မူးယစ်ဆေးဝါးအမှုပေါင်း ၂၈၃၃ မှု၊ တရားခံ ၄၀၇၇ ဦး၊ တန်ဖိုးငွေကျပ် ၃၈၀.၇၁၂ ဘီလီယံကျော် ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့ပြီး တန်ဖိုးငွေကျပ် ၁၉၀.၂၃၄ သန်း**ကိုလည်း နိုင်ငံတော်ဘဏ္ဍာငွေအဖြစ် သိမ်းဆည်းနိုင်ခဲ့ပါသည်။

ဘိန်းနှင့်ဘိန်းဖြူအပြင် လူလုပ်မူးယစ်ဆေးဝါးများဖြစ်သည့် စိတ်ကြွဆေးဝါးများ၊ မက်အဖက်တမင်း(ICE)၊ ကတ်တမင်းအပါအဝင် မူးယစ်ဆေးဝါးထုတ်လုပ်မှုလျှော့ချရေးအတွက် ဓာတုပစ္စည်းများ ထိန်းချုပ်ရေးကဏ္ဍသည်လည်း အရေးပါလာပါသည်။ နိုင်ငံအတွင်း ပရီကာဆာဓာတုပစ္စည်းထိန်းချုပ်ရေးနှင့် တားဆီးနှိမ်နင်းရေးလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်လာမှုများကြောင့် မူးယစ်ဆေးဝါးချက်လုပ်သူများနှင့် ပရီကာဆာဓာတုပစ္စည်းသယ်ဆောင်ရောင်းဝယ်သူများသည် ထိန်းချုပ်ထားခြင်းမရှိသော ဓာတုပစ္စည်းများ၊ မူးယစ်ဆေးဝါးချက်လုပ်ရန် ရည်ရွယ်ချက်ရှိရှိဖြင့် ထုတ်လုပ်ထားသော အသွင်ပြောင်းဓာတုပစ္စည်း(Designer Precursors)များကို ပုံစံအမျိုးမျိုး ပြောင်းလဲအသုံးပြုလာကြပါသည်။ မြန်မာနိုင်ငံ၏ တည်နေရာအနေအထားသည် ဓာတုပစ္စည်းအများဆုံးထွက်ရှိသော အိမ်နီးချင်းစက်မှုဖွံ့ဖြိုးနိုင်ငံကြီးများအကြား တည်ရှိနေသည့်အတွက် တရားမဝင်ဓာတုပစ္စည်းများ တားမြစ်ထိန်းချုပ်ရေးမှာ စိန်ခေါ်မှုတစ်ရပ်ဖြစ်လာခဲ့ပါသည်။ မူးယစ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့အနေဖြင့် ဓာတုပစ္စည်းများတင်သွင်းမှုကို နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ စောင့်ကြပ်ကြည့်ရှုစစ်ဆေး ဆောင်ရွက်လျက်ရှိပါသည်။

"ကြိုတင်ကာကွယ်ခြင်းသည် ကုသခြင်းထက်ပို၍ကောင်းသည်" ဆိုသည့် ဆောင်ပုဒ်အတိုင်း မူးယစ်ဆေးဝါးသုံးစွဲမှု ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ထိရောက်အောင်ဆောင်ရွက်နိုင်မှ အနာဂတ်လူငယ်များ၏ဘဝ ကောင်းမွန်လာမည်ဖြစ်ပါသည်။ လူငယ်များသည် နိုင်ငံ၏အနာဂတ်ဖြစ်သည်နှင့်အညီ မူးယစ်ဆေးဝါးသုံးစွဲမှုမှ ကင်းဝေးစေရေးအတွက် အသိပညာပေးရေးလုပ်ငန်းများကို ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနမှ တာဝန်ယူဆောင်ရွက်ပေးလျက်ရှိပါသည်။ ပြည်သူမှပြည်သူသို့ အသိပညာပေးခြင်းနှင့် စောင့်ကြည့်ခြင်းသည် ပိုမိုထိရောက်မှုရှိသဖြင့် လူမှုအသိုက်အဝန်းနှင့် ဒေသခံပြည်သူများ၏ ပူးပေါင်းပါဝင်မှုသည်လည်း အထူးလိုအပ်လျက်ရှိပါသည်။

မူးယစ်ဆေးသုံးစွဲသူများသည် အလုပ်လုပ်နိုင်သူ လူငယ်လူရွယ်များဖြစ်သဖြင့် နိုင်ငံ၏ ကုန်ထုတ်စွမ်းအားကို လျော့ကျစေလျက်ရှိပါသည်။ မူးယစ်ဆေးသုံးစွဲမှုကြောင့် ဖြစ်ပေါ်လာသည့် ကျန်းမာရေးဆိုင်ရာ နောက်ဆက်တွဲပြဿနာများသည် ကျန်းမာရေးနှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို အဟန့်အတားဖြစ်စေပါသည်။ မူးယစ်ဆေးစွဲရောဂါသည် ကုသ၍ရသော ရောဂါတစ်ခုဖြစ်သည်နှင့်အညီ ကုသရေးလုပ်ငန်းများကို ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ဆောင်ရွက်ပေးလျက်ရှိသလို ဆေးဖြတ်ပြီးသူများကို လူ့အသိုက်အဝန်းအတွင်း ပြန်လည်ဝင်ဆံ့နိုင်ရေးအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ တာဝန်ယူဆောင်ရွက်ပေးလျက်ရှိပါသည်။

နိုင်ငံတော်အစိုးရသည် ပြည်သူလူထုအကျိုးစီးပွားကို မျှော်ကိုးပြီး ကုန်ဈေးနှုန်းတည်ငြိမ်စေရန်အတွက် ကုန်စည်စီးဆင်းမှုလမ်းကြောင်းများအား လျင်မြန်ချောမွေ့စေရေး ဦးစားပေးဆောင်ရွက်နေမှုအပေါ် အခွင့်ကောင်းယူပြီး မူးယစ်ဆေးဝါးသယ်ဆောင်ရောင်းဝယ်မှုများကို ပြုလုပ်လျက်ရှိပါသည်။ တစ်ကမ္ဘာလုံး COVID-19 ရောဂါ ကူးစက်ခံနေရချိန်တွင် ၎င်းအခြေအနေအား အသုံးချကာ မူးယစ်ဆေးဝါး ထုတ်လုပ်သယ်ဆောင်ရောင်းဝယ်မှုများ ပြုလုပ်နေဆဲဖြစ်ပါသည်။ ဖမ်းဆီးရမိမှုများနှင့် ရရှိထားသော သတင်းများအရ မူးယစ်ဆေးဝါးများ တိုးမြှင့်ထုတ်လုပ်နေဆဲဖြစ်သည်မှာ ဝမ်းနည်းဖွယ်ကောင်းလှပါသည်။

မူးယစ်ဆေးဝါးထုတ်လုပ်သယ်ဆောင် ရောင်းဝယ်သူများသည် လူသားများ၏ ဘဝရှင်သန်ရပ်တည်ရေးကို မျက်ကွယ်ပြုပြီး မိမိကိုယ်ကျိုးကိုသာကြည့်သည့် ဝိသမလောဘသားများ ဖြစ်သောကြောင့် လူသားမျိုးနွယ်စုတစ်ခုလုံး၏ ရန်သူများဖြစ်ကြပါသည်။ မည်သည့်လူမျိုး၊ ဘာသာဝင်ဖြစ်ပါစေ လူသားများ၏အကျိုးကိုရှေးရှု၍ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ပေးခြင်းဖြင့် လူသားမျိုးနွယ်စုတစ်ခုလုံး၏ အကျိုးကို စောင့်ရှောက်ရမည်ဖြစ်ပါသည်။

မိမိတို့နိုင်ငံအနေဖြင့် ခေတ်စနစ်နှင့် လိုက်လျောညီထွေဖြစ်စေမည့် အမျိုးသားမူးယစ်ဆေးဝါး ထိန်းချုပ်ရေးမူဝါဒသစ်ကို ရေးဆွဲထုတ်ပြန်ခဲ့ပြီး ၁၉၉၃ ခုနှစ် မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေကိုလည်း ပြစ်မှုပြစ်ဒဏ်များညီမျှစေရန် ပြန်လည်ရေးဆွဲခဲ့ပါသည်။ မူဝါဒကို ဖော်ဆောင်မည့် အမျိုးသားအဆင့် မဟာဗျူဟာစီမံချက်ကိုလည်း ချမှတ်အတည်ပြုခဲ့ပါသည်။ သို့သော် မြန်မာနိုင်ငံအပါအဝင် တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် ကြုံတွေ့နေရသော COVID-19 ရောဂါအခြေအနေကြောင့် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခြင်း မရှိသေးသော်လည်း ရောဂါထိန်းချုပ်နိုင်သည့် အခြေအနေပေါ်မူတည်ပြီး ဒေသအလိုက် လုပ်ငန်းစီမံချက်များကို ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်သွားရမည်ဖြစ်ပါသည်။

မြန်မာနိုင်ငံသည် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံဖြစ်သည်နှင့်အညီ မူးယစ်ဆေးဝါးထိန်းချုပ်ရေးလုပ်ငန်းများကို အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများ၊ အာဆီယံနိုင်ငံများ၊ ဒေသအပြင်ဘက်နိုင်ငံများ၊ ဘင်းစ်စတက်အဖွဲ့ဝင်နိုင်ငံများ၊ မဟာမဲခေါင်ဒေသခွဲနိုင်ငံများနှင့် ပူးပေါင်း၍ နိုင်ငံတကာမျက်နှာစာ၌ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိပါသည်။

ခေတ်အဆက်ဆက်အစိုးရများသည် နိုင်ငံရေးစနစ်အမျိုးမျိုးကို ပြောင်းလဲကျင့်သုံးခဲ့သော်လည်း မူးယစ်ဆေးဝါးပြဿနာကို ဘုံရန်သူအဖြစ် သတ်မှတ်ပြီး တိုက်ဖျက်ချေမှုန်းခဲ့ကြပါသည်။ အချို့နိုင်ငံများသည် မူးယစ်ဆေးဝါးပြဿနာနှင့် နိုင်ငံရေးကို ရောထွေးဆောင်ရွက်နေသည်ကို စိတ်မကောင်းဖွယ်ရာ တွေ့ရှိရပါသည်။ မည်သို့ပင်ဖြစ်စေ မိမိတို့နိုင်ငံအနေဖြင့် မူးယစ်ဆေးဝါးပြဿနာများကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် သန္နိဋ္ဌာန်ချမှတ်၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

နိုင်ငံတော်အစိုးရသည် မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေးအတွက် နိုင်ငံတကာအဖွဲ့အစည်းများ၊ မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ဆောင်ရွက်နေသလို နိုင်ငံတွင်း မူးယစ်ဆေးဝါးထိန်းချုပ်ရေးလုပ်ငန်းများကို ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပါသည်။ နိုင်ငံသူနိုင်ငံသားများအနေဖြင့်လည်း မူးယစ်ဆေးဝါးအန္တရာယ်ကို ဘုံပြဿနာအဖြစ်ခံယူပြီး အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ပူးပေါင်းပါဝင်ကူညီဆောင်ရွက်ကြရန်ဖြစ်ပါသည်။

ယခုနှစ်တွင် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ ဆောင်ပုဒ်ဖြစ်သော **"Share Facts on Drugs. Save Lives." "မူးယစ်ဆေးဝါး ကင်းစင်ဖို့၊ အသိပညာဖြန့်ဝေစို့"** ဆိုသည့်အတိုင်း ဘက်ပေါင်းစုံ အသိပညာတိုးပွားစေခြင်းဖြင့် မူးယစ်ဆေးဝါးကင်းစင်သည့် လူမှုဘဝများကို တည်ဆောက်သွားကြရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

# ၂၀၂၁ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် အသက် ၂၁ နှစ်အောက်(အမျိုးသား) ဘောလုံးပြိုင်ပွဲများ ဆက်လက်ကျင်းပ





**နေပြည်တော် ဇွန် ၂၅**

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသော ၂၀၂၁ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် အသက် ၂၁ နှစ်အောက် (အမျိုးသား)ဘောလုံးပြိုင်ပွဲများကို နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစား လေ့ကျင့်ရေးကွင်းများ၌ ဆက်လက်ကျင်းပသည်။

ပြိုင်ပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးစောဒန်နီယယ်၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်၊ အားကစားနှင့်ကာယပညာဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ ဖြစ်ကြသော ဦးကျော်ဆန်း၊ ဦးကျော်ဦး၊ ညွှန်ကြားရေးမှူးများနှင့် ဘောလုံးဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးခဲ့ကြသည်။

**အသီးသီးအနိုင်ရရှိ**

ယနေ့ပွဲစဉ်များအဖြစ် နံနက် ၇ နာရီတွင် ဝဏ္ဏသိဒ္ဓိအားကစား လေ့ကျင့်ရေးကွင်း(၃)တွင် ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် ကရင်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ရန်ကုန်တိုင်းဒေသကြီး အသင်းမှ သုံးဂိုး-တစ်ဂိုးဖြင့်လည်းကောင်း၊ ညနေ ၄ နာရီတွင် ဝဏ္ဏသိဒ္ဓိ အားကစားလေ့ကျင့်ရေးကွင်း(၁)နှင့် ကွင်း(၃)တို့တွင် မွန်ပြည်နယ်အသင်းနှင့် တနင်္သာရီတိုင်းဒေသကြီး အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မွန်ပြည်နယ်အသင်းက နှစ်ဂိုး-ဂိုး(မရှိ) ဖြင့်လည်းကောင်း၊ မကွေးတိုင်းဒေသကြီးအသင်းနှင့် ကယားပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မကွေးတိုင်းဒေသကြီးအသင်းက သုံးဂိုး-နှစ်ဂိုးဖြင့်လည်းကောင်း အသီးသီးအနိုင်ရရှိသည်။

ဇွန် ၂၆ ရက် ပွဲစဉ်များအဖြစ် ညနေ ၃ နာရီခွဲတွင် ဝဏ္ဏသိဒ္ဓိ အားကစားလေ့ကျင့်ရေးကွင်း(၁)တွင် နေပြည်တော်အသင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးအသင်း၊ ဝဏ္ဏသိဒ္ဓိအားကစားလေ့ကျင့်ရေးကွင်း(၃)တွင် မန္တလေးတိုင်းဒေသကြီးအသင်းနှင့် ဧရာဝတီတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားသွားကြမည်ဖြစ်ရာ ဘောလုံးအားကစားနည်းကို စိတ်ပါဝင်စားသော မိဘပြည်သူများအနေဖြင့် အခမဲ့လာရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**



# နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် ဇွန် ၂၅**

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံး၏ ၂၀၂၁ ခုနှစ် မိုးရာသီသစ်ပင် စိုက်ပျိုးပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ရုံးပတ်ဝန်းကျင်၌ ကျင်းပရာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌနှင့် ခုံရုံးအဖွဲ့ဝင်များ၊ အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ခရေပင်နှင့် ကုက္ကိုပင်များကို စိုက်ပျိုးခဲ့ကြပြီး ဝန်ထမ်းများ၏ သစ်ပင်စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ယခုနှစ် မိုးရာသီသစ်ပင် စိုက်ပျိုးပွဲ၌ လမ်းဘေးဝဲယာများတွင် အမြဲတမ်းစိမ်းလန်းစိုပြည်စေရေးအတွက် အရိပ်ရအပင်များဖြစ်ကြသော ကုက္ကို၊ ကံ့ကော်၊ စကားဝါ၊ သင်းဝင်၊ ပုန်းညက်၊ ပိတောက်၊ ခရေ၊ စိန်ပန်းဝါ၊ မဟော်ဂနီနှင့် ငုဝါ စသည့် အပင်ပေါင်း ၃၁၀ ကို စိုက်ပျိုးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနရှိ သင်္ဘောကျင်းနေရာများ ကြည့်ရှုစစ်ဆေး



**နေပြည်တော် ဇွန် ၂၅**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းသည် ဇွန် ၂၄ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်မြို့ရှိ ဒဂုံဆိပ်ကမ်း သင်္ဘောကျင်း၊ ဒေါပုံ သင်္ဘောကျင်း၊ စက်ဆန်းသင်္ဘောကျင်း၊ သိမ်ဖြူ သင်္ဘောကျင်း၊ ဒလသင်္ဘောကျင်းနှင့် အံ့ကြီးသင်္ဘောကျင်းနေရာများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးလက်အောက်ရှိ ဒဂုံဆိပ်ကမ်းသင်္ဘောကျင်းရောခန်းမသို့ ရောက်ရှိပြီး သင်္ဘောကျင်းမှ အရာထမ်း၊ အမှုထမ်းများနှင့် တွေ့ဆုံသည်။

**မှာကြား**

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက မိမိတို့ ဝန်ကြီးဌာနအောက်ရှိ ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးသည် စီးပွားရေးလုပ်ငန်းအဖွဲ့အစည်း ဖြစ်သည်နှင့်အညီ လုပ်ငန်းများဆောင်ရွက်ရာတွင် အမြတ်အစွန်းရရှိရေး၊ လုပ်ငန်းများအောင်မြင်စေရေး နည်းလမ်းရှာ၍ ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အသုံးစရိတ်များကိုလည်း လျှော့ချဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဝန်ထမ်းများအနေဖြင့် ပါတီနိုင်ငံရေးကင်းရှင်းစွာဖြင့် ဝန်ထမ်းစည်းကမ်းများကို လိုက်နာဆောင်ရွက်ရမည်ဖြစ်ကြောင်း။

အရေးပေါ်ကာလအတွင်း အခက်အခဲအကျပ်အတည်းများ တွေ့ကြုံချိန်များတွင် တာဝန်ကျေပွန်စွာ ဆောင်ရွက်ပေးခဲ့သည့် ဝန်ထမ်းများကို အသိအမှတ်ပြုပါကြောင်း၊ ကိုဗစ်-၁၉ ကာလ ရောဂါကူးစက်ပြန့်ပွားမှုများပြားနေခြင်းကြောင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် ကျန်းမာရေးဆိုင်ရာ စည်းကမ်းများအတိုင်း တိကျစွာ လိုက်နာဆောင်ရွက်ကြရန်လိုကြောင်းနှင့် မိမိလုပ်ငန်းနေရာများလုံခြုံမှုရှိစေရေး၊ လုံခြုံရေး တာဝန်ကျဝန်ထမ်းများက စနစ်တကျ စစ်ဆေးစောင့်ကြပ်ရန် လိုအပ်ကြောင်း မှာကြားသည်။

ထို့နောက် တာဝန်ရှိသူများက လုပ်ငန်း အကောင်အထည်ဖော် ဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များမှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဒဂုံဆိပ်ကမ်းသင်္ဘောကျင်းဝင်းအတွင်း တန် ၁၅၀၀ တွဲရေယာဉ်သစ်နှစ်စင်း တည်ဆောက်နေမှုနှင့် လွန်းကျင်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာန အောက်ရှိ ဒေါပုံသင်္ဘောကျင်းနှင့် မြန်မာ့ဆိပ်ကမ်း အာဏာပိုင်အောက်ရှိ စက်ဆန်း သင်္ဘောကျင်းတို့ကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများ၏ ရှင်းလင်းပြသမှုအပေါ် ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ မှာကြားသည်။

**လှည့်လည်ကြည့်ရှု**

ယင်းနောက် စက်ဆန်း (မေတ္တာမွန်)ဝင်းအတွင်း ရှိ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၏ ဝန်ထမ်းအိမ်ရာနှင့် ဆက်စပ်အဆောက်အအုံများ တည်ဆောက်ခြင်း လုပ်ငန်းဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

ဆက်လက်၍ သိမ်ဖြူသင်္ဘောကျင်း၊ ဒလ သင်္ဘောကျင်းတို့ကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက သင်္ဘောကျင်းနှင့် ပတ်သက်သည့်အချက်အလက်များကို ရှင်းလင်းတင်ပြပြီး လွန်းကျင်းများ၊ ရုံးအဆောက်အအုံများ၊ ရေယာဉ်များ လွန်းကျင်းတင် တည်ဆောက်နေမှုများကို လိုက်လံရှင်းလင်းပြသရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ မှာကြားသည်။

ထို့နောက် အံ့ကြီးသင်္ဘောကျင်း လွန်းတင်နေရာများကို ရေယာဉ်ဖြင့် ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလောဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# မြောက်ဦးယဉ်ကျေးမှုအမွေအနှစ်ဒေသကို ကမ္ဘာ့အမွေအနှစ်စာရင်းတင်သွင်းရေး ညှိနှိုင်းအစည်းအဝေးကျင်းပ



**ရန်ကုန် ဇွန် ၂၅**

မြောက်ဦးယဉ်ကျေးမှုအမွေအနှစ်ဒေသ ကမ္ဘာ့အမွေအနှစ်စာရင်း တင်သွင်းရေးအတွက် ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ ရန်ကုန်ဌာနခွဲ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**ကြိုးပမ်းဆောင်ရွက်လျက်ရှိ**

အစည်းအဝေးတွင် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုက အမျိုးသားယဉ်ကျေးမှုအမွေအနှစ်များကို မပျက်စီးမပျောက်ပျက်စေရန် ထိန်းသိမ်းဆောင်ရွက်နေသကဲ့သို့ သတ်မှတ်စံနှုန်းများနှင့် ကိုက်ညီသည့် အမွေအနှစ်များကို ကမ္ဘာ့အမွေအနှစ်ဖြစ်စေရန်နှင့် ကျောက်စာ၊ ခေါင်းလောင်းစာ စသည့် ထူးခြားထင်ရှားသည့် မှတ်တမ်းများကိုလည်း ကမ္ဘာ့အထင်ကရမှတ်တမ်း အမွေအနှစ်များဖြစ်ရန်အတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် သတ်မှတ်ချက်နှင့်အညီ လိုအပ်နေသည့် အဆောက်အအုံ ဆောက်လုပ်ရာတွင် လိုက်နာရမည့် စည်းမျဉ်း (Building by laws)၊ လမ်းညွှန်ချက်မူဘောင်နှင့် ကန့်သတ်ချက်တို့ကို တိကျစွာ လိုက်နာရမည့် စည်းမျဉ်း စည်းကမ်းဖြစ်ရန်နှင့် ဆက်စပ်ဝန်ကြီးဌာနများ၊ ဒေသခံများနှင့် ဒေသအုပ်ချုပ်ရေးအဖွဲ့တို့အနေဖြင့် ကျေကျေလည်လည် နားလည်လက်ခံသဘောတူရန် လိုအပ်ကြောင်း။

**အချိန်မီတင်ပြနိုင်ရန် အရေးကြီး**

မြောက်ဦးဒေသ ယဉ်ကျေးမှုအမွေအနှစ်များသည် သမိုင်းတန်ဖိုးကြီးမားသည့်အပြင် အမွေအနှစ်များ၏ လက်ရာ၊ ဗိသုကာတည်ဆောက်ပုံအရ တန်ဖိုးဖြတ်၍မရနိုင်သည့် ထူးခြားထင်ရှားသည့် အမွေအနှစ် အရင်းအမြစ်များကို ဒေသခံများက ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြစေလိုကြောင်း၊ မြောက်ဦးဒေသ ကမ္ဘာ့အမွေအနှစ်စာရင်း တင်သွင်းရေးအတွက် အဆိုပြုစာတွဲအပြည့်အစုံ (Nomination Dossier Complete)ကို ကမ္ဘာ့အမွေအနှစ် ကော်မတီသို့ ၂၀၂၂ ခုနှစ် ဇန်နဝါရီလအတွင်း အချိန်မီတင်ပြနိုင်ရန် အရေးကြီးကြောင်း။

အဆိုပြုစာတွဲ (Nomination Dossier)၊ ဘက်စုံလွှမ်းခြုံသော စီမံခန့်ခွဲရေးမူဘောင် (Integrated Management Framework)၊ Plan of Action နှင့် Sectorial Plan ခြောက်ခုတို့ကို Update ပြုလုပ်ရန်၊ Database အဖွဲ့မှ လိုအပ်သည့် Data များ ကောက်ယူ ရန်နှင့် GIS Team မှ လိုအပ်သည့် မြေပုံများ ဆက်လက်ရေးဆွဲရန် လုပ်ငန်းများ ဆောင်ရွက်ရန် ကျန်ရှိနေသည့်အတွက် မြောက်ဦးယဉ်ကျေးမှုအမွေအနှစ်ဒေသ ကမ္ဘာ့အမွေအနှစ်စာရင်းတင်သွင်းရေးလုပ်ငန်း ဆောင်ရွက်နေသူများအားလုံးက အချိန်မီပြီးစီးအောင် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြရန် ပြောကြားသည်။

**ကဏ္ဍအလိုက်ရှင်းလင်းတင်ပြ**

ဆက်လက်၍ ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသိန်းလွင်၊ ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးလွင်၊ မြောက်ဦးဌာနခွဲ ညွှန်ကြားရေးမှူး ဦးစိုးစိုးလင်းနှင့် မြောက်ဦးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူးတို့က ကဏ္ဍအလိုက် ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီး ဦးထွန်းအုံနှင့် တာဝန်ရှိသူများက ဆွေးနွေးတင်ပြချက်များအပေါ် ဖြည့်စွက်ဆွေးနွေးကြပြီး ပြည်ထောင်စုဝန်ကြီး ဦးကိုကိုက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အမျိုးသားအဆင့် ပြန်ပြည့်မြဲစွမ်းအင်ဆိုင်ရာကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ



**နေပြည်တော် ဇွန် ၂၅**

အမျိုးသားအဆင့် ပြန်ပြည့်မြဲစွမ်းအင်ဆိုင်ရာ ကော်မတီ (NREC) လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ရုံးအမှတ် ၂၇ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ အမျိုးသားအဆင့် ပြန်ပြည့်မြဲစွမ်းအင်ဆိုင်ရာ ကော်မတီဥက္ကဋ္ဌ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်သန်းဦး၊ ဒုတိယဥက္ကဋ္ဌ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးခင်မောင်ရီ၊ ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦးနှင့် ကော်မတီအဖွဲ့ဝင်များ တက်ရောက်ကြသည်။

**အရေးပါသည့်အခန်းကဏ္ဍတစ်ခု**

ရှေးဦးစွာ အမျိုးသားအဆင့် ပြန်ပြည့်မြဲစွမ်းအင်ဆိုင်ရာကော်မတီဥက္ကဋ္ဌ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်သန်းဦးက နိုင်ငံတော်၏ လျှပ်စစ်နှင့် စွမ်းအင်လိုအပ်ချက်ကို ပြည့်မီစွာ ဖြည့်ဆည်းပေးနိုင်ရေး ဆောင်ရွက်ရာတွင် သဘာဝပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်ပြီး လူမှုပတ်ဝန်းကျင်အပေါ် ထိခိုက်မှုနည်းပါးသည့် ပြန်ပြည့်မြဲစွမ်းအင် (Renewable Energy) ကို တိုးမြှင့်အသုံးပြုနိုင်ရေးသည်လည်း အရေးပါသည့်အခန်းကဏ္ဍတစ်ခုဖြစ်ပါကြောင်း။

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌကလည်း ရေအားလျှပ်စစ်နှင့် ပြန်ပြည့်မြဲစွမ်းအင်ဖြင့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်နိုင်ရေး ဦးစားပေးဆောင်ရွက်သွားရန် မူဝါဒများချမှတ်ပေးထားသဖြင့် ယခုကျင်းပသည့် NREC အစည်းအဝေးသည် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ တာဝန်ယူသည့်ကာလတွင် ပထမအကြိမ်ကျင်းပသည့် အစည်းအဝေးဖြစ်သည့်အတွက် ရှေ့ဆက်ဆောင်ရွက်နိုင်မည့် Meeting Outcomes များရရှိရေး သက်ဆိုင်ရာဝန်ကြီးဌာန/ အဖွဲ့အစည်းများက ဆောင်ရွက်နေသည့် လုပ်ငန်းများအပေါ် ပါဝင်ဆွေးနွေး အကြံပြုကြရန် မေတ္တာရပ်ခံလိုပါကြောင်း။

နိုင်ငံအတွင်း လျှပ်စစ်ဓာတ်အားလိုအပ်ချက်မှာ နှစ်စဉ် ၁၅ ရာခိုင်နှုန်းခန့် တိုးတက်လျက်ရှိပြီး ၂၀၂၁ ခုနှစ် ဇွန် ၄ ရက်တွင် နိုင်ငံတော် ဓာတ်အားစနစ်၏ အမြင့်ဆုံးဝန်အား သုံးစွဲမှု (Peak Load) အနေဖြင့် ၃၈၇၄ ဒသမ ၅၃ မဂ္ဂါဝပ်ရှိခဲ့ပြီး ရေအားလျှပ်စစ်မှ ၁၇၈၃ ဒသမ ၄၆ မဂ္ဂါဝပ်၊ အပူစွမ်းအင်သုံး ဓာတ်အားပေးစက်ရုံများမှ ၂၀၆၄ ဒသမ ၃ မဂ္ဂါဝပ်နှင့် နေရောင်ခြည်စွမ်းအင်သုံးဓာတ်အားပေးစက်ရုံမှ ၂၆ ဒသမ ၇၇ မဂ္ဂါဝပ် ထုတ်လုပ်ပေးနိုင်ခဲ့ပါကြောင်း၊ လက်ရှိဓာတ်အားစနစ်တွင် ဓာတ်အားထုတ်လုပ်မှု အရင်းအမြစ် အချိုးအစား (Generation Mix) အနေဖြင့် ရေအား (Hydropower) မှ ၄၇ ဒသမ သုညရာခိုင်နှုန်း၊ နေရောင်ခြည်စွမ်းအင် (Solar and RE) ဖြင့် သုည ဒသမ ၆ ရာခိုင်နှုန်း၊ အပူစွမ်းအင် (Gas+ LNG+ Coal) မှ ၅၂ ဒသမ ၄ ရာခိုင်နှုန်းဖြစ်ပါကြောင်း၊ လက်ရှိအချိန်ထိ လျှပ်စစ်ဓာတ်အားရရှိမှုအချိုး (Electrification Ratio) ၆၀ ဒသမ ၆ ရာခိုင်နှုန်းကျော် ရရှိသုံးစွဲနေကြပြီ ဖြစ်ပါကြောင်း။

**ရည်မှန်းအကောင်အထည်ဖော်**

NREC ကော်မတီ၏ ကြိုးပမ်းဆောင်ရွက်မှုများသည် လျှပ်စစ်ကဏ္ဍတွင် ပြန်ပြည့်မြဲစွမ်းအင်မှ ဓာတ်အားတိုးတက် ထုတ်လုပ်နိုင်ရေးနှင့် Green Growth, Green Energy, Green Economy ဖြစ်စေရေးတွင် တတ်စွမ်းသမျှ ပါဝင်ဆောင်ရွက်ခွင့်ရရှိနေခြင်းလည်းဖြစ်ပါကြောင်း၊ Renewable Energy နှင့် စပ်လျဉ်း၍ ASEAN တွင်လည်း သတ်မှတ်ချက်များရှိနေပြီး ဒေသတွင်း Total Primary Energy Supply (TPES) တွင် RE ကဏ္ဍအနေဖြင့် ၂၀၂၅ ခုနှစ်မှာ ၂၃ ရာခိုင်နှုန်းအထိ ပါဝင်ရန်နှင့် ASEAN ၏ လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုတွင် RE ကဏ္ဍအနေဖြင့် ၂၀၂၅ ခုနှစ်တွင် ၃၅ ရာခိုင်နှုန်းအထိ ပါဝင်နိုင်ရေး ရည်မှန်းအကောင်အထည်ဖော် ဆောင်ရွက်သွားကြရန်ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ NREC ကော်မတီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီးများနှင့် အစည်းအဝေးတက်ရောက်လာသူများက မိမိတို့ကဏ္ဍအလိုက် ဆွေးနွေးခဲ့ကြပြီး အမျိုးသားအဆင့် ပြန်ပြည့်မြဲစွမ်းအင်ဆိုင်ရာ ကော်မတီဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

(၃၄)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ ဂုဏ်ပြုဆောင်းပါး

# တစ်မျိုးသားလုံးမူးယစ်အန္တရာယ်ကင်းစင်ဖို့ ဝိုင်းဝန်းကာကွယ်တားဆီးစို့

မောင်သင်းပျံ့
ဓာတ်ပုံ-ဇွဲမာန်

(ယမန်နေ့မှအဆက်)

**ပြောင်းလဲလာသောနည်းပညာနှင့်အညီ**

မြန်မာနိုင်ငံအနေဖြင့် ဒေသတွင်းနိုင်ငံများနှင့် လန်ချန်း-မဲခေါင်ဒေသအဖွဲ့ဝင်နိုင်ငံများ၊ နိုင်ငံတကာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး အဖွဲ့အစည်းများဖြင့် သတင်းဖလှယ်ပူးပေါင်းဆောင်ရွက်လျက် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး လုပ်ငန်းများကိုတိုးမြှင့်ဆောင်ရွက်လျက်ရှိသည်။ တစ်ချိန်တည်းတွင် မူးယစ်ဆေးဝါးထုတ်လုပ်သူများနှင့် တရားမဝင်လုပ်ကိုင်သောပညာရှင်တို့သည် ဒေသတွင်းနှင့် ဒေသအပြင်ဘက်မှ ရောက်ရှိ၍ နိုင်ငံဖြတ်ကျော် မူးယစ်ဆေးဝါးဂိုဏ်းများနှင့် ပါဝင်ပတ်သက်ကာ မူးယစ်ဆေးဝါးထုတ်လုပ်မှုတွင် တစ်နှစ်ထက်တစ်နှစ်မြင့်မားလျက်ရှိသည်။ မူးယစ်ဆေးဝါးထုတ်လုပ်မှု နည်းစနစ်နှင့် သယ်ဆောင်ရောင်းဝယ်မှု နည်းစနစ်တို့မှာ အချိန်နှင့်အမျှ နည်းပညာမြင့်မားလာလျက်ရှိရာ ရှာဖွေထောက်လှမ်း ဖမ်းဆီးရာ၌ နည်းပညာမြင့်မားသောထောက်ပံ့ရေးပစ္စည်းများဖြင့် တန်ပြန်ရှာဖွေဖော်ထုတ်မှုသည် အိုင်တီနည်းပညာခေတ်တွင် အဓိကလိုအပ်လာလျက်ရှိသည်။ နိုင်ငံတော်အစိုးရအနေဖြင့် ၎င်းလိုအပ်ချက်ကို ဖြည့်ဆည်းပေးလျက်ရှိပြီး Mobile X-Ray ယာဉ်များ၊ Portable X-Ray စက်များ၊ ဓာတုပစ္စည်းများစစ်ဆေးသည့် ပစ္စည်းကိရိယာများအပါအဝင် ခေတ်မီနည်းပညာ အထောက်အကူပြုပစ္စည်းများကိုပြောင်းလဲလာသော နည်းပညာနှင့်အညီ နှစ်စဉ်ဖြည့်ဆည်းပေးလျက်ရှိသောကြောင့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းတွင် များစွာအထောက်အပံ့ ဖြစ်စေလျက်ရှိသည်။

**မီးရှို့ဖျက်ဆီး**

၂၀၂၀ ပြည့်နှစ်တွင် မြန်မာတစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အမေရိကန်ဒေါ်လာ ၁ ဒသမ ၀၇၉ ဘီလီယံနှင့်ညီမျှသော မြန်မာကျပ်ငွေ ၁၄၃၆ ဒသမ ၃၄၁ ဘီလီယံတန်ဖိုးရှိ မူးယစ်ဆေးဝါးအမျိုးအစား ၁၁၉ မျိုးကို ဖမ်းဆီးနိုင်ခဲ့သည်။ ၂၀၂၀ ပြည့်နှစ် ဇွန်လ ၂၆ ရက်နေ့တွင်ကျရောက်သော (၃၃)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့တွင် ရန်ကုန်မြို့၌ ကျပ် ၂၀၈ ဒသမ ၈၆၉၉ ဘီလီယံ၊ မန္တလေးမြို့တွင် ကျပ် ၅၉ ဒသမ ၁၃၀၃ ဘီလီယံ၊ တောင်ကြီးမြို့တွင် ကျပ် ၃၃၇ ဒသမ ၃၈၄၇ ဘီလီယံ၊ လားရှိုးမြို့တွင် ကျပ် ၆၀၈ ဒသမ ၉၄၇၉၇ ဘီလီယံ၊ ကွတ်ခိုင်မြို့၌ ကျပ် ၃ ဒသမ ၃၇၈၉၄ ဘီလီယံတန်ဖိုးရှိ မူးယစ်ဆေးဝါးနှင့် ဓာတုပစ္စည်းတို့ကို မီးရှို့ဖျက်ဆီးခဲ့ရာ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကျပ် ၁၂၁၇ ဒသမ ၇၁၁၈ ဘီလီယံ (အမေရိကန်ဒေါ်လာ ၈၁၉ ဒသမ ၈၀၁၂ သန်း)တန်ဖိုးတို့ကို မီးရှို့ဖျက်ဆီးနိုင်ခဲ့သည်။ ၂၀၂၀ ပြည့်နှစ်သည် စံချိန်တင်ဖမ်းဆီးမီးရှို့ဖျက်ဆီးနိုင်ခဲ့သောနှစ်ဖြစ်ပြီး ယခုနှစ်တွင်လည်း ရန်ကုန်မြို့၌ ကျပ် ၃၂၀ ဒသမ ၁၆၂၃ ဘီလီယံ၊ မန္တလေးမြို့တွင် ကျပ် ၁၈၆ ဒသမ ၀၃၇၇ ဘီလီယံ၊ တောင်ကြီးမြို့တွင် ကျပ် ၅၆၂ ဒသမ ၄၆၀၅ ဘီလီယံတန်ဖိုးရှိ မူးယစ်ဆေးဝါးနှင့် ဓာတုပစ္စည်းတို့ကို မီးရှို့ဖျက်ဆီးမည်ဖြစ်ရာ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကျပ် ၁၀၆၈ ဒသမ ၆၆ ဘီလီယံ (အမေရိကန်ဒေါ်လာ ၆၆၇ ဒသမ ၉၁၂၉ သန်း) တန်ဖိုးရှိ မူးယစ်ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းတို့ကို မီးရှို့ဖျက်ဆီးမည်ဖြစ်သည်။



ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်နှင့် တာဝန်ရှိသူများ ၂၀၂၀ ပြည့်နှစ် ဇွန် ၂၆ ရက်တွင် ကျရောက်သော အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့တွင် ကွတ်ခိုင်မြို့၌ ထိန်းချုပ်ဓာတုပစ္စည်းများကို ဖျက်ဆီးစဉ်။

**မျိုးဆက်သစ်တို့ကိုအသိပညာပေး**

မူးယစ်ဆေးဝါးပြဿနာလျှော့ချရေးတွင် ကြိုတင်ကာကွယ်ရေးသည် အထိရောက်ဆုံးဖြစ်သောကြောင့် လူငယ်မျိုးဆက်သစ်တို့ မူးယစ်ဆေးဝါး၏ အန္တရာယ်ကိုသိရှိနိုင်ရန် အသိပညာပေးလုပ်ငန်းများကို ပြန်ကြားရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့က စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိသည်။ မူးယစ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့နှင့် UNODC တို့ပူးပေါင်း၍ "မူးယစ်ဆေးဝါးသုံးစွဲမှုကြိုတင်ကာကွယ်ရေးလုပ်ငန်းများ လုပ်ဆောင်မည့်သူတို့အတွက် လမ်းညွှန်စာအုပ်"ကို ပြုစုရေးသား၍ နိုင်ငံတစ်ဝန်းသို့ ဖြန့်ဝေခဲ့သည်။ ကျောင်းအခြေပြု၊ ရပ်ရွာအခြေပြု အသိပညာပေးလုပ်ငန်းတို့ကို စီမံချက်ချမှတ်ဆောင်ရွက်ခဲ့ပြီး ၂၀၂၀ ပြည့်နှစ်အတွင်း ကျောင်းသားလူငယ်နှင့် ပြည်သူလူထု ၉၀၀၀၀၀ ကျော်ကို အသိပညာပေးခဲ့ရာ ပုံစံအမျိုးမျိုးဖြင့် အသွင်ပြောင်း မူးယစ်ဆေးဝါးများ စိမ့်ဝင်ပျံ့နှံ့လာမှုကို တားဆီးနိုင်ခဲ့ခြင်းသည် လူ့စွမ်းအားအရင်းအမြစ်ကို ထိခိုက်စေမည့်အန္တရာယ်မှ ကြိုတင်ကာကွယ်ခြင်းပင်ဖြစ်သည်။

**ဘိန်းအစားထိုးဖွံ့ဖြိုးရေး**

မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့အောက်တွင် 'အစားထိုးဖွံ့ဖြိုးမှု အကောင်အထည်ဖော်ရေး စီမံခန့်ခွဲမှုအဖွဲ့'က ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပင်လောင်းမြို့နယ်နှင့် နောင်တရားမြို့တွင်၂၀၁၆-၂၀၁၇ ခုနှစ် ဘဏ္ဍာနှစ်မှ ၂၀၁၉-၂၀၂၀ ပြည့်နှစ်ဘဏ္ဍာနှစ်အထိ နိုင်ငံတော်ဘဏ္ဍာငွေဖြင့် အစားထိုးဖွံ့ဖြိုးမှု ရှေ့ပြေးစီမံကိန်းကို ဆောင်ရွက်ခဲ့သည်။ ထိုင်းနိုင်ငံမူးယစ်ဆေးဝါး ထိန်းချုပ်ရေးအဖွဲ့ (ONCB) နှင့် မယ်ဖာ့လုံဖောင်ဒေးရှင်းတို့၏ နည်းပညာအကူအညီဖြင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း၊ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးနှင့်ကုသရေးလုပ်ငန်း၊ စီးပွားဖြစ်သစ်တောနှင့်အသုံးချသစ်တောလုပ်ငန်း၊ တန်ဖိုးမြှင့်ထုတ်ကုန် ထုတ်လုပ်ခြင်းလုပ်ငန်း၊ ပညာရေး၊ ကျန်းမာရေးနှင့် ဒေသခံပြည်သူလူထု၏ လူမှုစီးပွားမြင့်မားရေးအတွက် ဆောင်ရွက်ခဲ့သည်။

အစားထိုးဖွံ့ဖြိုးရေးစီမံကိန်းမှထွက်ရှိသော အရည်အသွေးမီကော်ဖီများ ဈေးကွက်ရရှိရေးအတွက် Green Gold ကော်ဖီစိုက်တောင်သူသမဝါယမအသင်းအား ဖွဲ့စည်းပြီး ပြင်သစ်နိုင်ငံ၊ MALONGO ကော်ဖီကုမ္ပဏီနှင့် ငါးနှစ်အတွင်း တန်ချိန် ၆၀၀ တင်ပို့နိုင်ရေး စာချုပ်ချုပ်ဆိုဆောင်ရွက်ခဲ့ရာ ယနေ့အချိန်အထိ ကော်ဖီ ၁၈၂ တန် တင်ပို့နိုင်ခဲ့သည်။ ၎င်းအပြင် ဈေးကွက်သစ်အဖြစ် ဂျပန်နိုင်ငံသို့ကော်ဖီ သုညဒသမ ၆ တန် တင်ပို့နိုင်ခဲ့သည်။

စာမျက်နှာ ၁၁ သို့



၂၀၂၀ ပြည့်နှစ်အတွင်း မလေးရှားရေပိုင်နက်သို့ ပို့ဆောင်မည့် မူးယစ်ဆေးဝါးများကို လှိုင်လင်မြို့နယ် ဟိုတင့်ကျေးရွာနှင့် အောင်ပန်းမြို့တို့တွင် ဖမ်းဆီးရမိစဉ်။



၂၀၂၀ ပြည့်နှစ်အတွင်း တောင်ငူမြို့နယ်၌ ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများကို တွေ့ရစဉ်။

■ စာမျက်နှာ ၁၀ မှ

### မူးယစ်ဆေးဝါးပြဿနာနှင့် ဖွံ့ဖြိုးတိုးတက်ရေး

နိုင်ငံတိုင်း အဓိကရင်ဆိုင်နေရသော မူးယစ်ဆေးဝါးပြဿနာများမှာ တရားမဝင် မူးယစ်ဆေးဝါး စိုက်ပျိုး၊ ထုတ်လုပ်၊ သယ်ဆောင်ရောင်းဝယ်ခြင်း ပင်ဖြစ်သည်။ မူးယစ်ဆေးဝါးကို စိုက်ပျိုးထုတ်လုပ်ရာ၌ နိုင်ငံရေး၊ စီးပွားရေးနှင့် အခြားသောအခြေခံအကြောင်းတရားများစွာရှိသည့်နည်းတူ မူးယစ်ဆေးဝါး ထုတ်လုပ်မှု၏ အကျိုးဆက်အဖြစ် နိုင်ငံဖြတ်ကျော်ဂိုဏ်းဖွဲ့မှုခင်းများ၊ ငွေကြေးခဝါချမှုများ၊ အကြမ်းဖက်အဖွဲ့များနှင့် အကျင့်ပျက်ခြစားမှုနှင့် ဆက်စပ်နေသော တရားမဝင်လုပ်ငန်းတို့သည် လူသားတို့၏ ဘဝလုံခြုံရေး၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တရားဥပဒေစိုးမိုးရေးကို ခြိမ်းခြောက်လျက်ရှိသည်။ ယနေ့ ကမ္ဘာ့နိုင်ငံအသီးသီးတွင် ဘိန်းဖြူထက် ဆိုးရွားလာသောအန္တရာယ်မှာ လူလုပ်မူးယစ်ဆေးဝါးပြဿနာကို ရင်ဆိုင်လာရခြင်းဖြစ်ပြီး ဓာတုပစ္စည်းများကို အခြေခံ၍ ထုတ်လုပ်ထားသော စိတ်ပြောင်းဆေးဝါးများ ပျံ့နှံ့သုံးစွဲလာမှုသည် ယနေ့ရင်ဆိုင်နေရသော ကိုဗစ်-၁၉ ရောဂါထက် လူ့စွမ်းအားအရင်းအမြစ်ကို ထိခိုက်လာလျက်ရှိသည်။

မြန်မာနိုင်ငံ အနောက်ဘက်နယ်စပ်ဒေသများတွင် စိတ်ကြွရူးသွပ်ဆေးပြားအများအပြား ဖမ်းဆီးရမိခြင်းသည် တောင်အာရှဒေသတွင် ကြီးမားသော မူးယစ်ဆေးဝါးဈေးကွက် ဖြစ်ပေါ်လျက်ရှိသည်။ နိုင်ငံဖြတ်ကျော်ရာဇဝတ်ဂိုဏ်းများ၏ မျက်စိကျရာ အရှေ့တောင်အာရှတွင် မြန်မာနိုင်ငံသည် မူးယစ်ဆေးဝါးစိုက်ပျိုးထုတ်လုပ် သယ်ဆောင်ရောင်းဝယ်ရာ အသုံးချခံဒေသတစ်ခုအဖြစ် နှစ်ပေါင်းများစွာ ရင်ဆိုင်နေရသည်။ နယ်စပ်ဒေသများတွင် ဖွံ့ဖြိုးမှုအားနည်းခြင်း၊ တရားဥပဒေစိုးမိုးမှုအားနည်းခြင်း၊ လမ်းပန်းဆက်သွယ်ရေး ခက်ခဲခြင်းနှင့် နယ်မြေလုံခြုံရေး အခြေအနေတို့ကြောင့် မူးယစ်ဆေးဝါး စိုက်ပျိုးထုတ်လုပ် သယ်ဆောင်ရောင်းဝယ်မှု ကျယ်ပြန့်လာခြင်းသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်တို့ကို ထိခိုက်လျက်ရှိသည်။ ထို့ကြောင့် နိုင်ငံတော်က မူးယစ်ဆေးဝါး ထိန်းချုပ်ရေးလုပ်ငန်းများကို ကဏ္ဍပေါင်းစုံမှ အားသွန်ခွန်စိုက်စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ နယ်စပ်ဒေသများ တည်ငြိမ်အေးချမ်းမှုသည် မူးယစ်ဆေးဝါးပြဿနာကို လျော့ကျစေသောကြောင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်တို့ကို အရှိန်အဟုန်မပျက် ဟန်ချက်ညီစွာဖြင့် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည်ဖြစ်သည်။



၂၀၂၀-၂၀၂၁ ခုနှစ် ဘိန်းစိုက်ရာသီ၌ ရှမ်းပြည်နယ်တောင်ပိုင်း ဆီဆိုင်မြို့နယ်အတွင်း ဘိန်းစိုက်ခင်းများကို ဖျက်ဆီးနေစဉ်။

**ယနေ့အချိန်အထိ ပြန်လည်ထူထောင်ရေးစခန်း ၁၄ ခုအား တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဖွင့်လှစ်ဆောင်ရွက်လျက်ရှိသည်။ ဆေးစွဲလူနာများအား ထိရောက်သော ဆေးကုသပေးခြင်းဖြင့် နောက်ဆက်တွဲအန္တရာယ်များကို လျော့ကျစေပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းကို မြန်ဆန်သွက်လက်စေသောကြောင့် ထိုလုပ်ငန်းနှစ်ခုအောင်မြင်မှုသည် မူးယစ်ဆေးဝါးထိန်းချုပ်ရေးလုပ်ငန်းတွင် အရေးပါသော အခန်းကဏ္ဍတွင် ရပ်တည်လျက်ရှိ။**

### ကုသရေးနှင့်ပြန်လည်ထူထောင်ရေး

မြန်မာနိုင်ငံတွင် ဘိန်းစိုက်ပျိုးမှု ကျဆင်းလာသော်လည်း မူးယစ်ဆေးဝါး သုံးစွဲမှုမြင့်တက်လျက်ရှိရာ ၂၀၂၀ ပြည့်နှစ် ခန့်မှန်းချက်အရ မူးယစ်ဆေးထိုးသွင်း သုံးစွဲသူတို့အကြား HIV ပိုးကူးစက်မှု ၃၄ ဒသမ ၉ ရာခိုင်နှုန်းခန့်ရှိခဲ့သည်။ ယင်းတို့အကြား အသည်းရောင်အသားဝါရောဂါ B ပိုးနှင့် C ပိုး ကူးစက်မှုမှာမြင့်တက်ခဲ့ပြီး B ပိုးကူးစက်မှုမှာ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ၄ ဒသမ ၃ ရာခိုင်နှုန်းမှ ၁၀ ဒသမ ၆ ရာခိုင်နှုန်းနှင့် C ပိုး ကူးစက်မှုမှာ တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် ၂၇ ဒသမ ၄ ရာခိုင်နှုန်းမှ ၈၄ ဒသမ ၅ ရာခိုင်နှုန်းထိ ရှိခဲ့သည်။ မူးယစ်ဆေးစွဲကုသရေးအနေဖြင့် ၂၀၂၀ ပြည့်နှစ်အထိ မူးယစ်ဆေးစွဲကုသရေးဌာနကြီး ၂၉ ခု၊ ဌာနငယ် ၅၆ ခုနှင့် မက်သာဒုံးဆေး တိုက်ကျွေးသောဌာန ၈၉ ခုရှိရာ ကုသရေးလုပ်ငန်းတို့၏ လိုအပ်ချက်ကို တိုးမြှင့်ဖြည့်ဆည်းခြင်းဖြင့် ကုသရေးကဏ္ဍ မြန်ဆန်စွာ အောင်မြင်မှုရရှိမည်ဖြစ်သည်။

ပြန်လည်ထူထောင်ရေးလုပ်ငန်းကို ထိရောက်စွာ ဆောင်ရွက်နိုင်ရန် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်လျက်ရှိပြီး ယနေ့အချိန်အထိ ပြန်လည်ထူထောင်ရေးစခန်း ၁၄ ခုအား တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဖွင့်လှစ်ဆောင်ရွက်လျက်ရှိသည်။ ဆေးစွဲလူနာများအား ထိရောက်သော ဆေးကုသပေးခြင်းဖြင့် နောက်ဆက်တွဲအန္တရာယ်များ လျော့ကျစေပြီး ပြန်လည်ထူထောင်ရေး လုပ်ငန်းကို မြန်ဆန်သွက်လက်စေသောကြောင့် ထိုလုပ်ငန်းနှစ်ခုအောင်မြင်မှုသည် မူးယစ်ဆေးဝါးထိန်းချုပ်ရေး လုပ်ငန်းတွင် အရေးပါသော အခန်းကဏ္ဍမှ ရပ်တည်လျက်ရှိသည်။

### နိုင်ငံတကာစံနှုန်းနှင့်အညီ

မူးယစ်ဆေးဝါးတိုက်ဖျက်ရေးကို နိုင်ငံတကာနှင့် ဒေသတွင်း မူးယစ်ဆန့်ကျင်တိုက်ဖျက်သည့် အဖွဲ့အစည်းများ အပါအဝင် ကုလသမဂ္ဂနှင့်အစိုးရမဟုတ်သောအဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်ခြင်း၊ ဥပဒေနှင့် နည်းဥပဒေတို့ကို ထုတ်ပြန်ခြင်း၊ တရားမဝင်ဘိန်းစိုက်ပျိုးထုတ်လုပ်မှုပပျောက်ရန် ဆောင်ရွက်ခြင်း၊ အသိပညာပေးခြင်း၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် နောက်ဆက်တွဲအန္တရာယ် လျှော့ချခြင်းတို့ကို နိုင်ငံတကာနှင့်လက်တွဲဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံအနေဖြင့် မူးယစ်ဆေးဝါးပြဿနာကို ထိန်းချုပ်နိုင်ရန် နိုင်ငံရေးကတိကဝတ်နှင့်အညီ ဥပဒေ လုပ်ထုံးလုပ်နည်းများ ပိုမိုအားကောင်းလာစေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံသည် မူးယစ်ဆေးဝါး ပပျောက်ရေးကို နိုင်ငံတကာနှင့်ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး ကုလသမဂ္ဂ၏ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများနှင့်ပတ်သက်သည့် ကွန်ဗင်းရှင်း (၃) ရပ်ကို လက်မှတ်ရေးထိုးခဲ့သည်။ ၁၉၆၁ ခုနှစ်တွင် ပြဋ္ဌာန်းသော မူးယစ်ဆေးဝါးဆိုင်ရာ ကွန်ဗင်းရှင်းကို ၁၉၆၁ ခုနှစ် မတ် ၃၀ ရက်တွင်လည်းကောင်း၊ ၁၉၇၁ ခုနှစ်တွင် ပြဋ္ဌာန်းသည့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများ တရားမဝင် သယ်ဆောင်ရောင်းဝယ်မှု တိုက်ဖျက်ရေးဆိုင်ရာကွန်ဗင်းရှင်းကို ၁၉၉၅ ခုနှစ် ဒီဇင်ဘာ ၂၀ ရက်တွင်လည်းကောင်း၊ ၁၉၈၈ ခုနှစ်တွင် ပြဋ္ဌာန်းသည့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ တရားမဝင်သယ်ဆောင်ရောင်းဝယ်မှု တိုက်ဖျက်ရေးဆိုင်ရာ ကွန်ဗင်းရှင်းကို ၁၉၈၈ ခုနှစ် ဒီဇင်ဘာ ၁၂ ရက်တွင်လည်းကောင်း လက်မှတ်ရေးထိုးခဲ့သည်။ ထိုကွန်ဗင်းရှင်းတို့သည် မြန်မာနိုင်ငံတွင် မူးယစ်ဆေးဝါးထိန်းချုပ်ရေးလုပ်ငန်းစဉ်တို့ကို နိုင်ငံတကာစံနှုန်းနှင့်အညီ ဆောင်ရွက်နိုင်ရန် ချမှတ်ထားခြင်းဖြစ်ပြီး မြန်မာနိုင်ငံအနေဖြင့် ထိုစံနှုန်းနှင့်အညီ လိုက်နာဆောင်ရွက်လျက်ရှိသည်။

### ပွင့်သောပန်းတိုင်း လန်းစေလို

နိုင်ငံတော်က တောင်ပေါ်၊ မြေပြန့်မကျန် စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် နယ်စပ်ရေးရာတို့တွင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်တို့ကို ရောင်စုံပန်းခင်းကြီးပမာ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ထိုလုပ်ငန်းများ အောင်မြင်မှုသည် တစ်မျိုးသားလုံး၏ ရန်စွယ်ဖြစ်သော မူးယစ်ဆေးဝါးကင်းစင်ခြင်းနှင့် ငြိမ်းချမ်းရေးပေါ်တွင် မူတည်လျက်ရှိသည်။ မူးယစ်ဆေးဝါးကင်းစင်ရန် နိုင်ငံတော်က ပြည်သူနှင့်အတူ မိတ်ဖက်နိုင်ငံများ၊ ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများနှင့်လက်တွဲ၍ မူးယစ်ရန်စွယ်ကို တွန်းလှန်ကာကွယ်လျက်ရှိသည်။ ရောင်စုံပန်းခင်းပမာလှပလျက်ရှိသော တိုင်းရင်းသားဒေသများတွင် မူးယစ်ဆေးဝါးကို ဘုံရန်သူအဖြစ် ချေမှုန်းရန် ပြည်တွင်းငြိမ်းချမ်းရေးသည် အရေးပါလျက်ရှိသည်။

တရားမဝင်ဘိန်းစိုက်ပျိုးထုတ်လုပ်မှု၊ စိတ်ကြွရူးသွပ်ဆေးဝါး ထုတ်လုပ်မှုနှင့် ထိန်းချုပ်ဓာတုပစ္စည်းများ တင်သွင်းမှုကို ထိန်းချုပ်နိုင်ရန် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတို့ဖြင့် တွေ့ဆုံညှိနှိုင်းလျက်ရှိသည်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ၈ ချက်တွင်လည်း မူးယစ်ဆေးဝါးထိန်းချုပ်ရေးကို ကဏ္ဍတစ်ရပ်အနေဖြင့် ထည့်သွင်းဆောင်ရွက်လျက်ရှိရာ ရောင်စုံပန်းဥယျာဉ်ကြီးပမာ လှပလျက်ရှိသော တိုင်းရင်းသားဒေသများဖွံ့ဖြိုးတိုးတက်မှုသည် မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးကဏ္ဍတွင် အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် အရေးပါလျက်ရှိသည်။ ထို့ကြောင့် ဥယျာဉ်မှူးပမာ ပြုစုပျိုးထောင်ပေးလျက်ရှိသော နိုင်ငံတော်အနေဖြင့် ပွင့်သောပန်းတိုင်းလန်းစေချင်သည်မှာ ဥယျာဉ်မှူးတိုင်း၏ ရင်တွင်းစေတနာပင် ဖြစ်သည်။

### ဝိုင်းဝန်းကာကွယ်တားဆီးစို့

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးတွင် တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့တို့သည် မူးယစ်ဆေးဝါးပပျောက်ရေးကဏ္ဍတွင် နိုင်ငံတကာ အတွေ့အကြုံနှင့် တားဆီးနှိမ်နင်းရေးစွမ်းရည်ပြည့်ဝသောခေါင်းဆောင်ကောင်းတို့၏ ကွပ်ကဲမှုဖြင့် တပ်ဖွဲ့တို့၏ စွမ်းရည်ကို မြင့်တက်စေလျက် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး လုပ်ငန်းတို့တွင် အောင်မြင်မှု ရရှိလာလျက်ရှိသည်။

လူသားမျိုးနွယ် တစ်ရပ်လုံးကို လူညွန့်တုံးစေမည့် မူးယစ်ဆေးဝါး အန္တရာယ် တားဆီးကာကွယ် တိုက်ဖျက်ရေးတွင် ဌာနဆိုင်ရာအသီးသီးနှင့် အဖွဲ့အစည်းများသာမက ပြည်သူလူထုတစ်ရပ်လုံး နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်ရမည့် အချိန်အခါလည်းဖြစ်သည်။ နိုင်ငံတော်၏အနာဂတ်တွင် အားထားရာလူငယ်များ မူးယစ်နွံအတွင်း မသက်ဆင်းမိစေရန် မပြတ်သောသတိဖြင့် ဝိုင်းဝန်းကြပ်မတ်စောင့်ရှောက်ရမည်ဖြစ်သည်။ မူးယစ်ဆေးဝါးစိုက်ပျိုးထုတ်လုပ်သယ်ဆောင် ဖြန့်ဖြူးခြင်းကို အရှိန်အဟုန်ဖြင့် တားဆီးကာကွယ်တိုက်ဖျက်သွားရမည်ဖြစ်ပြီး ပြည်တွင်းသာမက နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်လျက် တက်ကြွစွာပူးပေါင်းဆောင်ရွက်မှုသည် တစ်မျိုးသားလုံး ရင်ဆိုင်နေရသော မူးယစ်ဆေးဝါးအန္တရာယ်ကို လျော့ကျစေမည်ဖြစ်သည်။ နိုင်ငံတော်အစိုးရအနေဖြင့် ဘိန်းနှင့် မူးယစ်ဆေးဝါး အန္တရာယ်ကို မြန်မာ့မြေပေါ်သာမက ကမ္ဘာပေါ်မှ ကင်းဝေးစေလိုပြီး မြန်မာနိုင်ငံ တစ်နိုင်ငံတည်းသာမက ဒေသတွင်းနိုင်ငံများနည်းတူ ကမ္ဘာကြီး ထာဝရအေးချမ်းသာယာလှပရန် ရင်တွင်းဆန္ဒရှိနေမည်မှာ အမှန်ပင်ဖြစ်သည်။ မူးယစ်ဆေးဝါးသည် ထုတ်လုပ်သယ်ဆောင်မှု လွယ်ကူခြင်းကြောင့် နောက်ဆက်တွဲအကျိုးဆက်ကို ကမ္ဘာ့နိုင်ငံကြီးများနည်းတူ ဖွံ့ဖြိုးဆဲနိုင်ငံများလည်း ရင်ဆိုင်လာရသည်။ လူသားမျိုးနွယ်တစ်ရပ်လုံး လူညွန့်တုံးစေမည့် မူးယစ်ဆေးဝါးအန္တရာယ် ကင်းဝေးရန် အားသွန်ခွန်စိုက် စုပေါင်းတွန်းလှန်သွားရမည်ဖြစ်သည်။ သို့ဖြစ်ပါ၍ ပြည်သူတစ်ရပ်လုံးပါဝင်သော အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် **"တစ်မျိုးသားလုံး မူးယစ်အန္တရာယ်ကင်းစင်ဖို့ ဝိုင်းဝန်းကာကွယ်တားဆီးကြပါစို့"** ဟု ၂၀၂၁ ခုနှစ် ဇွန်လ ၂၆ ရက်နေ့တွင် ကျရောက်သည့် **"(၃၄)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့"**ကို ဂုဏ်ပြုရေးသားဖော်ပြအပ်ပါသည်။ ။

# သိပ္ပံနှင့် နည်းပညာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော်  ဇွန် ၂၅**
သိပ္ပံနှင့်နည်းပညာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ရုံးအမှတ် (၂၁) သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**ပြောကြား**

အစည်းအဝေးတွင် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်က သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနသည် သိပ္ပံနှင့်နည်းပညာဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရန်၊ သိပ္ပံနှင့်နည်းပညာဆိုင်ရာ လူသားအရင်းအမြစ်များ မွေးထုတ်ပေးရန်၊ မိမိတို့၏ထုတ်ကုန်များ စံချိန်စံညွှန်းနှင့်အညီ ရှိ၊ မရှိ သတ်မှတ်အရည်အသွေးပြည့်မီမှု ရှိ၊ မရှိ ဆန်းစစ်တိုင်းတာရန်၊ သိပ္ပံနှင့်နည်းပညာဆိုင်ရာ အမျိုးသားရေးလုပ်ငန်းတာဝန်များကို နိုင်ငံကိုယ်စားထမ်းဆောင်ရန် တာဝန်ရှိပါကြောင်း၊ သိပ္ပံနှင့်နည်းပညာဆိုင်ရာ လူသားအရင်းအမြစ် ပြုစုပျိုးထောင်ရာတွင် အခြေခံ ကျွမ်းကျင်လုပ်သားများမှ အစပြု၍ အဆင့်မြင့်နည်းပညာရှင်များအထိ လေ့ကျင့်မွေးထုတ်ပေးရန် တာဝန်ရှိပါကြောင်း။

နည်းပညာရှင်များသည် မိမိတို့အတတ်ပညာ၊ နည်းပညာများကို မှန်မှန်ကန်ကန် အများပြည်သူအကျိုး၊ နိုင်ငံအကျိုးဖြစ်စေရန် အသုံးချနိုင်စွမ်းရှိရန် လိုအပ်ပြီး ဖြစ်ပေါ်လာနိုင်သည့် ဆိုးကျိုးသက်ရောက်နိုင်မှုများကို ကြိုတင်မျှော်မှန်းနိုင်ရန်လိုအပ်ကြောင်း၊ ဤသို့ဖြစ်ရန် Professional ပညာရပ်များသာမက မိမိတို့လုပ်ဆောင်ချက်များ ကျင့်ဝတ်နှင့်အညီ ဖြစ်စေရန်၊ အသင်းအဖွဲ့စိတ်ဖြင့် ပူးပေါင်းဆောင်ရွက်တတ်ရန်၊ စိတ်ဓာတ်စည်းကမ်းကောင်းမွန်စွာ ဆောင်ရွက်တတ်ရန် လိုအပ်ကြောင်း၊ နိုင်ငံတကာအဆင့်မီ မိမိနိုင်ငံ လိုအပ်ချက်နှင့် ကိုက်ညီသည့် နိုင်ငံအတွက် အကျိုးပြုသည့်ပညာရှင်များ မွေးထုတ်ပေးနိုင်ရန် လိုအပ်သည့်အချက်များ ဆွေးနွေးပေးရန် ဖိတ်ခေါ်ပါကြောင်း ပြောကြားသည်။



ထို့နောက် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနအနေဖြင့် မြန်မာနိုင်ငံ၏ သိပ္ပံနှင့်နည်းပညာကဏ္ဍတွင် လက်ရှိဆောင်ရွက်လျက်ရှိသော လုပ်ငန်းများအပြင် သိပ္ပံနှင့်နည်းပညာကဏ္ဍကို ယခုထက်ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ရှေ့ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်မည့် လုပ်ငန်းများကို မဟာဗျူဟာကျကျ၊ နည်းစနစ်တကျနှင့် ဆောင်ရွက်နိုင်ရန် လိုအပ်ပါကြောင်း။

**လူ့စွမ်းအားအရင်းအမြစ် လိုအပ်လျက်ရှိ**

တိုင်းပြည်၏ ကုန်ထုတ်စွမ်းအား တိုးမြှင့်ရန်နှင့် တန်ဖိုးမြှင့်ထုတ်ကုန်များကို ဒေသတွင်းတွင် ယှဉ်ပြိုင်ပြီး တိုးတက်ထုတ်လုပ်နိုင်ရန်အတွက် အဆင့်မြင့်သိပ္ပံနှင့် နည်းပညာရပ်များက အရေးကြီးသကဲ့သို့ အဆင့်မြင့်လုပ်ငန်းစဉ်များနှင့် ကုန်ထုတ်လုပ်မှု လုပ်ငန်းစဉ်များသည် ပြောင်းလဲလျက်ရှိသည့် လုပ်ငန်းခွင်နည်းပညာရပ်များနှင့် လိုက်လျောညီထွေပြီး ကျွမ်းကျင်မှု ပြည့်ဝစွာနှင့် ဆောင်ရွက်နိုင်မည့် လူ့စွမ်းအားအရင်းအမြစ် Skillful Workforce က အဓိက လိုအပ်လျက်ရှိသည်ကို တွေ့ရမည်ဖြစ်ပါကြောင်း၊ ယင်းသို့ Skillful Workforce ကို သက်မွေးပညာ TVET Education ကသာလျှင် မွေးထုတ်ဖြည့်ဆည်းပေးနိုင်မှာ ဖြစ်သည့်အတွက် အထူးအားစိုက်ပြီး အကောင်အထည်ဖော်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီ အင်ဂျင်နီယာပညာရေး စိစစ်အသိအမှတ်ပြုမှုကော်မတီ၏ မူဝါဒ၊ စံချိန်စံညွှန်းများနှင့်အညီ အစိုးရစက်မှုလက်မှုသိပ္ပံ(အင်းစိန်နှင့် ရွှေပြည်သာ)တွင် စတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိပြီး ၂၀၂၂ ခုနှစ် နှစ်ကုန်ပိုင်းတွင် စိစစ်မှုခံယူနိုင်ရန် ဦးတည်ဆောင်ရွက်လျက်ရှိသည်ကို သိရှိရသည့်အတွက် များစွာဝမ်းမြောက်မိပါကြောင်း ပြောကြားသည်။

**ရှင်းလင်းပြောကြား**

ယင်းနောက် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်က သိပ္ပံနှင့် နည်းပညာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ရည်မှန်းချက်များ၊ လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များက သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၏ လျာထားဖွဲ့စည်းပုံဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဆွေးနွေးပွဲသို့ တက်ရောက်လာကြသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ နည်းပညာတက္ကသိုလ်နှင့် ကွန်ပျူတာတက္ကသိုလ်များမှ ပါမောက္ခချုပ်များက သိပ္ပံနှင့်နည်းပညာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် ရှေ့ဆက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ဝိုင်းဝန်းအကြံပြုဆွေးနွေးကြပြီး ဆွေးနွေးပွဲကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

**သတင်းစဉ်**

## မွေးမြူရေးတိရစ္ဆာန်များ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

မိုးရာသီသို့ ရောက်ရှိလာပြီဖြစ်ရာ မိုးဦးကာလတွင် လေပြင်းတိုက်ခတ်ခြင်း၊ မိုးသည်းထန်စွာ ရွာသွန်းခြင်း၊ မိုးကြိုးပစ်ခြင်းနှင့် ရေကြီးရေလျှံခြင်းများ ဖြစ်ပေါ်နိုင်သဖြင့် မွေးမြူထားသော တိရစ္ဆာန်များအပေါ် ကျရောက်နိုင်သည့် သဘာဝဘေးအန္တရာယ်များကို ကြိုတင်ကာကွယ်နိုင်ရေးအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(၁) ရေဒီယို၊ ရုပ်မြင်သံကြားများနှင့် နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြသည့် မိုးလေဝသ သတိပေးချက်များကို ဂရုပြုနားထောင် ဖတ်ရှုစောင့်ကြည့်ရန်၊
(၂) တိရစ္ဆာန်များအတွက် ဒေသတွင်းရရှိနိုင်သည့် ကောက်ရိုး၊ ပြောင်းရိုး၊ ပဲရိုးနှင့် ပဲမှော်အစရှိသည့် တိရစ္ဆာန်အစာနှင့် သောက်သုံးရေများ၊ လုံလောက်စွာ ကြိုတင်စုဆောင်းထားရန်၊
(၃) ရေကြီးရေလျှံဖြစ်ပေါ်လေ့ရှိသော ဒေသများ၌ တိရစ္ဆာန်များကို ရေဘေးအန္တရာယ်မှ ကင်းလွတ်နိုင်ရေး ကြိုတင်ပြင်ဆင်ထားရန်၊
(၄) ရေဘေးအန္တရာယ်ကျရောက်သည်မှလွဲ၍ အခြားသဘာဝဘေးအန္တရာယ်များမှကာကွယ်ရန် တိရစ္ဆာန်များကို အကာအကွယ်ရှိသော ခြံများအတွင်း စနစ်တကျမွေးမြူထားရှိရန်၊
(၅) ရေဘေးအန္တရာယ်ကျရောက်လာပါက တိရစ္ဆာန်များကို ရေလွတ်သောနေရာများသို့ အလျင်အမြန်ပြောင်းရွှေ့နေရာချထားရန်အတွက် ကြိုတင်စီမံထားရန်၊
(၆) သိုလှောင်ထားသော တိရစ္ဆာန်အစာများကို ရေဘေးကင်းလွတ်ရာသို့ အချိန်မီ ပြောင်းရွှေ့နိုင်ရေး ကြိုတင်စီမံထားရန်၊
(၇) ရေဘေးအန္တရာယ်ကျရောက်ချိန်၌ ရေပြန်ကျချိန်တွင် ကူးစက်ရောဂါများ ဖြစ်ပွားတတ်သဖြင့် တိရစ္ဆာန်များကို ဦးစီးဌာနက သတ်မှတ်ထားသည့်အတိုင်း တိရစ္ဆာန်ရောဂါကာကွယ်ဆေးများ ကြိုတင်ထိုးနှံထားရန်၊
(၈) တိရစ္ဆာန်များ ကူးစက်ရောဂါ၊ သာမန်ရောဂါနှင့် ထိခိုက်ဒဏ်ရာများ ရရှိပါက ဆေးကုသမှု အမြန်ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနသို့ ဆက်သွယ်ရန်၊
(၉) တိရစ္ဆာန်ကျန်းမာရေးဆိုင်ရာ ထူးခြားဖြစ်စဉ်များရှိပါက သက်ဆိုင်ရာအုပ်ချုပ်ရေးမှူးအဖွဲ့၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ထံသို့ ဆက်သွယ်အကြောင်းကြား ပူးပေါင်းဆောင်ရွက်ရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**

## တောင်ငူ၌ ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်စေရေး၊ မြို့သန့်ရှင်းသာယာလှပစေရေးနှင့် အသားဈေးနှုန်းမြင့်မားမှုမရှိစေရေး ကွင်းဆင်းစစ်ဆေး

**တောင်ငူ  ဇွန် ၂၅**
ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့၌ မိုးရာသီကာလ ရေနုတ်မြောင်းများ ရေစီးရေလာကောင်း မွန်စေရေးနှင့် မြို့သန့်ရှင်းသာယာလှပစေရေး လုပ်ငန်းများကို လည်းကောင်း၊ နေ့စဉ်စားသုံးသူများ ဝယ်ယူစားသုံးလျက်ရှိသော အသားဈေးနှုန်းများ မြင့်မားမှုမရှိစေရေးကို လည်းကောင်း ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့က ယနေ့ နံနက်ပိုင်းတွင် ဗိုလ်မှူးဖိုးကွန်းလမ်းနှင့် မြို့ပေါ်ဈေးများသို့ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။



ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် အဆိုပါ ပူးပေါင်းအဖွဲ့က တောင်ငူမြို့နယ်အတွင်း ရေစီးရေလာကောင်းမွန်စေရေး တံတားအောက်များ၊ မြောင်းများအတွင်း မိုးရာသီကာလ၌ ရေကြီးရေလျှံမှုကြောင့် ဖြစ်ပေါ်နိုင်သည့်အတွက် ရေထုတ်စနစ်များ၊ ရေထွက်စနစ်များ ကောင်းမွန်မှုရှိစေရေးတို့အတွက် ရေနုတ်မြောင်းများ တူးဖော်ဆောင်ရွက်ထားရှိမှု အခြေအနေများအား စစ်ဆေးကြည့်ရှုခဲ့သည်။

ထို့နောက် မြို့နယ်အတွင်း စည်းကမ်းမဲ့ အမှိုက်စွန့်ပစ်မှုများ မရှိစေရေးအတွက် တောင်ငူမြို့မဈေးကြီးအတွင်း အမှိုက်သိမ်းစနစ်များ၊ အမှိုက်စွန့်ပစ်သည့်စနစ်များ နေ့စဉ်သိမ်းဆည်းဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှု၍ ဈေးရောင်းဈေးဝယ်ကြသူများအား မြို့သန့်ရှင်းသာယာလှပရေး အမှိုက်သိမ်းဆည်းဆောင်ရွက်မှု အစီအစဉ် လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့သည်။

ဆက်လက်ပြီး အဆိုပါပူးပေါင်းအဖွဲ့တို့က စားသုံးသူပြည်သူများအနေဖြင့် ဝက်သား၊ အမဲသား ဈေးနှုန်းချိုသာစွာ ဝယ်ယူစားသုံးနိုင်ရေးအတွက် လုပ်ငန်းရှင်များနှင့်တွေ့ဆုံကာ ညှိနှိုင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **ကိုလွင်(ဆွာ)**

## ဘင်္ဂလားပင်လယ်အော် အခြေအနေ

**နေပြည်တော်  ဇွန် ၂၅**
ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအား အသင့်အတင့် ရှိနေသည်။

**မိုး/ဇလ**

## မြန်မာ့ပင်လယ်ပြင်

**နေပြည်တော်  ဇွန် ၂၅**
လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ငါးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

# မလေးရှားနိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၅၈၁၂ ဦး တွေ့ရှိပြီး ၈၂ ဦး ထပ်မံသေဆုံး

**ကွာလာလမ်ပူ ဇွန် ၂၅**

မလေးရှားနိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ခေတ်ခွဲအတည်ပြုလူနာ ၅၈၁၂ ဦး ထပ်မံတွေ့ရှိ ခဲ့ပြီးနောက် အဆိုပါရောဂါ ကူးစက်ခံရသူပေါင်း ၇၂၆၅၉ ဦး ရှိလာကြောင်း မလေးရှားကျန်းမာရေးဝန်ကြီးဌာနက ယနေ့ကြေညာသည်။

တစ်ရက်အတွင်း တွေ့ရှိသည့်ကိုဗစ်-၁၉ ရောဂါ အတည်ပြုလူနာသစ် ၅၈၁၂ ဦးအနက် ၃၂ ဦးသည် ပြည်ပနိုင်ငံများမှ ပြန်လာသူများဖြစ်ပြီး ကျန် ၅၇၈၀ သည် ပြည်တွင်း၌ ရောဂါကူးစက်ခံခဲ့ရခြင်းဖြစ်ကြောင်း မလေးရှားကျန်းမာရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် နူးရ်ဟီရှမ်အဗ်ဒူလာက သတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် ပြောကြားသည်။



ထို့အပြင် မလေးရှားနိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါဖြင့် လူနာ ၈၂ ဦး ထပ်မံသေဆုံးခဲ့သဖြင့် လက်ရှိအချိန်အထိ ထိုရောဂါဖြင့် သေဆုံးသူပေါင်း ၄၈၀၃ ဦး ရှိလာကြောင်း သိရသည်။

သို့သော် မလေးရှားနိုင်ငံရှိ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူလူနာ ၆၇၇၅ ဦးသည် ဆေးဝါးကုသမှု ခံယူခဲ့ပြီးနောက် တစ်ရက်အတွင်း ရောဂါကင်းစင်ပြီး ဆေးရုံများနှင့် စောင့်ကြည့်ရေးစင်တာများမှ ပြန်ဆင်းခဲ့ကြရာ လက်ရှိအချိန်အထိ မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူပေါင်း ၆၅၇၇၃၉ ဦး ရှိလာကြောင်း သိရသည်။ မလေးရှားနိုင်ငံရှိ ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာမှုနှုန်းမှာ ရောဂါကူးစက်ခံရသူအားလုံး၏ ၉၁ ရာခိုင်နှုန်းခန့်ရှိသည်။

ထို့အပြင် မလေးရှားတွင် လတ်တလောအချိန်၌ ကိုဗစ်-၁၉ ရောဂါဖြင့် ဆေးဝါးကုသမှုခံယူနေသော လူနာပေါင်း ၆၀၁၁၇ ဦးရှိပြီး ယင်းတို့အနက် ၈၇၀ သည် အထူးကြပ်မတ်ကုဌာနတွင် ဆေးဝါးကုသမှု ခံယူလျက်ရှိကာ ၄၃၃ ဦးသည် အသက်ရှူ အထောက်အကူပြုကိရိယာများ တပ်ဆင်ထားရကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ

ဘာသာပြန် - ဇေျာတီ

# အာဂျင်တီးနားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း လေးသန်းကျော်ရှိလာ

**ဗျူနိုအေးရိစ် ဇွန် ၂၅**

အာဂျင်တီးနားနိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၄၄၆၃ ဦး ထပ်မံစစ်ဆေးတွေ့ရှိခဲ့ရာ နိုင်ငံအတွင်း၌ ဗိုင်းရပ်စ်ကူးစက်ခံရသူပေါင်း ၄၃၅၀၅၆၄ ဦးရှိလာပြီဖြစ်ကြောင်း သိရသည်။



အလားတူ လွန်ခဲ့သော ၂၄ နာရီအတွင်း ၄၅၂ ဦး ထပ်မံသေဆုံးခဲ့ရာ အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၉၁၄၃၈ ဦးရှိလာပြီဖြစ်သည်။ လွန်ခဲ့သော ရက်သတ္တပတ်အတွင်း နိုင်ငံအတွင်း၌ ဗိုင်းရပ်စ် ကူးစက်မှုအရေအတွက် လျော့ကျသွားခဲ့သော်လည်း လက်ရှိအချိန်တွင် ပြန်လည်မြင့်တက်လာကြောင်း ကျန်းမာရေးအာဏာပိုင်များက ဆိုသည်။

လက်ရှိတွင် ပိုးတွေ့ဆဲလူနာ ၂၉၁၄၉၃ ဦးရှိပြီး ယင်းတို့အနက် ၇၁၉၉ ဦးသည် အထူးကြပ်မတ်ကုသဆောင်တွင် ကျန်းမာရေးစောင့်ရှောက်မှုခံယလျက်ရှိသည်။ အာဂျင်တီးနားနိုင်ငံ၌ ၂၀၂၀ ပြည့်နှစ် မတ်လမှစပြီး ကိုဗစ်-၁၉ ရောဂါစတင်ကူးစက်ပျံ့နှံ့ခဲ့သည်။

လက်ရှိအချိန်အထိ ပြည်သူ ၁၅၃၂၉၄၅၉ ဦးသည် ကာကွယ်ဆေး ပထမအကြိမ်ထိုးနှံမှုခံယူပြီးဖြစ်ပြီး ပြည်သူ ၃၈၂၅၈၉၆ ဦးသည် ကာကွယ်ဆေး နှစ်ကြိမ်စလုံး ထိုးနှံမှုခံယူပြီးဖြစ်ကြောင်း သိရသည်။

ကိုးကား- ဆင်ဟွာ

ဘာသာပြန်- အောင်ကျော်ကျော်

◆

# အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၅၁၆၆၇ ဦး ထပ်မံတွေ့ရှိ

**နယူးဒေလီ ဇွန် ၂၅**

အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၅၁၆၆၇ ဦး ထပ်မံစစ်ဆေးတွေ့ရှိခဲ့ရာ နိုင်ငံအတွင်း၌ ဗိုင်းရပ်စ် ကူးစက်ခံရသူပေါင်း ၃၀၁၃၄၄၄၅ ဦးရှိလာပြီဖြစ်ကြောင်း သိရသည်။

အလားတူ ၁၃၂၁ ဦးထပ်မံသေဆုံးခဲ့ရာ အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၃၉၃၃၁၀ ရှိလာပြီဖြစ်သည်။ လက်ရှိအချိန်အထိ ပိုးတွေ့ဆဲလူနာ ၆၁၂၈၆၈ ဦးရှိသည်။ သို့သော် လွန်ခဲ့သော ၂၄ နာရီအတွင်း ၆၄၅၂၇ ဦး ရောဂါမှ ပြန်လည်ကျန်းမာလာသည့်အတွက် ဆေးရုံများမှ ပြန်လည်ဆင်းသွားခဲ့ရာ ကျန်းမာရေးအခြေအနေပြန်လည်ကောင်းမွန်လာသူပေါင်း ၂၉၁၂၈၂၆၇ ဦးရှိလာပြီဖြစ်သည်။

ကိုးကား- ဆင်ဟွာ

ဘာသာပြန်- အောင်ကျော်ကျော်

# အင်ဒိုနီးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရမှုကြောင့် ကျန်းမာရေးဝန်ထမ်း ၉၄၉ ဦး သေဆုံး

**ဂျကာတာ ဇွန် ၂၅**

အင်ဒိုနီးရှားနိုင်ငံ၌ ယမန်နှစ် မတ်လမှ ယခုနှစ် ဇွန်လအထိ ကိုဗစ်-၁၉ရောဂါကူးစက်ခံရမှုကြောင့် ကျန်းမာရေးဝန်ထမ်း ၉၄၉ ဦး သေဆုံးခဲ့ကြောင်း အင်ဒိုနီးရှား ဆေးဘက်ဆိုင်ရာ အကြီးအကဲ အဒစ်ကူမိုင်ဒီက ယနေ့ပြောကြားသည်။

အဆိုပါ သေဆုံးသူများအနက် ဆရာဝန် ၄၀၁ ဦး၊ သူနာပြု ၃၁၅ ဦး၊ သားဖွားဆရာမ ၁၅၀၊ ဆေးဝါးကျွမ်းကျင်ပညာရှင် ၁၅ ဦး၊ သွားဘက်ဆိုင်ရာဆရာဝန် ၄၃ ဦးနှင့် ဓာတ်ခွဲခန်းဆိုင်ရာကျွမ်းကျင်သူ ၂၅ ဦး ပါဝင်ကြောင်း သိရသည်။

ဆေးရုံများတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူများ တက်ရောက်ကုသမှုများပြားလာသောကြောင့် ကျန်းမာရေးဝန်ထမ်းများအား ကိုဗစ်-၁၉ရောဂါ ကူးစက်ရန် အခွင့်အလမ်း ပိုမိုများပြားလာကြောင်း ကူမိုင်ဒီက ပြောကြားသည်။

နိုင်ငံသားများအား ကိုဗစ်-၁၉ရောဂါဆိုင်ရာ ကျန်းမာရေးစည်းမျဉ်းများကို တိကျစွာ လိုက်နာဆောင်ရွက်စေရေး ကြပ်မတ်ဆောင်ရွက်သွားရန် အရေးကြီးကြောင်း ၎င်းက ပြောကြားသည်။ ယခုနှစ်မေလအတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် ဆရာဝန် ခုနစ်ဦး သေဆုံးခဲ့ပြီး ဇွန်လတွင် ၂၄ ဦး သေဆုံးခဲ့သည်။

ကိုးကား-ဆင်ဟွာ

ဘာသာပြန်-စိုးသူရ

○

# ကမ္ဘောဒီးယားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၅၀၉ ဦးရှိလာ

**ဖနောင်ပင် ဇွန် ၂၅**

ကမ္ဘောဒီးယားနိုင်ငံ၌ ကိုဗစ်-၁၉ရောဂါကြောင့် သေဆုံး သူ ၁၆ ဦးကို ယနေ့ ထပ်မံတွေ့ရှိသဖြင့် နိုင်ငံအတွင်း ကိုဗစ်-၁၉ရောဂါကြောင့်သေဆုံးသူပေါင်း ၅၀၉ ဦး ရှိလာကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

အလားတူ နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၄၆၀၆၅ ဦးရှိပြီး ရောဂါမှ ပြန်လည် ကျန်းမာလာသူပေါင်း ၄၀၇၆၉ဦးရှိကြောင်း အဆိုပါ ဝန်ကြီးဌာနက ပြောကြားသည်။ နိုင်ငံအတွင်း ကာကွယ်ဆေးထိုး လုပ်ငန်းကို ဖေဖော်ဝါရီ ၁၀ ရက်မှ စတင်၍ ဆောင်ရွက်ခဲ့သည်။

လက်ရှိအချိန်တွင် နိုင်ငံသား ၃ ဒသမ ၇၁ သန်းမှာ ကာကွယ်ဆေးတစ်ကြိမ် ထိုးနှံမှုခံယူပြီးစီးသူများဖြစ်ပြီး ၂ ဒသမ ၇၆ သန်းမှာ ကာကွယ်ဆေး နှစ်ကြိမ်စလုံး ထိုးနှံမှု ခံယူပြီးစီးသူများ ဖြစ်သည်။

ကိုးကား-ဆင်ဟွာ

ဘာသာပြန်-စိုးသူရ

○

# ဂျပန်နိုင်ငံရှိ သက်ကြီးရွယ်အို ထက်ဝက်ကျော် ကာကွယ်ဆေး အနည်းဆုံးတစ်ကြိမ် ထိုးနှံမှုခံယူပြီးဖြစ်

**တိုကျို ဇွန် ၂၅**

ဂျပန်နိုင်ငံအတွင်းရှိ သက်ကြီးရွယ်အိုထက်ဝက်ကျော်သည် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အနည်းဆုံး တစ်ကြိမ် ထိုးနှံမှုခံယူပြီးဖြစ်ကြောင်း ဂျပန်အစိုးရက ယနေ့ပြောကြားသည်။

သက်ကြီးရွယ်အို ၁၈၁၃၀၁၂၅ ဦး (၅၁ ဒသမ ၀၉ ရာခိုင်နှုန်း)သည် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ပထမအကြိမ်ထိုးနှံမှုခံယူပြီးဖြစ်သည်။ ယင်းတို့အနက် ၁၇ ဒသမ ၅၁ ရာခိုင်နှုန်းသည် ကာကွယ်ဆေး နှစ်ကြိမ်စလုံး ထိုးနှံမှုခံယူပြီးဖြစ်ကြောင်း သိရသည်။

ဂျပန်နိုင်ငံ၏ ကာကွယ်ဆေးထိုးနှံမှု အစီအစဉ်ကို ယခုနှစ် ဖေဖော်ဝါရီလတွင် စတင်ပြီး ကျန်းမာရေးဝန်ထမ်းများအား ဦးစားပေးထိုးနှံပေးခဲ့သည်။ အသက် ၆၅ နှစ်နှင့်အထက် ပြည်သူများအား ဧပြီ ၁၂ ရက်မှစပြီး ကာကွယ်ဆေးစတင်ထိုးနှံပေးလျက်ရှိသည်။

ဇူလိုင်လမကုန်မီ အသက် ၆၅ နှစ်နှင့်အထက် ပြည်သူများအား ကာကွယ်ဆေး နှစ်ကြိမ်စလုံး ထိုးနှံပေးပြီးဖြစ်ရန် အစိုးရအဖွဲ့က စီစဉ်ထားသည်။

ကိုးကား- အင်န်အိတ်ချ်ကေ

ဘာသာပြန်- အောင်ကျော်ကျော်

❐

| ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ | | |
|---|---|---|
| ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ | ၁၈၀၈၆၇၀၉၃ | ဦး |
| သေဆုံးသူ | ၃၉၁၈၂၃၁ | ဦး |
| ပြန်လည်ကျန်းမာလာသူ | ၁၆၅၅၀၄၅၆၄ | ဦး |

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ထံ MRTV က တယ်လီဖုန်းဖြင့် ဆက်သွယ်မေးမြန်းလာမှုများကို ပြန်လည်ဖြေကြားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့မှ ဗိုလ်မှူးကောင်းထက်စံက MRTV မှ တယ်လီဖုန်းဖြင့် ဆက်သွယ်မေးမြန်းလာမှုများကို အောက်ပါအတိုင်း ရှင်းလင်းဖြေကြားခဲ့ပါသည်-

**မေး။ လူမှုကွန်ရက်စာမျက်နှာပေါ်မှာ ကလေးမြို့နယ်အတွင်း လက်နက်ကိုင်အဖွဲ့တစ်ဖွဲ့က တူမီးလက်နက်တွေနဲ့ မိသားစုတစ်စုကို ရက်စက်စွာ သတ်ဖြတ်သွားတဲ့ ရုပ်သံဖိုင်တစ်ခု တွေ့ရှိရပါတယ်။ ဒီရုပ်သံဖိုင်နဲ့ ပတ်သက်တဲ့ ဖြစ်စဉ်မှန်ကို သိချင်ပါတယ်။**

ဖြေ။ ဇွန်လ ၁၉ ရက် ည ၉ နာရီ ၁၅ မိနစ်ခန့်မှာ စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ ညောင်ပင်သာရပ်ကွက် နွားတောင်ကျောင်းလမ်းမှာနေတဲ့ ဦးဝင်းဇော်ဦးရဲ့ နေအိမ်ကို ဆူပူအကြမ်းဖက် လက်နက်ကိုင်သောင်းကျန်းသူများက သေနတ်များဖြင့် လာရောက်ပစ်ခတ်သွားတာ ရှိပါတယ်။ ဇွန်လ ၂၀ ရက်နေ့မှာလည်း ဒီသတင်းကို ထုတ်ပြန်ထားပြီးဖြစ်ပါတယ်။ ပစ်ခတ်မှုကြောင့် ဦးဝင်းဇော်ဦးဟာ ၎င်းရဲ့နေအိမ်ရှေ့လမ်းဘေးမှာ ဝဲဘက်ရင်အုံကျည်ထိမှန်ဒဏ်ရာ တစ်ချက်နဲ့ သေဆုံးခဲ့ပါတယ်။ ဦးဝင်းဇော်ဦးရဲ့ ဇနီး ဒေါ်စန်းစန်းမော်၊ သားကိုသီဟအောင်၊ သမက် ကိုဇော်ဇော်တို့ကတော့ မျက်နှာ၊ နောက်ကျော၊ ရင်အုံတို့မှာ ကျည်ထိမှန်ဒဏ်ရာများနဲ့ နေအိမ်အတွင်းမှာပဲ သေဆုံးနေပြီး သမီး မစန်းရွှေဦးကတော့ ဝမ်းဗိုက်ကျည် ထိမှန်၊ ယာမျက်ခုံး ဖူးရောင်ဒဏ်ရာများရရှိတာ ဖြစ်ပါတယ်။ သူမကိုတော့ ဆေးဝါးကုသနိုင်ဖို့ တပ်မတော်ဆေးရုံသို့ ပို့ဆောင်ထားတာရှိပါတယ်။ Online မှာ ပျံ့နေတဲ့ ပြောက်ကျားဝတ်စုံတွေဝတ်ပြီး သေနတ်တွေနဲ့ ရက်ရက်စက်စက် ကန်ကျောက် ပစ်ခတ်သတ်ဖြတ်သွားတဲ့ Movie ကိုတော့ ဒေသခံတွေနဲ့ မေးမြန်းစိစစ်လိုက်တဲ့အခါမှာ ကလေးမြို့ ညောင်ပင်သာရပ်ကွက်ဖြစ်စဉ် မှန်ကန်ကြောင်း သိရပါတယ်။

အခုလို အပြစ်မဲ့မိသားစုကို လူမဆန်စွာ ရက်ရက်စက်စက် သတ်ဖြတ်မှုနဲ့ပတ်သက်ပြီး ရပ်ကွက်နေပြည်သူတွေအတွက် အလွန်အမင်း အံ့ဩတုန်လှုပ်ချောက်ချားစရာဖြစ်ရပ်တစ်ခု ဖြစ်ပါတယ်။ တရားခံတွေ အမြန်ဆုံးဖမ်းဆီးရမိရေး သက်ဆိုင်ရာတာဝန်ရှိသူများအနေနဲ့ ပြည်သူနဲ့ပူးပေါင်းပြီး ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။




**မေး။ မင်းကင်းမြို့နယ်မှာ ဇွန်လ ၂၄ ရက် နံနက်ပိုင်းက တပ်မတော်နဲ့ PDF တို့ ပစ်ခတ်မှုမှာ တပ်မတော်က ၁၅ ဦးကျဆုံးပြီး PDF ဘက်က တစ်ဦးသေ၊ သုံးဦး ဒဏ်ရာရဆိုပြီးတော့ Khit Thit Media ကနေ ရေးသားထားတာ တွေ့ရပါတယ်။ ဒီသတင်း ဟုတ်/မဟုတ် သိချင်ပါတယ်။**

ဖြေ။ စစ်ကိုင်းတိုင်းဒေသကြီး၊ မင်းကင်းမြို့နယ်အတွင်း ဇွန်လ ၂၄ ရက်နေ့မှာ လုံခြုံရေးပူးပေါင်းအဖွဲ့များ နယ်မြေတည်ငြိမ်လုံခြုံရေးဆောင်ရွက်ဖို့အတွက် ပန်းဆက်ကျေးရွာမှ အင်ပင်လှကျေးရွာသို့အသွား မွန်းတည့် ၁၂ နာရီမထိုးခင် သံပေါက်ကျေးရွာရဲ့ မြောက်ဘက် မီတာ ၁၀၀၀ ခန့်အကွာကို ရောက်ရှိတဲ့အခါ အကြမ်းဖက်လက်နက်ကိုင် ၃၅ ဦးခန့်က တူမီးသေနတ်တွေနဲ့ ပစ်ခတ်တိုက်ခိုက်ခဲ့လို့ လုံခြုံရေးတပ်ဖွဲ့ဝင်တွေနဲ့ အပြန်အလှန် ပစ်ခတ်မှုဖြစ်ပွားခဲ့ပြီး အကြမ်းဖက်လက်နက်ကိုင်တွေ မြောက်ဘက်ကို ထွက်ပြေးသွားပါတယ်။ လုံခြုံရေးတပ်ဖွဲ့ဝင်တွေ ထိခိုက်ဒဏ်ရာရရှိမှုမရှိဘဲ အကြမ်းဖက်လက်နက်ကိုင်တွေဘက်က လေးဦး သေဆုံးခဲ့ပြီးတော့ တူမီးသေနတ်ကိုးလက်၊ လက်လုပ်မိုင်း နှစ်လုံး၊ တူမီးသေနတ်ပြုလုပ်ရာမှာ အသုံးပြုတဲ့ သစ်သားဒင် သုံးခု၊ သံပိုက်လုံး လေးချောင်း၊ ယမ်းမှုန့် ၅၀ ကျပ်သားခန့်နဲ့ ခဲသီး ၅၀ လုံးခန့်ကို သိမ်းဆည်းရမိခဲ့ပါတယ်။



## စစ်ကိုင်းတိုင်းဒေသကြီး မင်းကင်းမြို့နယ်၌ နယ်မြေလုံခြုံရေး ဆောင်ရွက်နေသော လုံခြုံရေးတပ်ဖွဲ့ဝင်များအား အကြမ်းဖက်သူများ ချောင်းမြောင်းပစ်ခတ်တိုက်ခိုက်

**နေပြည်တော် ဇွန် ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး မင်းကင်းမြို့နယ်၌ နယ်မြေလုံခြုံရေးဆောင်ရွက်နေသော လုံခြုံရေးတပ်ဖွဲ့ဝင်များအား အကြမ်းဖက်သူများက ချောင်းမြောင်းပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇွန် ၂၄ ရက်တွင် မင်းကင်းမြို့နယ်ရှိ လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် နယ်မြေလုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် မြို့နယ်အတွင်း လှည့်ကင်းဆောင်ရွက်နေစဉ် သံပေါက်ကျေးရွာ၏ မြောက်ဘက် နှစ်ဖာလုံခန့်အရောက်တွင် လက်နက်ကိုင်အကြမ်းဖက်သူအင်အား ၂၀၀ ခန့်က လမ်းဘေးတောင်ကုန်းများမှနေ၍ တူမီးသေနတ်၊ လက်နက်ငယ်၊ လက်လုပ်ဗုံးများဖြင့် ချောင်းမြောင်းပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ခုခံပစ်ခတ်ခဲ့ရာ လက်နက်ကိုင်အကြမ်းဖက်သူများမှာ လူစုခွဲဆုတ်ခွာ ထွက်ပြေးသွားခဲ့ကြောင်း သိရသည်။

အကြမ်းဖက်သူများ ဆုတ်ခွာထွက်ပြေးသွားသည့်နေရာသို့ လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုက်လံရှာဖွေခဲ့ရာ တောင်ကုန်းများပေါ်မှ အကြမ်းဖက်သူအချို့သည် ထိမှန်ဒဏ်ရာများဖြင့် သေဆုံးနေသည်ကို တွေ့ရှိရပြီး ၎င်းတို့အနီးမှ တူမီးသေနတ် ကိုးလက်၊ လက်လုပ်မိုင်း နှစ်လုံး၊ သစ်သားသေနတ်ဒင် သုံးခု၊ သေနတ်ပြောင်း လေးခု၊ ယမ်းမှုန့်များနှင့် ခဲသီးများကို သိမ်းဆည်းရရှိခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## မြို့နယ်အချို့၌ အုပ်ချုပ်ရေးပိုင်းဆိုင်ရာ တာဝန်ရှိသူများနှင့် အေးချမ်းစွာနေထိုင်သော ပြည်သူလူထုအချို့အား လက်နက်ကိုင်အကြမ်းဖက်သူများ အကြောင်းမဲ့ လုပ်ကြံသတ်ဖြတ်

**နေပြည်တော် ဇွန် ၂၅**

တိုင်းဒေသကြီး/ ပြည်နယ်များရှိ မြို့နယ်အချို့တွင် အုပ်ချုပ်ရေးပိုင်းဆိုင်ရာ တာဝန်ရှိသူများနှင့် အေးချမ်းစွာ နေထိုင်နေကြသော ပြည်သူလူထုအချို့အား လူထုအတွင်း အကြောက်တရားများ လွှမ်းမိုးလာစေရန်နှင့် ငါနှင့်မတူ ငါ့ရန်သူ ဟူသည့် တစ်ဖက်သတ်အစွန်းရောက် ဂိုဏ်းဂဏစွဲအပေါ် အခြေခံကာ လက်နက်ကိုင်အကြမ်းဖက်သူများက သေနတ်များ၊ တုတ်/ဓားများအသုံးပြုကာ အကြောင်းမဲ့ရက်စက်စွာ လုပ်ကြံသတ်ဖြတ်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်ခဲ့ရာတွင် ဇွန် ၂၄ ရက်က မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့ ပြည်သူ့ဆေးရုံ၌ ကျောင်းဆရာမတစ်ဦး ဒဏ်ရာများဖြင့် ရောက်ရှိနေကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ ညောင်ဦးမြို့နယ် ပျဉ်းတိုင်းကျေးရွာနေ ရွှေကဗြူကျေးရွာအခြေခံပညာမူလတန်းကျောင်းအုပ်ဆရာမဖြစ်သူ ဒေါ်လွင်လွင်ဖြိုး (၃၆)နှစ် (ဘ) ဦးစိုးကြိုင်အား လည်ကုပ်၊ ဝဲပခုံး၊ ကျော၊ လက်ပြင်နှင့် ဝမ်းဗိုက်တို့တွင် ထိုးသွင်း၊ ပြတ်ရှဒဏ်ရာများ ရရှိထားသည်ကို တွေ့ရှိရသည်။

ဖြစ်စဉ်အား မေးမြန်းခဲ့ရာ ဒေါ်လွင်လွင်ဖြိုးသည် ရွှေကဗြူကျောင်းမှ ကျောင်းဆင်းသည့်အချိန် ပျဉ်းတိုင်းကျေးရွာရှိ နေအိမ်သို့ တစ်ဦးတည်းဆိုင်ကယ်ဖြင့် ပြန်လာစဉ် ရွှေကဗြူ-ပျဉ်းတိုင်းကျေးရွာချင်းဆက်လမ်းပေါ် ရွာနှစ်ရွာအကြားအရောက်တွင် အကြမ်းဖက်သူ အမျိုးသား သုံးဦး မောင်းနှင်လာသော ဆိုင်ကယ်တစ်စီးမှ ကပ်လာပြီး ၎င်းအား ချွန်ထက်သည့်အရာနှင့် ထိုးခဲ့သဖြင့် ဆိုင်ကယ်လဲကျကာ ထိခိုက်ဒဏ်ရာများ ရရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ထို့အတူ စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ် အိုင်ကြီးကျေးရွာနေ ဦးထွန်းတင့်ခိုင် (၅၄)နှစ် (ဘ) ဦးတင်ငွေ၊ ၎င်း၏ဇနီးဖြစ်သူ ဒေါ်အေးအေးဝင်း (၄၀)နှစ် (ဘ) ဦးထိန်ဝင်း၊ သားဖြစ်သူ ကောင်းမြတ်ခိုင် (၁၁)နှစ်တို့နှင့်အတူ နေအိမ်၌ အိပ်ပျော်နေစဉ် မျက်နှာဖုံးများစွပ်ထားသည့် အကြမ်းဖက်သူ အမျိုးသား ခြောက်ဦးက တူမီးသေနတ်များ ကိုင်ဆောင်ကာ ဆိုင်ကယ် သုံးစီးဖြင့် ရောက်ရှိလာပြီး “မြို့နယ်ဥပဒေအရာရှိ ခဲအိုဆိုတာ ဘယ်သူလဲ”ဟု ပြောဆိုကာ နေအိမ်အတွင်း ဝင်ရောက်လာခဲ့ကြောင်း၊ ဦးထွန်းတင့်ခိုင်အား နေအိမ်ပေါ်၌ ဝမ်းလျားမှောက်ခိုင်း၍ တူမီးသေနတ်များဖြင့် ဝိုင်းဝန်းပစ်ခတ်ခဲ့ပြီး အကြမ်းဖက်သူများက ပြန်လည်ထွက်ခွာသွားခဲ့သောကြောင့် ဦးထွန်းတင့်ခိုင်သည် တူမီးကျည်ထိမှန်ဒဏ်ရာများဖြင့် သေဆုံးခဲ့ကြောင်း သိရသည်။

အလားတူ ယနေ့ နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး ဒီပဲယင်းမြို့နယ် ညောင်လှကျေးရွာနေ ဦးနုတင်သိန်း(၅၂)နှစ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ ရပ်/ကျေးစည်းရုံးရေးမှူး (ဘ) ဦးချစ်ထွေးသည် နေအိမ်ဈေးဆိုင်၌ရှိနေစဉ် အကြမ်းဖက်သူ အမျိုးသား နှစ်ဦးက ဆိုင်ကယ်တစ်စီးဖြင့် ရောက်ရှိလာကာ ဆိုင်ကယ်အနောက်မှ စီးနင်းလာသူက သေနတ်ဖြင့် တစ်ချက်ပစ်ခတ်ထွက်ပြေးခဲ့ရာ ဦးနုတင်သိန်း၏ ဝဲရင်အုံတွင် ထိမှန်ဒဏ်ရာ တစ်ချက်ရရှိခဲ့ပြီး သေဆုံးခဲ့ကြောင်း သိရသည်။

အထက်ပါဖြစ်စဉ်များတွင် အုပ်ချုပ်ရေးပိုင်းဆိုင်ရာ တာဝန်ရှိသူများနှင့် အေးချမ်းစွာ နေထိုင်နေကြသော ပြည်သူလူထုများအား ငါနှင့်မတူ ငါ့ရန်သူ ဟူသည့် တစ်ဖက်သတ်အစွန်းရောက် ဂိုဏ်းဂဏစွဲ အပေါ်အခြေခံကာ အကြောင်းမဲ့ ရက်စက်ယုတ်မာစွာ လုပ်ကြံသတ်ဖြတ်မှုကျူးလွန်ခဲ့သည့် အကြမ်းဖက်သူများအား ဖော်ထုတ်ဖမ်းဆီး၍ ဥပဒေနှင့်အညီ ထိရောက်စွာ အပြစ်ပေးအရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

**ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ လွန်ချမ်းသာ**

# COVID-19 ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေ စီမံခန့်ခွဲမှုဆပ်ကော်မတီ၏ အသိပေးကြေညာချက်

မြန်မာ့စီးပွားရေးဘဏ်(နေပြည်တော်)တွင် ဖွင့်လှစ်ထားရှိသော COVID–19 ကာကွယ်ဆေး ဝယ်ယူရရှိရေးရန်ပုံငွေ (COVID–19 Vaccination Fund) မြန်မာကျပ်ငွေစာရင်း OA 013733 သို့ ဇွန်၂၁ ရက်နေ့မှ ဇွန် ၂၅ ရက်အထိ ပြည်တွင်း/ပြည်ပ အလှူရှင်များမှ ထည့်ဝင်လှူဒါန်းငွေ စုစုပေါင်းမှာ ငွေကျပ် ၁၁ ဒသမ ၁၅၀ သန်းဖြစ်သည်။ ဇွန်၂၅ ရက်အထိ ရန်ပုံငွေစာရင်း၏ အခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည် –

**COVID-19 ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေ OA-013733 စာရင်း**

| | ငွေကျပ် |
|---|---|
| ၂၁-၆-၂၀၂၂ ရက်နေ့ရှိ စာရင်းဖွင့်လက်ကျန် | ၃၀,၈၇၃,၅၄၄,၆၁၅.၃၉ |
| (+) ၂၁-၆-၂၀၂၂ မှ ၂၅-၆-၂၀၂၂ ရက်နေ့ထိ ရရှိငွေ | ၁၁,၁၅၀,၀၀၀. ၀၀ |
| ၂၅-၆-၂၀၂၂ ရက်နေ့ရှိ စာရင်းပိတ်လက်ကျန် | ၃၀,၈၈၄,၆၉၄,၆၁၅.၃၉ |

**COVID-19 ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေ EDC 600012 စာရင်း**

| | အမေရိကန်ဒေါ်လာ |
|---|---|
| ၂၁-၆-၂၀၂၂ ရက်နေ့ရှိ စာရင်းဖွင့်လက်ကျန် | ၁၇၈,၁၄၀,၁၄၉.၅၃ |
| (+)၂၁-၆-၂၀၂၂ မှ ၂၅-၆-၂၀၂၂ ရက်နေ့ထိ ရရှိငွေ | – |
| ၂၅-၆-၂၀၂၂ ရက်နေ့ရှိ စာရင်းပိတ်လက်ကျန် | ၁၇၈,၁၄၀,၁၄၉.၅၃ |

**COVID–19 ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေ(COVID–19 Vaccination Fund)OA 013733 သို့ အများပြည်သူများမှ လှူဒါန်းငွေစာရင်း (၂၁–၆–၂၀၂၂ ရက်နေ့မှ ၂၅–၆–၂၀၂၂ ရက်နေ့အထိ)**

| စဉ် | လှူဒါန်းငွေပေးသွင်းသူအမည် | ကျပ် |
|---|---|---|
| | ၂၂-၆-၂၀၂၂ | ၁၀,၅၅၀,၀၀၀ |
| ၁ | [illegible] | ၁၀,၅၅၀,၀၀၀ |
| | | |
| | ၂၃-၆-၂၀၂၂ | ၆၀၀,၀၀၀ |
| ၁ | [illegible] | ၆၀၀,၀၀၀ |
| | | |
| | (၂၁-၆-၂၀၂၂ ရက်နေ့မှ ၂၅-၆-၂၀၂၂ ရက်နေ့ထိ) စုစုပေါင်း | ၁၁,၁၅၀,၀၀၀ |

မှတ်ချက်။ (က) အလှူရှင်များက ပေးပို့ထားသည့် အချက်အလက်များနှင့် ဘဏ်သို့ထည့်သွင်းထားသည့် အချက်အလက်များအရ နေရပ်လိပ်စာဖော်ပြထားခြင်းဖြစ်ပါသည်။

(ခ) မြန်မာ့စီးပွားရေးဘဏ်ရှိ မြန်မာကျပ်ငွေစာရင်းနှင့် နိုင်ငံခြားငွေစာရင်းများသို့ ဝင်ရောက်ပြီးသည့် လှူဒါန်းငွေများဖြစ်ပါသည်။

COVID–19 ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေ စီမံခန့်ခွဲမှုဆပ်ကော်မတီ

# ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ဝင်ရောက်မှုမရှိစေရေး အစီအမံများတိုးမြှင့်ဆောင်ရွက်မည်ဖြစ်ကြောင်း အသိပေးပန်ကြားချက်ထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**နေပြည်တော်ကောင်စီ**

**နေပြည်တော်ကောင်စီ Coronavirus Disease 2019 (COVID-19)**

**ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ**

**ပြည်သူများသိရှိစေရန် အသိပေးပန်ကြားချက်**

ရက်စွဲ၊ ၂၀၂၂ ခုနှစ်၊ ဇွန်လ ၂၅ ရက်

၁။ မြန်မာနိုင်ငံတွင် မျိုးရိုးဗီဇကွဲ COVID–19 ရောဂါပိုးသည် (၂၀၂၁)ခုနှစ်၊ မေလကုန် ဇွန်လဆန်းမှစတင်၍ ရောဂါဖြစ်ပွားမှုနှုန်း ပြန်လည်မြင့်တက်လာခဲ့ပြီး ခုတ်ခွဲအတည်ပြုလူနာအသစ်များ နေ့စဉ်တွေ့ရှိနေရ၍ ရောဂါကာကွယ်ရေးနှင့် ထိန်းချုပ်ရေးလုပ်ငန်းများအပြင် ကုသရေးလုပ်ငန်းများအား အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပြီး COVID–19 ရောဂါကူးစက်ပြန့်ပွားမှုမရှိစေရေး အထူးလိုအပ်လျက်ရှိရာ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်အတွင်း နေထိုင်သူများနှင့် နေပြည်တော်ပြင်ပမှ ဝင်ရောက်လာသူများ၊ ကုန်တင်ယာဉ်များ၊ ခရီးသည်တင်ယာဉ်များအနေဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်သွားရန် အသိပေးပန်ကြားချက်အား နေပြည်တော်ကောင်စီ Coronavirus Disease 2019 (COVID–19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီမှ(၁၈-၆-၂၀၂၂)ရက်နေ့တွင် ထုတ်ပြန်ထားပြီးဖြစ်ပါသည်။

၂။ သို့ရာတွင် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်သည် တစ်နိုင်ငံလုံး၏ ပြည်သူလူထုအတွက် ကျန်းမာရေး၊ စီးပွားရေး၊ ပညာရေး၊ ဘာသာရေးနှင့် အခြားသောကိစ္စရပ်များ ဆောင်ရွက်ပေးရသော အစိုးရဌာနများ အဓိကရုံးစိုက်ရာ နေရာဖြစ်သည့်အတွက် COVID–19 ရောဂါ ကူးစက်ဝင်ရောက်မှုမရှိစေရေး အောက်ပါအစီအမံများကို တိုးမြှင့်ဆောင်ရွက်မည်ဖြစ်ပါသည် –

(က) အဝင်ဂိတ်များတွင် ကိုယ်အပူချိန်တိုင်းတာခြင်း၊ COVID–19 ရောဂါ သံသယလက္ခဏာများ စိစစ်ခြင်းနှင့် သွေးတွင်းအောက်ဆီဂျင်တိုင်းတာခြင်းများ ဆောင်ရွက်ရန်၊ ကိုယ်အပူချိန်မြင့်တက်ခြင်း၊ သံသယလက္ခဏာများရှိခြင်း၊ သွေးတွင်းအောက်ဆီဂျင် (၉၂%)အောက် ကျဆင်းခြင်းတို့ရှိပါက RDT ဖြင့် စစ်ဆေး၍ လိုအပ်သောကုသမှုများ ဆက်လက်ဆောင်ရွက်ပါမည်။

(ခ) stay at home သတ်မှတ်ထားသော မြို့နယ်များမှ လာရောက်သူများအား (၁၀)ရက် အသွားအလာကန့်သတ်၍ (၂)ကြိမ်ခုတ်ခွဲစစ်ဆေးပါမည်။

(ဂ) အစိုးရရုံး/ဌာနများသို့ လာရောက်သည့် ဧည့်သည်များသည် နေပြည်တော်အဝင်ဂိတ်တွင် RDT ဖြင့် စစ်ဆေး၍ Negative အဖြေရမှသာ ဝင်ရောက်ခွင့်ပြုရန်နှင့် Positive ဖြစ်ပါက သတ်မှတ်ထားသည့် ဆေးရုံသို့ ပို့ဆောင်ကုသမှုခံယူစေပါမည်။

(ဃ) နေပြည်တော်တွင် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများအနေဖြင့် လုပ်ငန်းတာဝန်အရလည်းကောင်း၊ အခြားခွင့်ပြုချက်များဖြင့် ခရီးသွားရောက်၍ နေပြည်တော်သို့ ပြန်လည်ဝင်ရောက်ပါက နေပြည်တော်အဝင်ဂိတ်တွင် RDT ဖြင့် စစ်ဆေးပါမည်။

၃။ သို့ဖြစ်ပါ၍ နေပြည်တော်ကောင်စီနယ်မြေအတွင်း နေထိုင်သူများနှင့် ပြင်ပမှဝင်ရောက်လာသောသူများအနေဖြင့် COVID–19 ရောဂါ ပြန့်ပွားမှု ထိန်းချုပ်ခြင်းလုပ်ငန်းများ ထိရောက်စေရေးအတွက် ဖော်ပြပါ ထပ်မံတိုးမြှင့်ဆောင်ရွက်မည့်အစီအမံများကို သိရှိလိုက်နာဆောင်ရွက်သွားရန် ထပ်မံအသိပေးပန်ကြားပါသည်။

**နေပြည်တော်ကောင်စီ Coronavirus Disease 2019 (COVID–19)**
**ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ**

# အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် လက်ကမ်းစာစောင်များ ဖြန့်ဝေ



**ရန်ကုန် ဇွန် ၂၅**

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးအရာရှိနှင့် ပြန်/ဆက်ဝန်ထမ်းများက ၂၀၂၂ ခုနှစ် ဇွန် ၂၆ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် သတင်းစကား လက်ကမ်းစာစောင်များကို ယမန်နေ့ မွန်းလွဲ ၃ နာရီက အင်းစိန်မြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၌ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား ဖြန့်ဝေခဲ့သည်။

ထိုသို့ဖြန့်ဝေရာတွင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရန်ကုန်မြောက်ပိုင်းခရိုင်(အင်းစိန်)ရှိ ခရိုင်ဦးစီးအရာရှိ ဒေါ်အေးအေးခိုင်နှင့် ရုံးဝန်ထမ်းများက ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများ အချိန်တိုအတွင်း လေ့လာဖတ်ရှုနိုင်ရန် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန(တိုင်းရုံး)က အခမဲ့ထုတ်ဝေပေးခဲ့သော အဆိုပါ သတင်းစကားလက်ကမ်းစာစောင်များတွင် ရေးသားဖော်ပြထားသည့် အကြောင်းအရာများမှာ “မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများ၊ မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေးလုပ်ငန်းများ၊ မူးယစ်ဆေးသုံးစွဲရခြင်း အကြောင်းရင်းများ၊ မူးယစ်ဆေးဝါးပြဿနာကို ဖြေရှင်းခြင်း၊ မူးယစ်ဆေးအန္တရာယ်ရှောင်ကြဉ်ဖွယ်”၊ “စာရေးဆရာမုံရွာဝင်းဖေ ရေးသားထားသည့် ကမ္ဘာ့ရန်သူ ဘိန်းဖြူကဗျာနှင့် အသိပညာပေးကာတွန်း” စသည့် မူးယစ်ဆေးဝါးများအကြောင်း ပါဝင်ကြောင်း သိရသည်။

**ဥဏ်ဟိန်း**

# ဇွန် ၂၅ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါပိုးရှိ လူနာသစ် ၈၅၉ ဦး တွေ့ရှိ

## COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း
### (၂၅-၆-၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ

(၂၄-၆-၂၀၂၁)ရက်နေ့၊ ည(၈:၀၀)နာရီမှ (၂၅-၆-၂၀၂၁) ရက်နေ့၊ ည(၈:၀၀)နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၅,၈၅၄) ခုအား စစ်ဆေးပြီးစီးခဲ့ရာ COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၈၅၉) ဦး တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာ စုစုပေါင်း (၂,၇၀၁,၄၀၀) ခုအား စစ်ဆေးခဲ့ပြီး COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၁၅၁,၅၇၃) ဦး ရှိပြီဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၁၉၀) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၁၃၄,၇၇၉)ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီးဖြစ်ပါသည်။ COVID-19 ရောဂါဖြင့် ထပ်မံသေဆုံးသူ (၇) ဦးရှိသဖြင့် ယနေ့အထိ သေဆုံးသူ စုစုပေါင်း (၃,၂၈၂) ဦး ရှိပါသည်။

** ပြည်သူလူထုအနေဖြင့် COVID-19 ရောဂါ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရေးအတွက် -

- နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း (Mask)ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊ လက်ကိုမကြာခဏဆေးကြောခြင်း၊ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြပါရန်၊
- ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် "ရုံးလုပ်ငန်းဌာနများတွင် COVID-19 ရောဂါကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်" နှင့် "တစ်ဦးကိုတစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်" အတိုင်း COVID-19 ရောဂါ ကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။
- COVID-19 ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ တရားဝင်အင်တာနက်စာမျက်နှာ www.mohs.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

## ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ
### (၂၅-၆-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ဓာတ်ခွဲခန်းများ | (၄၈၁) ခု | (၇၈) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၅၂) ခု | (၇) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၃၈၁) ခု | (၂၇) ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၆၃) ခု | - |
| ပြင်ဦးလွင်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၇၀၀) | (၂၈) ခု | - |
| လားရှိုးမြို့၊ အမှတ် (၉) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀) | (၉၀) ခု | (၂၆) ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၈၃၀) ခု | (၃၆) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၆၄၅) ခု | (၁၅၅) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၃,၂၈၄) ခု | (၅၃၀) ဦး |
| စုစုပေါင်း | (၅,၈၅၄) ခု | (၈၅၉) ဦး |

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၃၄၄၆၄၉၅၆ | ၂၈၈၇၁၉၁၄ | ၆၁၈၆၈၅ |
| ၂။ | အိန္ဒိယ | ၃၀၁၄၉၁၆၃ | ၂၉၀၃၂၈၅၃ | ၃၉၃၅၀၈ |
| ၃။ | ဘရာဇီး | ၁၈၂၄၃၄၈၃ | ၁၆၅၁၁၇၀၁ | ၅၀၉၂၈၂ |
| ၄။ | ပြင်သစ် | ၅၇၆၄၃၂၉ | ၅၅၉၀၁၂၃ | ၁၁၀၉၀၆ |
| ၅။ | ရုရှား | ၅၄၀၉၀၈၈ | ၄၉၂၉၆၃၉ | ၁၃၂၀၆၄ |
| ၆။ | တူရကီ | ၅၃၉၃၂၄၈ | ၅၂၅၄၇၀၈ | ၄၉၄၁၇ |
| ၇။ | ဗြိတိန် | ၄၆၈၄၅၇၂ | ၄၃၁၀၂၅၉ | ၁၂၈၀၄၈ |
| ၈။ | အာဂျင်တီးနား | ၄၃၅၀၅၆၄ | ၃၉၆၇၆၃၃ | ၉၁၄၃၈ |
| ၉။ | အီတလီ | ၄၂၅၅၇၀၀ | ၄၀၆၆၀၂၉ | ၁၂၇၃၆၂ |
| ၁၀။ | ကိုလံဘီယာ | ၄၀၆၀၀၁၃ | ၃၇၆၉၈၈၇ | ၁၀၂၆၃၆ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အင်ဒိုနီးရှား | ၂၀၇၂၈၆၇ | ၁၈၃၅၀၆၁ | ၅၆၃၇၁ |
| ၂။ | ဖိလစ်ပိုင် | ၁၃၈၅၀၅၃ | ၁၃၀၅၆၀၈ | ၂၄၁၅၂ |
| ၃။ | မလေးရှား | ၇၂၂၆၅၉ | ၆၅၇၇၃၉ | ၄၈၀၃ |
| ၄။ | ထိုင်း | ၂၃၆၂၉၁ | ၁၉၃၁၀၆ | ၁၈၁၉ |
| ၅။ | မြန်မာ | ၁၅၁၅၇၃ | ၁၃၄၇၇၉ | ၃၂၈၂ |
| ၆။ | စင်ကာပူ | ၆၂၅၁၃ | ၆၂၁၄၀ | ၃၅ |
| ၇။ | ကမ္ဘောဒီးယား | ၄၆၀၆၅ | ၄၀၇၆၉ | ၅၀၉ |
| ၈။ | ဗီယက်နမ် | ၁၄၄၃၅ | ၅၉၄၉ | ၇၄ |
| ၉။ | လာအို | ၂၀၉၄ | ၁၉၆၈ | ၃ |
| ၁၀။ | ဘရူနိုင်း | ၂၅၆ | ၂၄၅ | ၃ |

## ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များ မေးမြန်းစုံစမ်းရန်ဌာန(Call Center)မှ ပြည်သူများ သိရှိလိုသည်များကို ဖြေကြားပေးလျက်ရှိ

**နေပြည်တော် ဇွန် ၂၅**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါဆိုင်ရာကျန်းမာရေးအသိပညာများ၊ လိုက်နာဆောင်ရွက်ရန် အချက်အလက်များနှင့်ပတ်သက်၍ ပြည်သူများအနေဖြင့် သိရှိလိုသည်များကို အချိန်နှင့်တစ်ပြေးညီ ပြန်လည်ဖြေကြားနိုင်ရန်အတွက် (၂၂-၆-၂၀၂၁)ရက်နေ့၊ နံနက်(၀၈၀၀) နာရီမှစတင်၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ရုံးအမှတ်-၄၊ နေပြည်တော်တွင် သတင်းအချက်အလက်များ မေးမြန်းစုံစမ်းရန်ဌာန(Call Center)အား ဖွင့်လှစ်ထားရှိလျက်ရှိပါသည်။

သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် မိမိတို့သိရှိလိုသည့် ကိုဗစ်-၁၉ ရောဂါဆိုင်ရာ အချက်အလက်များအား ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ သတင်းအချက်အလက်များ မေးမြန်းစုံစမ်းရန်ဌာန (Call Center) ရှိ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ နေ့စဉ် နံနက်(၀၈၀၀)နာရီမှ ည(၂၁၀၀) နာရီအတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါကြောင်း သတင်းရရှိပါသည် -

(၁) ၀၆၇-၃၄၁၁၅၀၈
(၂) ၀၆၇-၃၄၁၁၅၀၉
(၃) ၀၆၇-၃၄၁၁၁၄၄
(၄) ၀၉-၈၈၂၅၅၇၉၉၁
(၅) ၀၉-၈၈၂၅၅၇၉၉၂
(၆) ၀၉-၈၈၂၅၅၇၉၉၃

သတင်းစဉ်



ကြေးမုံ



# ဂန္ထဝင်စာဆိုရှင် ဆရာကြီးမောင်ထင်

တင်တင်ဝင်း (စာပေဗိမာန်)

၂၀၀၂ ခုနှစ်အတွက် အမျိုးသားစာပေဆုနှင်းသဘင်ကို ၂၀၀၃ ခုနှစ် ဒီဇင်ဘာ ၂၃ ရက် (စာဆိုတော်နေ့) တွင် ရန်ကုန်မြို့ အမျိုးသားဇာတ်ရုံ၌ ကျင်းပရာ အမျိုးသားစာပေတစ်သက်တာဆုကို ဆရာကြီး ဦးထင်ဖတ်(မောင်ထင်)အား ချီးမြှင့်ခဲ့သည်။ အမျိုးသားစာပေတစ်သက်တာဆုကို ၂၀၀၁ ခုနှစ်တွင် စတင်တီထွင်ချီးမြှင့်ခဲ့သဖြင့် ဆရာကြီးသည် ဒုတိယမြောက်ဆုရှင်အဖြစ် အသက် ၉၃ နှစ်အရွယ်တွင် ရရှိခြင်းဖြစ်သည်။

ဆရာကြီး အသက် ၈၅ နှစ်အရွယ် ၁၉၉၄ ခုနှစ်တွင် ကျင်းပသည့် ပထမအကြိမ် ပခုက္ကူဦးအုံးဖေစာပေဆုချီးမြှင့်ပွဲတွင်လည်း ပခုက္ကူဦးအုံးဖေ တစ်သက်တာစာပေဆုကို ဆရာဦးတင်မြင့် (သခ်ီ) နှင့်တွဲလျက် ပွဲဦးထွက်ရရှိခဲ့သည်။

**စာပေဆိုင်ရာအမြင့်ဆုံးဆု**

တစ်သက်တာစာပေဆုဆိုသည်မှာ မိမိ၏ဘဝတစ်လျှောက်လုံးကို စာပေထဲတွင် မြှုပ်နှံထားပြီး မြန်မာစာပေအကျိုးကို ထူးချွန်ပြောင်မြောက်စွာ ဆောင်ရွက်လျက်ရှိသည့် သက်ရှိထင်ရှားစာပေပညာရှင်ကြီးများကို ရွေးချယ်ချီးမြှင့်သည့် စာပေဆိုင်ရာအမြင့်ဆုံးဆု ဖြစ်သည်။

ဆရာကြီးမောင်ထင်သည် တစ်သက်တာစာပေဆုကို ထိုက်တန်စွာ ချီးမြှင့်ခံရလောက်အောင်လည်း မြန်မာ၊ အင်္ဂလိပ် နှစ်ဘာသာဖြင့် စာမျိုးစုံကို အလျဉ်မပြတ် ရေးသားခဲ့သူဖြစ်သည်။ ဝတ္ထု၊ ပြဇာတ်၊ ကဗျာ၊ အက်ဆေး၊ ခရီးသွား၊ သိပ္ပံစာပေ၊ ဗုဒ္ဓစာပန်းချီ၊ သုတေသန၊ ဝေဖန်ရေးစာပေ စသည်ဖြင့် စာပေပုံသဏ္ဍာန်မျိုးစုံကို အကြောင်းရပ်နိုင်နင်းစွာ၊ လက်ရာမြောက်စွာ ရေးဖွဲ့နိုင်သည်သာမက သုတရော ရသပါ နှစ်ဖြာ ကျွမ်းကျင်ပိုင်နိုင်စွာ ရေးဖွဲ့နိုင်သူဖြစ်သည်။ စာရေးဆရာတစ်ဦးသည် စာအများအပြား ရေးသားထုတ်ဝေနိုင်သည်ဟုဆိုသော်လည်း သူ၏စာပေလက်ရာတိုင်းသည် ဂန္ထဝင်စာပေစာရင်းဝင်သည်တော့ မဟုတ်ပေ။ သို့သော် ဆရာကြီး၏ စာပေလက်ရာအများစုကမူ မြန်မာဂန္ထဝင်စာပေစာရင်းတွင် မှတ်ကျောက်တင်ခဲ့သည်ချည်း ဖြစ်သည်။

ဖခင်မှာ စာပေဝါသနာအိုးဖြစ်သဖြင့် ဆရာကြီးသည်လည်း စာပေဝါသနာပါခဲ့ပြီး ငယ်စဉ်က အယ်ဒီတာဖြစ်ရန် ရည်မှန်းခဲ့သည်ဟု သိရပါသည်။ တက္ကသိုလ်ရောက်သောအခါ ဆရာဝန်ဖြစ်ရန် ရည်မှန်းလျက် ဆေးပညာကို သင်ကြားခဲ့သော်လည်း ဥပစာဒုတိယနှစ်အပြီးတွင် သိပ္ပံပညာရပ်မှ ဝိဇ္ဇာပညာရပ်သို့ ကူးပြောင်းသင်ကြားခဲ့ပြီး ကျောင်းဆရာ၊ မြို့ပိုင်၊ ညွှန်ကြားရေးဝန်ဘဝတို့နှင့် တွဲဖက်လျက် စာရေးဆရာ၊ စာပေပညာရှင်ဘဝသို့ ရောက်ရှိခဲ့ခြင်း ဖြစ်ပါသည်။

**ဆိုမိန့်ခဲ့**

"စာရေးဆရာ စာရေးတယ်ဆိုတာ ပြောစရာရှိလို့၊ ပြောချင်လို့၊ ပြောစေချင်လို့ကွ၊ စာရေးတဲ့အခါ စိတ်ကောင်းထားဖို့လိုတယ်။ စေတနာထားပြီး ရေးရမယ်၊ မိမိဘာကိုဆိုလိုသလဲဆိုတာ ကိုယ်ရေးလိုက်တဲ့ စာထဲက အတွေးအခေါ်၊ အယူအဆမှာ ရှာတွေ့သွားကြဖို့ လိုအပ်တယ်"ဟု ဆိုမိန့်ခဲ့ဖူးပါသည်။

သူ၏ အဆိုအမိန့်အတိုင်းပင် စာဖတ်ပရိသတ်အတွက် အသိအမြင်နှင့် ဗဟုသုတကြွယ်ဝစေမည့် စာပေများစွာကို ရေးသားခဲ့ပါသည်။ ခေတ်အဆက်ဆက် ဖြတ်သန်းခဲ့ရသူဖြစ်သဖြင့် ဘဝအတွေ့အကြုံများစွာထဲမှ ရောက်ဆဲခေတ်၏ ပုံရိပ်များ၊ အတွေးအမြင်များ၊ အသိအလိမ္မာများကို စာပေမှတစ်ဆင့် မနားမနေ အားထုတ်ဖြန့်ဝေနိုင်ခဲ့သည်။

သမိုင်းခေတ်ကာလအလိုက် ကိုလိုနီစနစ်ဆန့်ကျင်ရေး၊ လွတ်လပ်ရေးကြိုးပမ်းမှု အားပေးရေး၊ နိုင်ငံနှင့်လူမျိုး ခေတ်မီရေး၊ အတွေးအခေါ် မှန်ကန်ရေးတို့ကို လှုံ့ဆော်ဦးတည်ရေးဖွဲ့ခဲ့သည်။ စစ်ပြီးခေတ် ခေတ်စမ်းစာပေ ပေါ်ထွန်းလာမှုတွင် သခင်ဘသောင်း၏ ဘာသာပြန်များ၊ သိပ္ပံမောင်ဝ၏ ကိုယ်တွေ့ဝတ္ထုတိုများ၊ ပန်းတနော် ဦးခန့်၏ ဆောင်းပါးများနှင့်အတူ မောင်ထင်၏ ကိုဒေါင်းဝတ္ထုတိုများ ပါဝင်ခဲ့သည်ဟု ဂန္ထလောကမဂ္ဂဇင်း အယ်ဒီတာဖြစ်ခဲ့သော ဆရာဦးအုန်းဖေ (တက်တိုး) က ရေးသားခဲ့ပါသည်။

ဆရာကြီးသည် မြစ်ဝကျွန်းပေါ်ဇာတိဖြစ်သဖြင့် မြစ်ဝကျွန်းပေါ်ဒေသ ရပ်ဓလေ့၊ ရွာဓလေ့နှင့် ယင်းဒေသရှိ လူတို့၏သရုပ်ကို ပီပြင်စွာရေးဖွဲ့နိုင်သည်။ ၁၉၃၄ ခုနှစ်မှ ၁၉၄၇ ခုနှစ်အထိ ဂန္ထလောကမဂ္ဂဇင်း၌ စတင်ရေးသားခဲ့သော ကိုဒေါင်းဝတ္ထုတို ကိုးပုဒ်မှာ ဦးလေးဖြစ်သူ၏ သူငယ်ချင်း ရွှေးမြစ်ကမ်း လပွတ္တာမြို့တွင်နေထိုင်သည့် ကိုကြီးဖိုးဒေါင်း၏ ဘဝကုန်ကြမ်းများကို အခြေပြု၍ လောကကြီး၏ ကမောက်ကမတို့ကို ရေးဖွဲ့ခဲ့ခြင်းဖြစ်သည်။ ကိုဒေါင်းဝတ္ထုများကို ခေတ်ပြိုင်စာရေးဆရာများက မြန်မာဝတ္ထုတိုသမိုင်းတွင် တွေ့ရခဲသော ရသမြောက် ဘဝသရုပ်ဖော်ထေ့စာပုံသဏ္ဍာန်များဖြစ်သည်ဟု သုံးသပ်ခဲ့ကြပါသည်။

**ဘဝတ္ထု**

ဆရာ၏လက်ရာများအနက် ဘဝတ္ထု (၁၉၄၀) မှာ စစ်ပြီးခေတ် မြန်မာဝတ္ထုများတွင် ထူးခြားထင်ရှားသော ဝတ္ထုတစ်အုပ်ဖြစ်သည်။ ကိုလိုနီခေတ် စစ်ဖြစ်ခါစ စပ်ကူးမပ်ကူးကာလ မြစ်ဝကျွန်းပေါ်ဒေသကို နောက်ခံပြုပြီး ခေတ်အဆက်ဆက် ကိုယ့်ကြမ္မာ ကိုယ်မဖန်တီးနိုင်သော မြန်မာလယ်သမားတို့၏ ဖိနှိပ်ခံရမှု၊ ရုန်းကန်လှုပ်ရှားရမှုများကို သွက်သွက်နှင့်ထေ့ထေ့ ပီပြင်စွာ ရေးဖွဲ့ထားသည်။ ငဘနှင့်မိဖော့၊ ချက်ကြီးနှင့် မိနီတို့၏ ဇာတ်ကောင်စရိုက်များမှာ ခေတ်ကိုသရော်လျက် ပီပြင်စွာ သရုပ်ဖော်ထားသဖြင့် စာနာစိတ်၊ အမြင်ကတ်စိတ်၊ ဝမ်းနည်းစိတ်တို့ဖြင့် စာဖတ်သူတို့ရင်ကို လှိုင်းခတ်သကဲ့သို့ ခံစားကြရ၏။ စာဖတ်သူများ နှစ်ခြိုက်ကြသဖြင့် ဘဝတ္ထုမှာ ဂန္ထဝင်လက်ရာအဖြစ် အကြိမ်ကြိမ် ပုံနှိပ်ထုတ်ဝေခဲ့ရသကဲ့သို့ တရုတ်၊ အိန္ဒိယ၊ ဂျပန်၊ ရုရှားဘာသာတို့ဖြင့် ဘာသာပြန်ဆို ထုတ်ဝေခဲ့ရသည်။ ၂၀၂၀ ပြည့်နှစ်အတွင်း စာပေဗိမာန်က ထုတ်ဝေခဲ့သည့် မြန်မာဂန္ထဝင် အတွဲ ၁၀၀ စာစဉ် ဝတ္ထုရှည် အတွဲ (၈) တွင် ဘဝတ္ထုကို ဖော်ပြထားပါသည်။

> **ဆရာကြီးမောင်ထင်သည် တစ်သက်တာစာပေဆုကို ထိုက်တန်စွာ ချီးမြှင့်ခံရလောက်အောင်လည်း မြန်မာ၊ အင်္ဂလိပ်နှစ်ဘာသာဖြင့် စာမျိုးစုံကို အလျဉ်မပြတ် ရေးသားခဲ့သူဖြစ်သည်။ ဝတ္ထု၊ ပြဇာတ်၊ ကဗျာ၊ အက်ဆေး၊ ခရီးသွား၊ သိပ္ပံစာပေ၊ ဗုဒ္ဓစာပန်းချီ၊ သုတေသန၊ ဝေဖန်ရေးစာပေ စသည်ဖြင့် စာပေပုံသဏ္ဍာန်မျိုးစုံကို အကြောင်းရပ်နိုင်နင်းစွာ၊ လက်ရာမြောက်စွာ ရေးဖွဲ့နိုင်သည်သာမက သုတရောရသပါ နှစ်ဖြာ ကျွမ်းကျင်ပိုင်နိုင်စွာ ရေးဖွဲ့နိုင်သူဖြစ်သည်။ ဆရာကြီး၏ စာပေလက်ရာအများစုကမူ မြန်မာဂန္ထဝင်စာပေစာရင်းတွင် မှတ်ကျောက်တင်ခဲ့သည်ချည်းဖြစ်။**



အမျိုးသားစာပေတစ်သက်တာဆုရှင်
ဆရာကြီးဦးထင်ဖတ်(မောင်ထင်)

ဆရာကြီးသည် သုတေသနစာအုပ်များဖြစ်သည့် ကမ္ဘာ့စာပေအညွှန်းစာအုပ်များကို ဘာသာပြန်ခဲ့ရာ အိန္ဒိယ၊ အီရန်၊ အာရပ်၊ တရုတ်၊ ဂျပန်၊ ဟေးဗရူး၊ ဂရိ၊ ရောမ၊ အင်္ဂလိပ်၊ အမေရိက၊ ပြင်သစ်စာပေသမိုင်းများကို စာပေဗိမာန်က ထုတ်ဝေခဲ့ပြီး ဂျာမန်စာပေသမိုင်းကို စိတ်ကူးချိုချိုစာအုပ်တိုက်က ထုတ်ဝေခဲ့ပါသည်။ ယင်းစာပေသမိုင်း စာအုပ်များသည် ယင်းနိုင်ငံ၏ ရှေးခေတ်မှ မျက်မှောက်ခေတ်အထိ အခြေအနေတို့ကို ကမ္ဘာ့စာပေ၊ မြန်မာ့စာပေများနှင့် နှိုင်းယှဉ်ထင်ဟပ်ပြီး လိုရင်းတိုရှင်း စိတ်ဝင်စားဖွယ် ရေးသားထားသဖြင့် စာပေသုတေသီများအတွက် ခေတ်အဆက်ဆက် ကိုးကားနိုင်သည့် လွန်စွာတန်ဖိုးရှိလှသော ရည်ညွှန်းစာပေတွဲကြီးများ ဖြစ်ပါသည်။ လူငယ်များအတွက် ရည်ရွယ်၍ စာအုပ်တိုင်း၏ ရှေ့ဆုံးတွင် "ပွင့်သစ်စ စာပေအနုပညာရှင်များသို့"ဟု ရေးသားထားပါသည်။

**မီးမောင်းထိုးပြ**

မြန်မာ့ပြဇာတ်စာပေနှင့် မြန်မာစင်တင်ပြဇာတ်များ ထွန်းကားတည်တံ့ရေးအတွက် ဆရာသည်ပြဇာတ်များကိုလည်း အစဉ်တစိုက်ရေးသားခဲ့သည်။ စင်တင်ခွင့်ရလျှင် စင်တင်ပြီး စာအုပ်ထုတ်ဝေခွင့်ရလျှင်လည်း ထုတ်ဝေခဲ့သည်။ ခေတ်ကာလ အခြေအနေအလျောက် နိုင်ငံသားများ မျိုးချစ်စိတ်ထွန်းကားရန် ရည်ရွယ်နှိုးဆော်ရေးသားသကဲ့သို့ အမြင်မတော်သည့်အချက်များကို မိမိပြဇာတ်များမှတစ်ဆင့် မီးမောင်းထိုးပြသည်။ သတိပေးသရော်ခဲ့သည်။ ဆရာကြီး၏ ပထမဦးဆုံးရေးသားသော ပြဇာတ်မှာ "ဘာအရေးကြီးဆုံးလဲ" ပြဇာတ် (၁၉၄၄) ဖြစ်သည်။ ယင်းပြဇာတ်ကို ဂျပန်ခေတ် ကန်တော်မိတ်ရုံ၌ ၁၉၄၄ ခုနှစ်တွင် ပထမဆုံးတင်ဆက်ခဲ့သည်။ ဆရာကြီးသည် စုစုပေါင်း ပြဇာတ်ခုနစ်ပုဒ် ရေးသားခဲ့သည်။

ဆရာကြီးသည် ၁၉၈၁ ခုနှစ်တွင် အင်္ဂလိပ်ဂန္ထဝင် စာရေးဆရာ ဂျော်နသန်ဆွစ် ရေးသားသည့် "ဂါလီဗာ၏ ခရီးစဉ်"(Gulliver's Travels) စာအုပ်ဖြင့် အမျိုးသားစာပေဆု (ဘာသာပြန်-ရသဆု) ကို ရရှိခဲ့သည်။ လူတို့၏ လောဘ၊ ဒေါသ၊ မောဟ၊ မာန၊ ဣဿာတရားတို့နှင့်စပ်လျဉ်း၍ သံဝေဂရစေရန် ထေ့လုံးငေါ့လုံးတို့ဖြင့် ရေးဖွဲ့ထားသည့် လောကသရော်စာအဖွဲ့ကို ဆရာကြီးက အရေးအဖွဲ့သွက်သွက် အာဝဇ္ဇန်းရွှင်ရွှင် ဘာသာပြန်ဆိုထားသည့် လက်ရာဖြစ်သည်။

စာမျက်နှာ ၁၉ သို့ ❖









❖ စာမျက်နှာ ၁၈ မှ

ဆရာ၏အတွေး၊ ဆရာ၏ရေးဟန်၊ ဆရာ၏ လေတို့နှင့် သရော်စာအဖွဲ့ (Satire) တို့သည် မြန်မာစာပေသမိုင်းတွင် အထင်အရှား ကျန်ခဲ့ပါသည်။ ဆရာသည် သရော်စာအရေးကောင်းသည်ဟု သတ်မှတ်ခံရသည့်နည်းတူ သူကိုယ်တိုင်လည်း လောက၏ တရားမှု၊ မတရားမှုနှင့် အမြီးအမောက်မတည့်မှု၊ ကမောက်ကမဖြစ်တတ်မှုတို့ကို အမြင်မတော်သည့်အခါမျိုးတွင် ပြောဆိုတတ်သော ဝါသနာရှိသည်။

**သရော်စာရေးသူ၏ စိတ်ထားကို ဖွင့်ဟ**

မောင်ထင်၏ အတွေးပဒေသာစာအုပ် နိဒါန်းတွင် "ကျွန်တော်သည် အင်္ဂလိပ် Satire အဖွဲ့ကိုလည်းကောင်း၊ မြန်မာရကန်ကိုလည်းကောင်း အထူးဝါသနာပါသည်။ ထိုဝါသနာကြောင့် ကျွန်တော်ဖွဲ့နွဲ့သော အရေးအသားမျိုးတွင် အင်္ဂလိပ် Satire အဖွဲ့အနွဲ့နှင့် မြန်မာရကန်အဖွဲ့အနွဲ့တို့၏ ဩဇာလွှမ်းမိုးလျက်ရှိပါသည်"ဟု သရော်စာရေးခဲ့ရခြင်း အကြောင်းကို ဖွင့်ဟခဲ့ပြီး "----နုစဉ်အခါက မတော်တာကိုမြင်လျှင် ရယ်ချင်သောဝါသနာကြောင့် ရာမရာ၊ တော်မတော် မစဉ်းစားမိဘဲ အမြင်မတော်လျှင် ကလောင်နှင့် ကလိပါသည်။ ဤသို့ကလိသည်မှာ ရယ်စရာသက်သက်ရေးခြင်းဖြစ်သည်ဟု ယူဆပါသည်။ ပုဂ္ဂိုလ်စွဲ အာဃာတဖြင့် ရေးခြင်းမဟုတ်ပါ"ဟု သူရေးသည့် သရော်စာများကို ဝေဖန်ကြသူများအား သရော်စာရေးသူ၏ စိတ်ထားကို ဖွင့်ဟဖော်ပြခဲ့သည်။

ဆရာဇော်ဂျီက ... "အမြင်မတော်သော အချက်များကို မြင်လျှင်လည်း အချက်ကျကျ သရော်တတ်၏။ ချီးမွမ်းခြေကျောက်လုပ်တတ်၏" ဟု ဂန္ထလောကမဂ္ဂဇင်း၌ ရေးသားခဲ့ဖူးပါသည်။ ဆရာတက္ကသိုလ်ထင်ကြီးက "ဆရာမောင်ထင်၌ ထူးခြားသော အရည်အချင်းများရှိကြောင်း၊ အငေါ့စာရေးသားရာ၌ သူမတူအောင် ပြောင်မြောက်လှကြောင်း" မှတ်ချက်ပြုသည်။ ဆရာထင်လင်းကလည်း "ဆရာမောင်ထင်သည် မြန်မာစာအရေးအသား နိုင်နင်းကျွမ်းကျင်သည်။ ဟာသရှိသည်။ မြန်မာစာပေလောကတွင် စာရေးဆရာကောင်းများစွာရှိသော်လည်း မောင်ထင်လို ဘာစာရေးရေး ဖတ်ကောင်းသည်ဆိုသော စာရေးဆရာမျိုးတော့ သိပ်ရှိမည်မထင်" ဟု ဆိုခဲ့သည်။ ဆရာဒဂုန်နတ်ရှင်က "မောင်ထင်၏ စာပေလေ့လာရေးသားဖတ်ရှုမှု၌ လွန်စွာတိကျသေချာစေ့စပ်ပုံကို သူ၏ ယောအတွင်းဝန်ဦးဘိုးလှိုင် အတ္ထုပ္ပတ္တိစာအုပ်ကို ဖတ်ကြည့်လျှင် သိနိုင်သည်"ဟု ပြောခဲ့သည်။ ဆရာဇဝနကလည်း "မောင်ထင်ဟာ သူရည်မှန်းခဲ့သလို ဆရာဝန်တစ်ယောက်ဖြစ်သွားခဲ့ရင် ဆေးပညာစာပေတွေပဲရေးမှာ၊ အခုလို ဘက်စုံတော် ကျွမ်းအောင်မြင်တဲ့ စာပေလုပ်သားတစ်ယောက် ဖြစ်လာမှာမဟုတ်ဘူး"ဟု ပြောခဲ့သည်။ ဆရာပါရဂူက "သူသည် စာရေးဆရာလုပ်ရန် မွေးလာသူဖြစ်ဟန်တူသည်"ဟု မှတ်ချက်ပြုသကဲ့သို့ ဆရာဒဂုန်တာရာကမူ "သူ၏ထူးခြားချက်မှာ ပြောင်လှောင်သရော်တတ်ပြီး ရယ်မောရင်းက လူ့သဘာဝအထွေထွေကို ခြယ်ရေးသရုပ်ဖော်ပြသူ အနုပညာရှင်ဖြစ်သည်"ဟု စသည်ဖြင့် စာရေးဆရာကြီးများက ဂုဏ်ပြုရေးသားခဲ့ကြသည်။

ဆရာကြီးကို ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် လပွတ္တာမြို့၌ အဖ မြေပိုင်ရှင် ဦးတရောင်၊ အမိ ဒေါ်စိန်ပွင့်တို့က ၁၉၀၉ ခုနှစ် မတ်လ ၂၁ ရက် တနင်္ဂနွေနေ့တွင် ဖွားမြင်သည်။ အမည်ရင်းမှာ ဦးထင်ဖတ်ဖြစ်သည်။ ကလောင်အမည်ကွဲများမှာ ငဘ၊ ဖိုးတေ၊ Htin Fatt၊ L.H.F၊ H.F တို့ ဖြစ်ကြသည်။

မြောင်းမြမြို့၊ လပွတ္တာမြို့၊ ရန်ကုန်မြို့မ တိုင်းရင်းသား အထက်တန်းကျောင်းတို့တွင် အထက်တန်းပညာသင်ကြားခဲ့သည်။ ၁၉၂၆ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်၌ ဥပစာသိပ္ပံ အောင်ကာ ၁၉၃၃ ခုနှစ်တွင် မြန်မာစာပေအတွက် ရွှေတံဆိပ်ဆုရရှိကာ ဝိဇ္ဇာဘွဲ့ရသည်။

**နိုင်ငံ့တာဝန်များကို ထမ်းဆောင်ခဲ့**

၁၉၃၅ ခုနှစ်တွင် မြောင်းမြမြို့၌ အထက်တန်းပြဆရာအဖြစ် အလုပ်စတင်ဝင်ရောက်ပြီး မြို့အုပ်၊ မြို့ပိုင်၊ နိုင်ငံခြားရေးရုံး လက်ထောက်အတွင်းဝန်၊ သတင်းနှင့် ဝါဒဖြန့်ချိရေး ဒုတိယအတွင်းဝန်၊ ပြန်ကြားရေးဝန်ကြီးဌာန အသံလွှင့်ဌာန ညွှန်ကြားရေးဝန်၊ ရခိုင်တွင် ပြန်လည်ထူထောင်ရေးနှင့် နေရာချထားရေးမင်းကြီး၊ ပြန်ကြားရေးဝန်၊ ရန်ကုန်နေ့စဉ်သတင်းစာအုပ်ချုပ်မှု အယ်ဒီတာ၊ လူငယ်ကြီးပွားရေးအသင်း အလုပ်အမှုဆောင်အဖွဲ့ဝင်၊ စာပေဗိမာန် မြန်မာ့စွယ်စုံကျမ်း အတိုင်ပင်ခံ၊ နယူးဘားမား အပတ်စဉ်ဂျာနယ်ထုတ်ဝေသူ၊ အင်္ဂလန်နိုင်ငံ လန်ဒန်တိုင်းသတင်းထောက်၊ ကိုယ်ပိုင်မြန်မာသတင်းဆောင်းပါးဌာန (Burma News Feature)




တည်ထောင်သူ၊ မြန်မာစာကော်မရှင်နှင့် ဘာသာပြန်ကော်မရှင်အဖွဲ့ဝင်၊ မြန်မာ့သမိုင်းဖြစ်ရပ်အမှန်များ ရေးသားပြုစုရေးအဖွဲ့ဝင်၊ မြန်မာ့သမိုင်းအဖွဲ့ အချိန်ပိုင်းအဖွဲ့ဝင်အဖြစ် အသက် ၉၀ ကျော်သည်အထိ နိုင်ငံ့တာဝန်များကို ထမ်းဆောင်ခဲ့သည်။

ထို့ပြင် စာပေဖွံ့ဖြိုးရေးလုပ်ငန်းများအဖြစ် မြန်မာနိုင်ငံစာရေးဆရာအသင်းဥက္ကဋ္ဌ၊ မြန်မာနိုင်ငံလုံးဆိုင်ရာ စာကြည့်တိုက်များဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ သတင်းစာဆရာအသင်းဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ စာရေးဆရာအသင်းအမှုဆောင်၊ မြန်မာနိုင်ငံစာပေလုပ်သား စည်းရုံးရေးကော်မတီဝင်၊ နိုင်ငံခြားဆက်သွယ်ရေးမှူး စသည့်တာဝန်များ ထမ်းဆောင်ခဲ့သည်။ ဂျပန်၊ အင်္ဂလန်၊ ပြင်သစ်၊ သီရိလင်္ကာတို့သို့ စာနယ်ဇင်းဆိုင်ရာခရီးများ သွားရောက်ခဲ့သည်။ ၁၉၅၆ ခုနှစ်တွင် ဆရာသိန်းဖေမြင့်နှင့်အတူ တရုတ်စာရေးဆရာ လူရွှန်း (Lu Xun) ၏ မွေးနေ့အခမ်းအနားတက်ရောက်ရန်အတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ သွားရောက်ခဲ့သည်။

မြို့မကျောင်းတွင် ပညာသင်ကြားစဉ် "မောင်ထင်ဖတ်"အမည်ရင်းဖြင့် ဝံသယုဝမဂ္ဂဇင်း၌ စာစတင်ရေးသည်။ ၁၉၃၂-၃၃ ခုနှစ် ရန်ကုန်တက္ကသိုလ်နှစ်လည်မဂ္ဂဇင်း၌ "မောင်ထင်"ကလောင်အမည်ဖြင့် အင်္ဂလိပ်ဘာသာဖြင့် ကလောင်သွေးသည်။ ၁၉၃၆ ခုနှစ် ဇန်နဝါရီ အိုးဝေမဂ္ဂဇင်းတွင် ညိုမြနှင့် တွဲဖက်၍ "မိချော" ပြဇာတ်ကိုရေးကာ ထိုခေတ်နိုင်ငံရေးကို သရော်ခဲ့သည်။ ဟံသာဝတီသတင်းစာတွင် "ဖိုးတေ" ကလောင်အမည်ဖြင့် "ကြုံလေဘုံဘွေ" အခန်းကို ၁၉၄၉ ခုနှစ်မှ ၁၉၆၉ ခုနှစ်အထိ ရေးသားခဲ့သည်။ ဆရာကြီးသည် ကဗျာနှင့် ဆောင်းပါး ၃၀၀ ကျော်၊ ပင်ကိုရေးနှင့် ဘာသာပြန်ဆောင်းပါး ၂၀၀ ကျော်၊ လုံးချင်းစာအုပ် ၄၅ အုပ်တို့ကို ရေးသားခဲ့ပြီး ကိုဒေါင်းဝတ္ထု ၁၉၃၇ သည် ဆရာ၏ပထမဆုံး ပုံနှိပ်စာအုပ် ဖြစ်သည်။ လုံးချင်းစာအုပ် ၄၅ အုပ်အနက် ၁၈ အုပ်မှာ ဆရာရေးသားခဲ့ပြီး မထုတ်ရသေးသော စာအုပ်များကို ဆရာကွယ်လွန်ပြီးမှ မိသားစုက ထုတ်ဝေခြင်းဖြစ်သည်။

ဆရာ၏ လက်ရာများအနက် ဘာအရေးကြီးဆုံးလဲ(၁၉၄၄)၊ အာဇာနည်မိခင်ပြဇာတ် (၁၉၄၄)၊ ငဘ (၁၉၄၇)၊ ရာဇဓမ္မ သင်္ဂဟကျမ်းနှင့် ယောအတွင်းဝန်ဦးဘိုးလှိုင် အတ္ထုပ္ပတ္တိ (၁၉၆၀)၊ ဗမာ့နိုင်ငံရေးသုခမိန် (၁၉၆၅)၊ မြန်မာ့လယ်ယာမြေစနစ် (၁၉၆၆)၊ မိုပါဆွန်းဝတ္ထုတိုများ (၁၉၆၆)၊ မောင်ထင်၏ ဝတ္ထုတိုများ (၁၉၇၄)၊ မြို့အုပ်ပုံပြင် (၁၉၇၆)၊ အနာဂတ္တိကျမ်း (၁၉၇၇)၊ မြင်ဝါတောင် (၁၉၇၇)၊ မောင်ထင်၏ ဝတ္ထုတိုပေါင်းချုပ် (၁၉၉၉)၊ ဂန္ထဝင်သံခိပ် (၁၉၉၉)၊ မြို့အုပ်မင်းဆို ဘုံရုံကဗျာများ (၂၀၀၀)၊ စာပေရေးရာဆောင်းပါးများ (၂၀၀၄)၊ မောင်ထင်၏ ရုပ်ပုံလွှာ (၂၀၁၀) တို့မှာ ထင်ရှားသည်။ ၁၉၈၁ ခုနှစ်တွင် "ဂါလီဗာ၏ခရီးစဉ်" စာအုပ်ဖြင့် အမျိုးသား




စာပေဆု (ဘာသာပြန်-ရသဆု) ရရှိခဲ့သည်။ ၁၉၉၆ ခုနှစ်တွင် မိဘမေတ္တာ စာပေဂုဏ်ရည်ဆုကိုလည်းကောင်း၊ ၂၀၀၃ ခုနှစ်တွင် ဝိဇ္ဇာပညာထူးချွန်တံဆိပ် (ပထမအဆင့်) ကို လည်းကောင်း ရရှိခဲ့သည်။

**အားကျကြည်ညိုမဆုံးဖြစ်ရ**

၁၉၇၉ ခုနှစ် ဒေသကောလိပ် ဒုတိယနှစ် ပုံနှိပ်အတတ်ပညာလုပ်ငန်း သင်တန်းတွင် ဆရာကြီးနှင့် ကျွန်မ စတင်ဆုံတွေ့ခွင့်ရခဲ့သည်။ ဆရာကြီးက စွယ်စုံကျမ်း တည်းဖြတ်ခြင်းဘာသာရပ်ကို သင်ကြားပို့ချသည်။ ၁၉၅၄ ခုနှစ်တွင် စာပေဗိမာန်က မြန်မာ့စွယ်စုံကျမ်းတွဲများ စတင်ထုတ်ဝေစဉ် ဆရာကြီးမှာ ဌာနတာဝန်ခံ ဖြစ်ပါသည်။ ကမ္ဘာ့စွယ်စုံကျမ်းများ၊ မြန်မာ့စွယ်စုံကျမ်းများအကြောင်း နားထောင်ရသည်မှာ ကမ္ဘာ့ရှုခင်း၊ မြန်မာ့ရှုခင်းကို လွှမ်းခြုံကြည့်ခွင့်ရသည့်သဖွယ် စိတ်ကြည်နူးရသည်။ အထူးသဖြင့် စွယ်စုံကျမ်းတစ်စောင်ထုတ်ဝေရန် စာမူစုဆောင်းခြင်း၊ တည်းဖြတ်ခြင်းလုပ်ငန်းတို့ကို အသေးစိတ်သင်ကြားပေးသည်။ ဆရာကြီးတို့၏ ပို့ချချက်ကို သင်ကြားပြီးသည့်အခါ အယ်ဒီတာဟူသော Professional မှာ ခမ်းနားထည်ဝါလှသည်ဟု ခံစားရသည်။ ရှားပါးဗဟုသုတများကို ဟာသနှောလျက် အားပါးတရ ဟောပြောသင်ကြားနေသော ဆရာကြီးကိုကြည့်လျက် ဒီစာရေးဆရာကြီးဟာ ကိုဒေါင်းတို့၊ ငဘတို့လို ဝတ္ထုတွေကို ရေးခဲ့သူဟု အားကျကြည်ညိုမဆုံး ဖြစ်ရသည်။

ဒေသကောလိပ်ပြီး၍ စာပေဗိမာန်တွင် လုပ်ငန်းခွင်ဝင်သောအခါ ဆရာကြီးနှင့် မကြာခဏ ဆုံတွေ့ရသည်။ အမျိုးသားစာပေဆု၊ စာတမ်းဖတ်ပွဲ၊ စာပေလုပ်သားအဖွဲ့စသည့် စာပေအကြောင်းရပ်မျိုးစုံနှင့်ဖြစ်သည်။ စာပေဗိမာန်စာတည်းမှူးချုပ် ဆရာမ ဒေါ်အုန်းကြည် (မအုန်းကြည်-စာပေဗိမာန်)၊ ဆရာဦးမျိုးသန့် (မောင်ဆုရှင်)တို့နှင့်အတူ ဆရာကြီးအိမ်သို့ မကြာခဏ သွားခဲ့ရဖူးသည်။ အစပိုင်းတွင် ဘုတုတု၊ ခွကျကျလိုလို၊ နောက်ပြောင်သလိုလိုနှင့် အတည် ပြောတတ်သူဖြစ်၍ ကြောက်စိတ်ရှိန်စိတ်များ ဖြစ်ရသည်။ အမှားတစ်ခုခု ပြုမိသည်လားစိတ်ထင့်ရသည်။ ပြောပြီးလျှင်မူ မျက်လုံးမှေးလျက် နှုတ်ခမ်းကွေးကွေးလေးများပြုံးပြီး အားပါးတရ ရယ်မောတတ်သဖြင့် သူရယ်မောလိုက်မှပင် စိတ်ပေါ့ပါးသွားတော့သည်။ ဆရာ့ကိုတွေ့သည့်အခါတိုင်း "သူ ဒီလိုစာကောင်းပေမွန်တွေကို ဘယ်လိုတွေးပြီး ဘယ်အချိန်မှာ ဘယ်လိုအားထုတ်ရေးခဲ့ပါလိမ့်"ဟူသော ဆွတ်ပျံ့အတွေး အမြဲဝင်မိခဲ့သည်။

ဆရာကြီးသည် ၁၉၃၇ ခုနှစ်တွင် ဒေါ်သောင်းသောင်းနှင့် အိမ်ထောင်ပြုခဲ့သည်။ သားသမီး ကိုးဦး ထွန်းကားပြီး ဦးကျော်ထင်၊ ဦးစိုးထင်၊ ဦးမျိုးထင်၊ ဦးဝင်းထင်၊ ဦးသောင်းထင်၊ ဦးတိုးထင်၊ ဒေါ်ခင်သန်းရီ၊ ဒေါ်ခင်ဝင်းရီ၊ ဒေါ်ခင်ထွေးရီတို့ဖြစ်ကြသည်။ ဆရာကြီး၏သား ဦးမျိုးထင်မှာလည်း ကျွန်မ၏ဆရာ ဖြစ်ခဲ့ပါသည်။ စာပေဗိမာန်စက်ရုံတွင် ပုံနှိပ်အရာရှိဖြစ်သဖြင့် သူ့ထံတွင်လည်း ပုံနှိပ်စီစဉ်ရေးပညာ သင်ကြားခဲ့ဖူးပါသည်။ ဆရာ၏သားငယ် ဦးတိုးထင်မှာ "ညီကိုး" ကလောင်ဖြင့် စာပေများရေးသားသကဲ့သို့ "ဟင်နရီ မောင်တိုး" ကလောင်ဖြင့် ကာတွန်းများရေးဆွဲလျက် ဖခင်၏ စာပေအနုပညာအမွေကို ဆက်ခံခဲ့ပါသည်။ ဆရာ၏ စာအုပ်စာပေများကိုစွဖြင့် သားသမီးများနှင့်လည်း ကြုံဆုံရင်းနှီးခွင့်ရရှိခဲ့ပါသည်။

မြန်မာစာပေဖွံ့ဖြိုးရေးအတွက် ဝါသနာ၊ ပညာ၊ စေတနာတို့ကို အရင်းပြု၍ မိမိနိုင်ငံ၊ မိမိလူမျိုး၏ အကျိုးစီးပွားကို စာပေစွမ်းပကားဖြင့် ဦးလည်မသုန် ထမ်းရွက်ခဲ့သည့် တစ်သက်တာ စာပေဆုရှင် ဆရာကြီးမောင်ထင်သည် အသက် ၉၇ နှစ်အရွယ်၊ ၂၀၀၆ ခုနှစ် ဇန်နဝါရီလ ၂၉ ရက်နေ့တွင် အမှတ် ၂၄၈၊ က/၄ လမ်း၊ မြို့သစ် (က) ရပ်ကွက်၊ အင်းစိန်မြို့ နေအိမ်၌ ကွယ်လွန်ခဲ့ပါသည်။

ဆရာကြီးသည် ကိုဒေါင်းနောက်ဆုံးဝတ္ထုဖြစ်သည့် "ကိုဒေါင်း၏ စစ်ပွဲ" ဝတ္ထုတိုတွင် The King is dead. Long Live the King ဟူသော အနောက်နိုင်ငံ ဓလေ့ဆိုရိုးကိုမှီး၍ "ကိုဒေါင်းကားသေလေပြီ၊ ကိုဒေါင်း သက်တော်ရာကျော်ရှည်ပါစေသတည်း" ဟူ၍ ရေးဖွဲ့ခဲ့သည့်နည်းတူ ဆရာမောင်ထင်ကား မရှိတော့ပြီ။ သို့သော်လည်း ဆရာမောင်ထင်၏ စာပေလက်ရာများသည် မြန်မာစာပေလောကနှင့် စာပေချစ်မြတ်နိုးသူများ၏ နှလုံးသားတွင် အစဉ်ထာဝရ ထင်လင်းစွာ တည်ရှိနေမည်ဖြစ်ပါကြောင်း ဂုဏ်ပြုရေးသားလိုက်ရပါသည်။ ။

**ကိုးကားသည့် စာအုပ်စာရင်း**

၁။ မြန်မာစာပေအဘိဓာန်၊ မလိခ၊ ၁၉၇၄၊ သစ္စာစာပေ
၂။ ကမ္ဘာ့စာပေအညွှန်း (အင်္ဂလိပ်စာပေသမိုင်း-ပတွဲ)၊ မောင်ထင်၊ စာပေဗိမာန်၊ ၁၉၈၁
၃။ ပခုက္ကူဦးအုံးဖေစာပေဆုနှင်းသဘင်(၇-၂-၁၉၉၄) လက်ကမ်းစာအုပ်၊ စာပေဗိမာန်၊ ၁၉၉၄
၄။ အတွေးပဒေသာ၊ မောင်ထင်၊ ပါရမီစာပေ၊ ၂၀၀၂
၅။ ၂၀၀၂ ခုအတွက် အမျိုးသားစာပေဆုနှင်းသဘင် (၂၃-၁၁-၂၀၀၃) လက်ကမ်းစာအုပ်၊ ၂၀၀၃၊ စာပေဗိမာန်
၆။ စာပေထုတ်ဝေရေး မျက်နှာစာများ၊ မောင်ဆုရှင်၊ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့၊ ၂၀၀၃
၇။ မောင်ထင်ရဲ့စာတွေ၊ မောင်ထင်ရဲ့လေ၊ မောင်ကြည်သန့်၊ ဇင်ရတနာစာပေ၊ ၂၀၀၉
၈။ မောင်ထင်၏ ရုပ်ပုံလွှာ၊ ပါရမီစာပေ၊ ၂၀၁၀
၉။ သူတို့စာ သူတို့အကြောင်း၊ ပတွဲ၊ ဖိုးလမင်း (ဆင်ဖြူကျွန်း)၊ သင်းစာပေ၊ ၂၀၁၃
၁၀။မောင်ထင်၏စာစုစာရင်း၊ မတင်နွဲ့ (မဟာဝိဇ္ဇာ)၊ ဦးတိုးထင်

# လဟယ်မြို့တွင် ပန်းခင်းစီမံချက်နှင့်ပတ်သက်၍ ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်ချက်များရှင်းလင်းပွဲ ကျင်းပ

**လဟယ် ဇွန် ၂၅**
နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့၌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ လမ်းညွှန်ချက်ဖြင့် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ဆောင်ရွက်သည့် မြန်မာနိုင်ငံသားများအား ဥပဒေနှင့်အညီ ကိုင်ဆောင်သင့်သောကတ်တစ်မျိုးမျိုးထုတ်ပေးရေး ပန်းခင်းစီမံချက်နှင့်ပတ်သက်၍ ဆောင်ရွက်ရမည့်လုပ်ငန်းလမ်းညွှန်ချက်များရှင်းလင်းပွဲကို ယနေ့နံနက် ၁၀ နာရီခွဲတွင် နာဂဒေသစီမံအုပ်ချုပ်ရေးအဖွဲ့ အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ နာဂဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်းက အဖွင့်အမှာစကားပြောကြားပြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ လဟယ်မြို့နယ် ခေတ္တမြို့နယ်ဦးစီးမှူး ဦးစိုးတင့်အောင်က ပန်းခင်းစီမံချက်နှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးသည်။ လဟယ်မြို့နယ်အတွင်း ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်မရှိသည့် ပြည်သူ ၂၄၀၆ ဦးအတွက် အခမဲ့ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **မွေးကြူဇင်**



# တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် စည်ပင်သာယာရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**ဒိုက်ဦး ဇွန် ၂၅**
ပဲခူးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်(၂) ဦးတင်ဦးသည် တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးထွန်းဇော်မိုး၊ အင်ဂျင်နီယာမှူး ဦးစိုးမင်းတို့နှင့်အတူ ဇွန် ၂၁ ရက်က ဒိုက်ဦးမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ပျိုးဥယျာဉ်၌ တည်ပင်နှင့် ပျိုးပင်များ ပျိုးထောင်ထားရှိမှု၊ ရုံးရှေ့မြေသားမြောင်း တူးဖော်ထားရှိမှု၊ မြို့သစ်(၁) ၈-လမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးတင်ထွဋ်မြင့်၊ အမှုဆောင်အရာရှိ ဦးသန့်ဇင်ဦး၊ တာဝန်ခံအင်ဂျင်နီယာ ဒေါ်ရွှေထားတို့က ရှင်းလင်းတင်ပြကြပြီး တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်(၂) ဦးတင်ဦးက လိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။
**ကျော်ကျော်(ဒိုက်ဦး)**

# မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ ကြေညာချက် (၅ / ၂၀၂၁)
## ၂၀၂၁ ခုနှစ်၊ ဇွန်လ ၂၅ ရက်၊ သောကြာနေ့

၁။ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီသည် မြန်မာနိုင်ငံနှင့်မြန်မာ့လူ့အဖွဲ့အစည်း၏ အကျိုးစီးပွားအလို့ငှာ ဥပဒေပြုရေး၊ တရားစီရင်ရေး၊ စီမံအုပ်ချုပ်ရေး မဏ္ဍိုင်ကြီးများနှင့်အတူ တည့်မတ်ခိုင်မာသည့် စတုတ္ထမဏ္ဍိုင်အဖြစ် ဟန်ချက်ညီစွာ ပေါင်းစည်းလျက် မီဒီယာကဏ္ဍ၏ ရပ်တည်မှုခိုင်မာရေးကို ဦးတည်ဆောင်ရွက်လျက်ရှိပါသည်။

၂။ ယခုအခါ နိုင်ငံငြိမ်းချမ်းရေး၊ နိုင်ငံတည်ငြိမ်ရေး၊ တရားဥပဒေစိုးမိုးရေးဟူသော အမျိုးသားရေးလိုအပ်ချက်များကို မဏ္ဍိုင်ကြီးများအားလုံးမှ ပဓာနပြုကြိုးပမ်းနေကြရာတွင် မီဒီယာမဏ္ဍိုင်သည်လည်း မိမိတို့၏ သတင်းမီဒီယာဥပဒေ၊ သတင်းမီဒီယာကျင့်ဝတ်များအား မြဲမြံစွာစောင့်ထိန်းလျက် အတူတကွကြိုးပမ်းအကောင်အထည်ဖော်ကြရမည့်ကာလဖြစ်ပါသည်။ သို့ရာတွင် သတင်းဌာနအချို့သည် သတင်းမီဒီယာဥပဒေ၊ သတင်းမီဒီယာကျင့်ဝတ်များကို ချိုးဖောက်လျက် မြန်မာ့လူ့အဖွဲ့အစည်း၏ ပဋိပက္ခများပိုမိုကြီးထွားလာစေရန် လုပ်ဆောင်နေကြသဖြင့် နိုင်ငံတော်မှ ယင်းသတင်းဌာနများကို လိုင်စင်ပိတ်သိမ်းလျက် တရားမဝင်သတင်းဌာနများအဖြစ် ကြေညာခဲ့ပြီးဖြစ်ပါသည်။

၃။ သို့ဖြစ်ရာ သတင်းမီဒီယာသမားများသည် အဆိုပါလိုင်စင်ပိတ်သိမ်းခံထားရသည့် တရားမဝင်သတင်းဌာနများနှင့်ဆက်သွယ်ခြင်း၊ သတင်းပေးပို့ခြင်းများကြောင့် ဖြစ်ပေါ်လာမည့် တည်ဆဲဥပဒေ၊ သတင်းမီဒီယာဥပဒေ၊ သတင်းမီဒီယာကျင့်ဝတ် ချိုးဖောက်မှုများဆိုင်ရာ အငြင်းပွားမှုများကို မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီအနေဖြင့် တာဝန်ခံညှိနှိုင်းဖြေရှင်းဆောင်ရွက်ပေးမည် မဟုတ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ

# အပြည်ပြည်ဆိုင်ရာသမဝါယမနေ့
## ၂၀၂၁ ခုနှစ်၊ ဇူလိုင်လ(၃)ရက် (စနေနေ့)






International
Co-operative
Alliance

**" Rebuild Better Together "**

"လူမှုစီးပွားပိုမိုတိုးတက်ကောင်းမွန်ဖို့ ပိုင်းဝန်းကြိုးပမ်းတည်ဆောက်စို့"



# ငွေစာရင်းထိန်းသိမ်းနည်းသင်တန်းဆင်း

**မော်လမြိုင် ဇွန် ၂၅**
မွန်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ငွေစာရင်းထိန်းသိမ်းနည်း သင်တန်းဆင်းပွဲကို ယနေ့ညနေပိုင်းတွင် အဆိုပါဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစိုးမောင်က အမှာစကားပြောကြားသည်။

သင်တန်းတွင် ပြည်နယ်အခွန်ဦးစီးဌာန၊ ပြည်နယ်စာရင်းစစ်ချုပ်ရုံး၊ ပြည်နယ်စီမံကိန်းရေးဆွဲရေးဦးစီးဌာန၊ ပြည်နယ်ပင်စင်ဦးစီးဌာန၊ ပြည်နယ်ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနနှင့် ပြည်နယ်ဗဟိုစာရင်းအင်းအဖွဲ့ရုံးများမှ သင်တန်းနည်းပြများက သက်ဆိုင်ရာ ဘာသာရပ်အလိုက် ငါးရက်ကြာ သင်ကြားပို့ချခဲ့ကြောင်း သိရသည်။ **ဟန်မင်း**

# ပြင်ဆင်ဖတ်ရှုပါရန်

၂၀၂၁ ခုနှစ် ဇွန်လ ၂၅ ရက်နေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ ၂၀ ကော်လံ ၂ တွင် ဖော်ပြပါရှိသည့် ဆောင်းပါးရှင် မေမြန်မာ၏ ဥပဒေပြုရေးဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲများအပေါ်လေ့လာခြင်း (တောင်ကိုရီးယားနိုင်ငံ)ဆောင်းပါးပါ ရွေးကောက်ပွဲစနစ်အသစ်(လွှတ်တော်ရွေးကောက်ပွဲများအတွက်) ခေါင်းစဉ်အောက်ရှိ **"ရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်နိုင်သည့် အသက်အရွယ်ကို ၁၉ နှစ်မှ ၁၈ နှစ်သို့ လျှော့ချခဲ့ပြီး"** အစား **"ဆန္ဒမဲပေးနိုင်သည့် အသက်အရွယ်ကို ၁၉ နှစ်မှ ၁၈ နှစ်သို့ လျှော့ချခဲ့ပြီး"**ဟု လည်းကောင်း၊ စာမျက်နှာ ၂၁ ကော်လံ ၂ တွင် ကိုယ်စားလှယ်လောင်းအမည်စာရင်းတင်သွင်းခြင်း ခေါင်းစဉ်အောက်ရှိ **"အစိုးရအရာရှိများနှင့် ကိုယ်စားလှယ်လောင်းဖြစ်ရန် သတ်မှတ်တားမြစ်ထားခြင်း ခံရသောသူများသည်"** အစား **"ကိုယ်စားလှယ်လောင်းဖြစ်ရန် ကန့်သတ်ထားခြင်းခံရသော အစိုးရအရာရှိများနှင့် အခြားပုဂ္ဂိုလ်များသည်"** ဟုလည်းကောင်း ပြင်ဆင်ဖော်ပြအပ်ပါသည်။



သာယာဝတီမြို့နယ် ဇင်ပြွန်းကုန်းကျေးရွာ မတည်ရန်ပုံငွေ စီမံကိန်း(ဒုတိယအကြိမ်) ရန်ပုံငွေကျပ် ၁၉၉၅၀၀၀၀ အား အသင်းသား ၈၆ ဦးထံသို့ သာယာဝတီမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် တာဝန်ခံဝန်ထမ်းအဖွဲ့က ဇွန် ၂၅ ရက်တွင် နေ့ချင်းပြီး ထုတ်ချေးပေးစဉ်။
ကြေးမုံ

# ဝန်ထမ်းကောင်းဟူသည်

မမဝန်ထမ်း

"နိုင်ငံ့ဝန်ထမ်း" ဟူသည် ပြည်သူကို အလုပ်အကျွေးပြုသူ၊ ပြည်သူကို ဝန်ဆောင်မှုပေးနေကြသူများဖြစ်ပါသည်။ နိုင်ငံ့ဝန်ထမ်းတစ်ဦးဖြစ်လာသည်နှင့် ထမ်းဆောင်ရမည့်တာဝန်များ၊ စောင့်ထိန်းရမည့် ကျင့်ဝတ်များ၊ လိုက်နာရမည့်စည်းကမ်းများစွာ ရှိပါသည်။ မိမိတို့နိုင်ငံတွင် မိသားစုဘဝသာယာလှပရေး၊ အများနှင့်တန်းတူနေထိုင်နိုင်ရေး၊ မိသားစုအတွင်း ချစ်ခင်ကြင်နာမှုရှိစေရေးကို အိမ်ထောင်ဦးစီးဖြစ်သူ ဖခင် သို့မဟုတ် မိခင်က မိသားစုစည်းကမ်းများချမှတ်ကာ စီမံထိန်းကျောင်းလေ့ရှိပါသည်။ စည်းကမ်းမရှိလျှင် "အကွပ်မရှိသည့်ကြမ်းပရမ်းပတာ" ဟူသော ဆိုရိုးအတိုင်းမဖြစ်ရလေအောင် ထိန်းခဲ့ကြရသည်မှာ၊ လိုက်နာကျင့်သုံးခဲ့ကြသည်မှာ ယနေ့တိုင်ဖြစ်ပါသည်။ အိမ်တစ်အိမ်တွင် အိမ်၏စည်းကမ်းကို မိသားစုဝင်များက လိုက်နာကြသကဲ့သို့ နိုင်ငံတော်နှင့် လုပ်ငန်းအဖွဲ့အစည်းတိုင်းတွင်လည်း မိမိတို့အဖွဲ့အစည်းအတွင်းရှိ ဝန်ထမ်းများလိုက်နာရန်အတွက် သင့်လျော်သည့် စည်းမျဉ်း၊ စည်းကမ်းများကို သတ်မှတ်ထားကြပါသည်။

## တာဝန်ကျေပွန်ရန်အဓိက

နိုင်ငံတစ်နိုင်ငံသည် ကမ္ဘာ့အလယ်တွင် ဂုဏ်သိက္ခာရှိစွာ ရပ်တည်နိုင်ရေးသည် ထိုနိုင်ငံတွင် မှီတင်းနေထိုင်ကြသော နိုင်ငံသားများ၏ အမူအကျင့်၊ စိတ်ဓာတ်၊ စည်းကမ်းအပေါ် များစွာတည်မှီနေပါသည်။ မိမိတို့နိုင်ငံ့ဝန်ထမ်းများသည် နိုင်ငံတော်၏ယန္တရားကို ကောင်းစွာသက်ဝင်လှုပ်ရှားစေရန် အဓိကမောင်းနှင်အားများ ဖြစ်ကြသည့်အတွက် နိုင်ငံရေး၊ စီးပွားရေးနှင့် အုပ်ချုပ်သူအစိုးရများ မည်သို့ပင်ပြောင်းလဲမှုရှိစေကာမူ မိမိတို့၏လုပ်ငန်းတာဝန်ကို ကျေပွန်ကြရန်သာ အဓိကဖြစ်ပါသည်။ မည်သူတို့၏ သွေးထိုးလှုံ့ဆော်မှုကိုမျှ နားယောင်၍ ထင်ရာစိုင်းခြင်း မပြုသင့်ပါ။

ထို့ကြောင့် မိမိတို့၏လုပ်ငန်းတာဝန်များထမ်းဆောင်ရာတွင် တွေ့ကြုံရင်ဆိုင်ရသည့်အခက်အခဲများ၊ မိမိတို့နိုင်ငံ၊ မိမိတို့အဖွဲ့အစည်း၏ ရည်မှန်းချက်များကို ပျက်ပြားစေမည့်ဆူးငြောင့်ခလုတ်များတွေ့ရှိလာပါကလည်း မိမိတို့၏ စဉ်းစားဆင်ခြင်နိုင်စွမ်းကို အသုံးပြု၍ အမှန်နှင့်အမှား၊ အကောင်း၊ အဆိုးကို မှန်ကန်စွာ ခွဲခြားစိစစ်ပြီး ဖယ်ရှားနိုင်ရန်မှာ လွန်စွာအရေးကြီးပါသည်။ မိမိတို့နိုင်ငံ၏ရည်မှန်းချက်ပန်းတိုင်သို့ ချောမွေ့လျင်မြန်စွာ ရောက်ရှိနိုင်ရေးမှာ နိုင်ငံ့ဝန်ထမ်းများအပါအဝင် ပြည်သူတစ်ရပ်လုံးက ညီညီညွတ်ညွတ်နှင့် စုပေါင်းပါဝင်အားထုတ်ကြိုးပမ်းမှုပြုကြရန်လည်း များစွာလိုအပ်နေပါသည်။

## ပါတီနိုင်ငံရေးကင်းရှင်း

နိုင်ငံ့ဝန်ထမ်းများနှင့်ပတ်သက်၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈)၊ ပုဒ်မ ၂၆ (က) တွင် ဝန်ထမ်းသည် ပါတီနိုင်ငံရေးနှင့် ကင်းရှင်းရမည်ဟုပါရှိပါသည်။ နိုင်ငံရေးလုပ်လိုပါက ဝန်ထမ်းလောကကို ကျောခိုင်းနုတ်ထွက်ပြီး နိုင်ငံရေးပြုလုပ်ခွင့်ရှိပါသည်။ ပါတီထူထောင်ခွင့်ရှိပါသည်။ သို့သော် ယနေ့မိမိတို့နိုင်ငံတွင် နိုင်ငံတော်၏ အုပ်ချုပ်မှုယန္တရားပျက်ပြားစေရန် ရည်ရွယ်ချက်ဖြင့် နိုင်ငံ့ဝန်ထမ်းများအား CDM လှုပ်ရှားမှုတွင် ပါဝင်လာစေရန် လှုံ့ဆော်ခြင်း၊ ၎င်းတို့ကိုယ်တိုင် CDM လှုပ်ရှားမှုတွင်ပါဝင်ခြင်း၊ CDM လှုပ်ရှားမှုကို ထောက်ခံအားပေးခြင်းများကြောင့် အချို့သော နိုင်ငံ့ဝန်ထမ်းများသည် ဆင်ခြင်တုံတရားကင်းမဲ့စွာဖြင့်မိမိတို့ CDM (Civil Disobedience Movement) ပြုလုပ်နေ၍ ရုံးမတက်တော့ပါကြောင်း၊ ထိုသို့ CDM ပြုလုပ်ခြင်းသည် အလုပ်မှနုတ်ထွက်ခြင်းမဟုတ်ပါကြောင်း စသည်ဖြင့် ပြောင်ပြောင်တင်းတင်းကြေညာကာ ရုံးမတက်နဲ့၊ ရုန်းထွက်ဟုဆိုသော အဖျက်သမားများ၏ သွေးထိုးလှုံ့ဆော်မှုအပေါ် အမှန်/ အမှား ဝေဖန်ပိုင်းခြားနိုင်စွမ်းများ ကွယ်ပျောက်၍ နိုင်ငံတော်၏ကျေးဇူးသစ္စာကို ဖောက်ဖျက်လျက်ရှိနေကြပါသည်။

## လုပ်ငန်းခွင်ပြန်လည်ဝင်ရောက်

ထိုကဲ့သို့ဖြစ်စဉ်၊ ဖြစ်ရပ်များကြောင့် နိုင်ငံတော်တွင် လူသားအရင်းအမြစ် များစွာဆုံးရှုံးခဲ့ရပါသည်။ နိုင်ငံတော်အကြီးအကဲများက သဘောထားကြီးစွာဖြင့် အမှားကိုမြင်၊ အမှန်ပြင်လိုစိတ်ရှိသောဝန်ထမ်းများကို လုပ်ငန်းခွင်သို့ အမြန်ဆုံးပြန်လည်ဝင်ရောက်ကြရန်နှင့် အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်ခြင်းများ ပြုနေသည့်အတွက် CDM ပြုလုပ်နေကြသည့်ဝန်ထမ်းများ အနေဖြင့် နိုင်ငံတော်၏အကျိုးကို အမှန်တကယ်သယ်ပိုးလိုပါက မိမိတို့လုပ်ငန်းခွင်သို့ပြန်လည်ဝင်ရောက်ကြစေလိုပါသည်။ အမှားကိုမြင်၊ လမ်းမှန်ကိုရွေး၍ လျှောက်ကြစေလိုပါသည်။

> **နိုင်ငံရေး၊ စီးပွားရေးနှင့် အုပ်ချုပ်သူအစိုးရများ မည်သို့ပင်ပြောင်းလဲမှုရှိစေကာမူ မိမိတို့၏လုပ်ငန်းတာဝန်ကို ကျေပွန်ကြရန်သာအဓိက . . . မိမိအားပေးအပ်သည့်လုပ်ငန်းတာဝန်များကို တာဝန်သိစိတ်ဖြင့် တာဝန်ယူ၊ တာဝန်ခံကာ တာဝန်ကျေပွန်ကြမည်ဆိုပါက ပြည်သူကအားထားရသည့် ဝန်ထမ်းကောင်းတစ်ဦးအဖြစ် မှတ်ယူခြင်းခံရမည်မှာ မလွဲကေန် . . .**

CDM လှုပ်ရှားမှုတွင် ပါဝင်ခဲ့မှုကြောင့် အရေးယူခံရသည့် နိုင်ငံ့ဝန်ထမ်းအချို့သည် ဆူပူအကြမ်းဖက်မှုတွင် ပါဝင်ပတ်သက်မှုမရှိခဲ့ခြင်းနှင့် သွေးထိုးလှုံ့ဆော်မှုအမျိုးမျိုးကြောင့်သော် လည်းကောင်း၊ စိတ်လှုပ်ရှားလွယ်မှုကို အသုံးချခံရခြင်းကြောင့်သော် လည်းကောင်း၊ ပတ်ဝန်းကျင်အသိုင်းအဝိုင်းမှ ဖိအားပေးခြိမ်းခြောက်အကျပ်ကိုင်ခံရခြင်းကြောင့်သော် လည်းကောင်း၊ လူ့ဂုဏ်သိက္ခာထိခိုက်စေမည့် Social Punishment ပြုလုပ်ခံရမည်ကို စိုးရိမ်ခြင်းကြောင့်သော် လည်းကောင်း CDM လှုပ်ရှားမှု ပြုလုပ်ခဲ့မိသော်လည်း နိုင်ငံ့ဝန်ထမ်းအဖြစ် ပြန်လည်တာဝန်ထမ်းဆောင်လိုကြောင်း တင်ပြလာပါက ရာဇဝတ်ကြောင်းအရ တရားစွဲဆို အရေးယူထားမှုများ အပေါ်ပြန်လည်ရုပ်သိမ်းပေးမည့် အခြေခံအချက်များကို CDM ပြုလုပ်နေသောဝန်ထမ်းများ သိရှိနိုင်ရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းပြန်ကြားရေးအဖွဲ့က နိုင်ငံပိုင်သတင်းစာများတွင် ၂၇-၄-၂၀၂၂ ရက်စွဲဖြင့် ထုတ်ပြန်ကြေညာပေးလျက်ရှိပါသည်။

## လိုက်နာရန်တာဝန်ရှိ

ထို့အပြင် နိုင်ငံ့ဝန်ထမ်းများသည် ၂၀၁၃ ခုနှစ် မတ်လ ၈ ရက်နေ့တွင်ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် (၅) ဖြင့် ထုတ်ပြန်ခဲ့သော နိုင်ငံ့ဝန်ထမ်းဥပဒေအခန်း(၄) ပုဒ်မ ၁၀ အရ အောက်ပါတို့ကို လိုက်နာရန်တာဝန်ရှိပါသည်-

(က) နိုင်ငံတော်၏ကျေးဇူးသစ္စာကို စောင့်သိရိုသေခြင်း၊
(ခ) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် တည်ဆဲဥပဒေများပါ ပြဋ္ဌာန်းချက်များကို လိုက်နာခြင်း၊
(ဂ) နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ အကျိုးစီးပွားကို အလေးထား၍ ဆောင်ရွက်ခြင်း၊
(ဃ) နိုင်ငံတော်ပိုင်ပစ္စည်း၊ နိုင်ငံတော်ဘဏ္ဍာများ လေလွင့်ဆုံးရှုံးမှု မရှိစေရေးနှင့် အလွဲသုံးစားမှု မပြုရေးတို့အတွက် ထိန်းသိမ်းစောင့်ရှောက်ခြင်း၊
(င) မိမိအားပေးအပ်ထားသောတာဝန်နှင့်ဝတ္တရားများကို ကျေပွန်စွာထမ်းဆောင်ခြင်း၊
(စ) ဤဥပဒေအရပြုလုပ်သော နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများ၊ အမိန့်၊ ညွှန်ကြားချက်များ၊ ဝန်ထမ်းအဖွဲ့အစည်းအလိုက် သီးခြားသတ်မှတ်ထားသော လုပ်ငန်းခွင်စည်းကမ်းများ၊ အမိန့်နှင့် ညွှန်ကြားချက်များကို လိုက်နာခြင်း၊
(ဆ) ပါတီနိုင်ငံရေးကင်းရှင်းခြင်း၊
(ဇ) ရာထူးဝန်အဖွဲ့က သတ်မှတ်ထားသော သင်တန်းများကို တက်ရောက်ခြင်း၊
(ဈ) အကျင့်စာရိတ္တပျက်ပြားခြင်းနှင့်သိက္ခာမဲ့စွာ ပြုမူနေထိုင်ခြင်းတို့မှ ရှောင်ကြဉ်ခြင်း၊
(ည) တာဝန်အရအပ်နှင်းထားသည့် လုပ်ပိုင်ခွင့်ကိုအလွဲသုံးစားပြုခြင်းမှ ရှောင်ကြဉ်ခြင်း၊
(ဋ) လာဘ်ပေး လာဘ်ယူပြုလုပ်ခြင်းမှ ရှောင်ကြဉ်ခြင်း၊
(ဌ) ပြည်သူကိုရိုသေလေးစားစွာဝန်ဆောင်မှုပေးခြင်းစသည့်တာဝန် (၁၂) ရပ် ရှိပါသည်။

အထက်ပါတာဝန်များအပြင် နိုင်ငံ့ဝန်ထမ်းဥပဒေ ပုဒ်မ ၁၁ တွင်လည်းနိုင်ငံ့ဝန်ထမ်းများအား အောက်ပါအခွင့်အရေးများကိုလည်း ခံစားခွင့် ပေးထားပါသည်-

(က) အလုပ်တည်မြဲခွင့်၊
(ခ) လုပ်ငန်းခွင် အာမခံချက်ရခွင့်၊
(ဂ) လုပ်အား၊ အတတ်ပညာ၊ တာဝန်ထမ်းဆောင်မှုနှင့် လျော်ညီသည့်လစာ၊ ထောက်ပံ့ကြေး၊ ခရီးစရိတ်နှင့် အခြားစရိတ်ခံစားခွင့်၊
(ဃ) ရာထူးတိုးမြှင့်ခွင့်၊
(င) ပညာလေ့လာဆည်းပူးခွင့်၊
(စ) ခွင့်ခံစားခွင့်၊
(ဆ) ထူးချွန်မှု၊ စွမ်းစွမ်းတမံကြိုးပမ်းဆောင်ရွက်မှုတို့အတွက်ချီးမြှင့်ခြင်းကို ခံစားခွင့်၊
(ဇ) ဆေးစစ်ခံယူမှုနှင့် ဆေးကုသမှုခံယူခွင့်၊
(ဈ) အငြိမ်းစားယူခွင့်၊
(ည) တာဝန်ထမ်းဆောင်မှုကိုအကြောင်းပြု၍ ထိခိုက်ဒဏ်ရာရခြင်း၊ မသန်စွမ်းဖြစ်ခြင်းနှင့် သေဆုံးခြင်းတို့အတွက် အထူးပင်စင်ခံစားခွင့်၊
(ဋ) အမျိုးသမီးဝန်ထမ်းဖြစ်ပါက တူညီသောအလုပ်အတွက် အမျိုးသားဝန်ထမ်းများနည်းတူ အကျိုးခံစားခွင့်အပြင် မီးဖွားခြင်းဆိုင်ရာ အကျိုးခံစားခွင့်၊
(ဌ) ပါတီနိုင်ငံရေးနှင့် ကင်းရှင်းသောအသင်းအဖွဲ့များတွင် ပါဝင်ခွင့်၊
(ဍ) ဝန်ထမ်းရေးရာခံစားခွင့်၊ ဆုံးရှုံးနစ်နာမှုများနှင့်စပ်လျဉ်း၍ တင်ပြခွင့်၊ ရှင်းလင်းထုချေခွင့်နှင့် အယူခံခွင့်၊
(ဎ) ရာထူးအနွယ်ပိုင်ဆိုင်ခွင့်၊
(ဏ) ကူးပြောင်းချိန်ခံစားခွင့်၊
(တ) ပြင်ပ ဝန်ထမ်းစည်းကမ်းချက်ဖြင့် လွှဲပြောင်းတာဝန်ထမ်းဆောင်ခွင့်၊
(ထ) လုပ်သက်ဆုငွေနှင့် အငြိမ်းစားလစာခံစားခွင့်၊
(ဒ) ပြည်ထောင်စုအစိုးရအဖွဲ့က အခါအားလျော်စွာ သတ်မှတ်သောအခြားခံစားခွင့်တို့ဖြစ်ပါသည်။

## ခံစားခွင့်ရှိ

ထို့အပြင် နိုင်ငံ့ဝန်ထမ်းဥပဒေအခန်း (၅) ပုဒ်မ ၁၃ တွင် ဝန်ထမ်းသည် သီးခြားတာဝန်ပေးချက်အရ ဆောင်ရွက်ရသည့် လုပ်ငန်းတစ်ရပ်ရပ်အတွက် ချီးမြှင့်ငွေ သို့မဟုတ် အခကြေးငွေကိုသက်ဆိုင်ရာစည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ခံစားခွင့်ရှိကြောင်းလည်း ပြဋ္ဌာန်းထားပါသည်။

ဝန်ထမ်းတစ်ဦးသည် အထက်ပါပေးထားသော အခွင့်အရေးများကိုခံစား၍ မိမိထမ်းဆောင်ရမည့် လုပ်ငန်းတာဝန်များကို ပျက်ယွင်းနေပါလျှင် နိုင်ငံ့ဝန်ထမ်းကောင်းတစ်ဦးဖြစ်သည်ဟု မှတ်ယူ၍ မရနိုင်ပါ။ ထို့အပြင်၂၀၁၄ ခုနှစ် မတ်လ ၂၆ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများပါ ပြဋ္ဌာန်းချက်များအရ ဝန်ထမ်းစည်းကမ်းဆိုင်ရာ ပြစ်မှုများ ဖြစ်သည့် -

- အလုပ်ချိန်နှင့် သက်ဆိုင်သည့်ဝန်ထမ်းစည်းကမ်းဆိုင်ရာပြစ်မှုများ၊ (နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၁၆၁)
- တာဝန်ထမ်းဆောင်မှု၊လုပ်ရည်ကိုင်ရည်တို့နှင့် ပတ်သက်သည့်ပြစ်မှုများ၊ (နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၁၆၂)
- လုပ်ငန်းခွင်အတွင်း ပြုမူဆက်ဆံမှုဆိုင်ရာစည်းကမ်းများ၊ (နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၁၆၃)ကို လိုက်နာရန်လိုအပ်ပြီး ဖောက်ဖျက်ကျူးလွန်မှုများရှိလာပါက ဝန်ထမ်းစည်းမျဉ်း၊စည်းကမ်းများနှင့်အညီအရေးယူခြင်းခံရမည်ဖြစ်ပြီး ဝန်ထမ်းစည်းကမ်းဆိုင်ရာပြစ်ဒဏ်များကို ချမှတ်ခြင်းခံရမည်။

အချုပ်အားဖြင့်ဆိုရသော် မိမိတို့နိုင်ငံ့ဝန်ထမ်းများသည်နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများကို သိရှိလိုက်နာရန်လိုအပ်ပါသည်။ မိမိအားပေးအပ်သည့်လုပ်ငန်းတာဝန်များကို တာဝန်သိစိတ်ဖြင့် တာဝန်ယူ၊ တာဝန်ခံကာ တာဝန်ကျေပွန်ကြမည်ဆိုပါက ပြည်သူကအားထားရသည့် "ဝန်ထမ်းကောင်း" တစ်ဦးအဖြစ် မှတ်ယူခြင်းခံရမည်မှာ မလွဲကေန်ဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။ ။

# အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် လက်ကမ်းစာစောင်များဖြန့်ဝေ




**မိုင်းရယ်**

မိုင်းရယ်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ဦးစီး၍ ဆောင်ရွက်ခဲ့သည့် အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲနှင့် ဆေးရောင်ခြယ်ပြိုင်ပွဲတွင် ဆုရရှိသည့် ကျောင်းသား ကျောင်းသူများအား ဆုပေးအပ်ပွဲကို ယနေ့နံနက် ၁၁ နာရီက မိုင်းရယ်မြို့ အခြေခံပညာအထက်တန်းကျောင်းတွင် ပြုလုပ်သည်။

ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးမင်းအောင်က ကျောင်းသား ကျောင်းသူများအား မူးယစ်ဆေးဝါးအန္တရာယ်သိကောင်းစရာများကို ဆွေးနွေးပြောကြားသည်။ ထို့နောက် ဆေးရောင်ခြယ်ပြိုင်ပွဲ ဆုရရှိသူများအား ဆုများပေးအပ်ချီးမြှင့်သည်။

ဆက်လက်ပြီး ကျောင်းသား ကျောင်းသူများအား ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ထုတ်ဝေသည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် သတင်းစကားလက်ကမ်းစာစောင်များကို မိုင်းရယ်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**မြို့နယ် ( ပြန်/ဆက်)**



**ထန်းတပင်**

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အဖြစ် ထုတ်ဝေထားသည့် သတင်းစကားလက်ကမ်းစာစောင်များအား ယနေ့နံနက်ပိုင်းက ရန်ကုန်မြောက်ပိုင်းခရိုင် ထန်းတပင်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက အမှတ် (၁) ရပ်ကွက် အခြေခံပညာမူလတန်းကျောင်းသို့ သွားရောက်ကာ(အခမဲ့) ဖြန့်ဝေပေးခဲ့ကြကြောင်းသိရသည်။

ဇွန် ၂၆ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အဖြစ် သတင်းစကားလက်ကမ်းစာစောင်များကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ(အခမဲ့)ထုတ်ဝေခြင်းဖြစ်ပြီး သတင်းစကားလက်ကမ်းစာစောင်တွင် မူးယစ်ဆေးသုံးစွဲရခြင်းအကြောင်းရင်း၊ မူးယစ်ဆေးဝါးပြဿနာကိုဖြေရှင်းခြင်း၊ မူးယစ်ဆေးအန္တရာယ်ရှောင်ကြဉ်ဖွယ်အကြောင်းအရာများ၊ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးလုပ်ငန်းအကြောင်းအရာများနှင့် ကဗျာဆရာ မုံရွာ ဝင်းဖေ ရေးသားသည့် “ကမ္ဘာ့ရန်သူဘိန်းဖြူ” ကဗျာများ ပါဝင်ကြောင်း သိရသည်။

**ဇင်မင်းထိုက်(ထန်းတပင်)**



**ထီးလင်း**

၂၀၂၁ ခုနှစ် ဇွန် ၂၆ ရက်တွင်ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် သတင်းစကား လက်ကမ်းစာစောင်များကို ထီးလင်းပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက ယနေ့နံနက်ပိုင်းက ထီးလင်းမြို့ အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းသား ကျောင်းသူများအား ဖြန့်ဝေခဲ့သည်။

အဆိုပါ သတင်းစကားလက်ကမ်းစာစောင်တွင် မူးယစ်ဆေးသုံးစွဲရခြင်းအကြောင်းအရင်းများ၊ မူးယစ်ဆေးဝါးပြဿနာကို ဖြေရှင်းခြင်း၊ မူးယစ်ဆေးအန္တရာယ် ရှောင်ကြဉ်ဖွယ်၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးလုပ်ငန်းများ၊ မုံရွာဝင်းဖေ ရေးသားသည့် ကမ္ဘာ့ရန်သူဘိန်းဖြူ ကဗျာ၊ မူးယစ်ပညာပေး ကာတွန်းနှင့် ဆောင်ပုဒ်များစသည့် စိတ်ဝင်စားဖွယ် အကြောင်းအရာများ ဖော်ပြထားသည်။ **အောင်စည်(ပြန်/ဆက်)**

**ရွှေကူ**

ကချင်ပြည်နယ် ရွှေကူမြို့နယ်၌ အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အဖြစ် သတင်းစကားလက်ကမ်းစာစောင်များကို ဇွန် ၂၅ ရက် နံနက် ၈ နာရီက ရွှေကူမြို့ပေါ်ရပ်ကွက်များရှိ လူစည်ကားရာနေရာများ၊ အခြေခံပညာကျောင်းများနှင့် စည်ပင်သာယာဈေးရှိ ဈေးရောင်းဈေးဝယ်သူများအား အခမဲ့ဖြန့်ဝေပေးသည်။

အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေရာတွင်ရွှေကူမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများက ကျောင်းသား ကျောင်းသူများ၊ မိဘပြည်သူများအား မူးယစ်ဆေးဝါးအန္တရာယ်၏ဆိုးကျိုးများကို ကျယ်ကျယ်ပြန့်ပြန့် သိရှိစေရန်နှင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင် ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



**ကျိုက်ထို**

ကျိုက်ထိုမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများသည် ဇွန် ၂၅ ရက် နံနက်ပိုင်းက အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် သတင်းစကားလက်ကမ်းစာစောင်များကို ဌာနဆိုင်ရာရုံးများ၊ အခြေခံပညာကျောင်းများနှင့် ဈေးများသို့သွားရောက်ကာ အခမဲ့ဖြန့်ဝေခဲ့သည်။

အဆိုပါသတင်းစကားလက်ကမ်းစာစောင်တွင် ကမ္ဘာ့ရန်သူဘိန်းဖြူကဗျာနှင့်ဆောင်ပုဒ်များ၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးလုပ်ငန်းများ၊ မူးယစ်ဆေးဝါးသုံးစွဲရခြင်းအကြောင်းအရင်း၊ မူးယစ်ဆေးဝါးပြဿနာကို ဖြေရှင်းခြင်း၊ မူးယစ်ဆေးဝါးအန္တရာယ် ရှောင်ကြဉ်ဖွယ် အချက်အလက်များ စသည့် သိမှတ်ဖွယ်ရာ အကြောင်းအရာများကို ရေးသားထုတ်ဝေထားကြောင်း သိရသည်။ **ဝင်းမောင်**

**သန်လျင်**

မူးယစ်ဆေးဝါးအန္တရာယ်နှင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေး လုပ်ငန်းများကို ပြည်သူများနှင့်ကျောင်းသား၊ကျောင်းသူ၊လူငယ်၊လူရွယ်များသိရှိစေရန်အတွက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်သတင်း စကားလက်ကမ်းစာစောင်များကို ရန်ကုန်တောင်ပိုင်းခရိုင် (သန်လျင်)ပြန်ကြားရေးနှင့် ပြည့်သူ့ဆက်ဆံရေးဦးစီးဌာန



ဝန်ထမ်းများက ယနေ့နံနက် ၁၀ နာရီက (ဗဟို)အခြေခံပညာမူလတန်းလွန်ကျောင်း၌ လိုက်လံဖြန့်ဝေပေးသည်။

အဆိုပါ သတင်းစကားလက်ကမ်းစာစောင်တွင် မူးယစ်ဆေးသုံးစွဲရခြင်းအကြောင်းအရင်း၊ မူးယစ်ဆေးဝါးပြဿနာကို ဖြေရှင်းခြင်း၊ မူးယစ်ဆေး အန္တရာယ်ရှောင်ကြဉ်ဖွယ်၊ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့၏ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးလုပ်ငန်းများအကြောင်း၊ မူးယစ်ဆေးစွဲသူ ဖေးမကူ၊မုံရွာဝင်းဖေရေးသားသောကမ္ဘာ့ရန်သူဘိန်းဖြူ (ကဗျာ)၊ မူးယစ်ဆေးဝါးနှင့်ပတ်သက်သည့်ဆောင်ပုဒ်များ၊ ကာတွန်းများ ပါဝင်ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

**ညောင်ရွှေ**

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် သတင်းစကားလက်ကမ်းစာစောင်များကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညောင်ရွှေမြို့နယ်ရုံးမှ ဝန်ထမ်းများက အခြေခံပညာကျောင်းများနှင့် ဌာနဆိုင်ရာများတွင် ဇွန် ၂၅ ရက် နံနက်ပိုင်းကဖြန့်ဝေပေးသည်။

အဆိုပါ အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် သတင်းစကားလက်ကမ်းစာစောင်တွင် မူးယစ်ဆေးဝါးသုံးစွဲရခြင်း အကြောင်းအရင်း၊ မူးယစ်ဆေးဝါးပြဿနာကိုဖြေရှင်းခြင်းအကြောင်း၊ မူးယစ်ဆေးဝါးကြောင့်ဖြစ်ပေါ်လာနိုင်သည့် ထိခိုက်မှုများ၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးလုပ်ငန်းများ၊ ဆရာမုံရွာဝင်းဖေရေးသားသည့် ကမ္ဘာ့ရန်သူဘိန်းဖြူကဗျာနှင့် သူရမိုးရေးဆွဲထားသည့် ကာတွန်းသရုပ်ဖော်ပုံအစရှိသည်တို့ဖြင့် ထည့်သွင်းဖော်ပြပါရှိကြောင်း သိရသည်။ **စိုင်းအယ်ဘဲ**

# လက်တွေ့ချမ်းသာရှာနည်း

**ဦးဖိုးကျား**

**စကားချီး**

သာမညအားဖြင့် ကိုယ်ချမ်းသာ စိတ်ချမ်းသာဟူ၍ နှစ်မျိုးရှိသည်။ စင်စစ်သော်ကား စိတ်ချမ်းသာခြင်းတစ်ခုသာ အရေးအကြီးဆုံးဖြစ်သည်။ စိတ်ချမ်းသာမှုကို ရှင်ရှင်လူလူတိုင်း အလိုရှိကြသည်။ ကြိုးပမ်းရှာဖွေကြသည်။ ချမ်းသာမှုဆိုသည်ကား စိတ်၏အလိုပြည့်မှုကို ဆိုသည်။

သို့ကြောင့် မဟုတ်လော၊ ငါးမျှားတံနှင့် တံငါသည်သည်လည်းကောင်း၊ နွားသတ်သမားသည်လည်းကောင်း၊ လက်သမားသည်လည်းကောင်း၊ သူခိုးဓားပြသည်လည်းကောင်း၊ စစ်သူကြီးသည်လည်းကောင်း၊ စစ်သားသည်လည်းကောင်း၊ မြင်းသမားသည်လည်းကောင်း၊ သတင်းစာမဂ္ဂဇင်းထုတ်သူသည်လည်းကောင်း၊ ရဟန်းသည်လည်းကောင်း ပုပုရွရွ မြင်သမျှသတ္တဝါတို့သည် မိမိတို့စိတ်အလိုပြည့်မှု ချမ်းသာမှုကို ရှာနေကြခြင်းဖြစ်၏။

ချမ်းသာမှုကား ပရမတ်ဆန်ဆန် ပြောရမည်ဆိုသော် အလိုဆန္ဒငြိမ်းမှုတည်း။ ချဲ့ဦးအံ့၊ ဥပမာ– ညီအစ်ကိုသုံးယောက်သည် နံနက် အိပ်ရာထ ၇ နာရီခန့်တွင် အကြီးက ကော်ဖီနှစ်ခွက်သောက်ရမှ မိမိအလိုပြည့်၏။ ဝါ၊ ချမ်းသာ၏။ အလတ်က တစ်ခွက်မျှဖြင့် အလိုပြည့်၏။ အငယ်ကား ရေတစ်ခွက်ဖြင့် ကျေနပ်အလိုပြည့်၏။ သူတို့အိမ်အနီးရှိ ဖိုးသာအောင်ကား နံနက်တွင် သရေစာစားခြင်း အလေ့အထမရှိ၊ နံနက်ထမင်းကျမှ စားတော့သည်။ ဤလေးယောက်ကို ယှဉ်ကြည့်သော် နံနက် ၇ နာရီအချိန်၌ လေးဦးလုံး စိတ်အလိုပြည့်လျက် ချမ်းသာလျက်နေသည်ကို တွေ့ရသည်။ သို့ရာတွင် အလိုဖြည့်နည်းခြင်း ခြားနားကြသည်။ အလိုပြည့်ရန် ဒုက္ခအနည်းအများမှာ အလိုပြည့်လိုသူသည် မိမိ၏စိတ်ကို ထိန်းသိမ်းနိုင်သလောက်ကိုလိုက်၍ ဖြစ်သည်။

ထပ်၍ ထင်ရှားစေဦးအံ့။ ကျွန်ုပ်သည် မော်တော်ကားတစ်စီး လိုချင်သောဆန္ဒ ဖြစ်ပေါ်လာ၏။ ပိုက်ဆံပြည့်စုံ၍ ဝယ်ယူသည်ဖြစ်စေ၊ သူတစ်ပါးလက်ဆောင်ပေးသည်ဖြစ်စေ၊ ကျွန်ုပ်မရှက်မကြောက်ဘဲ တောင်းယူသည်ဖြစ်စေ၊ ခိုး၍ဖြစ်စေ၊ တိုက်၍ဖြစ်စေ မည်သည့်နည်းနှင့်မဆို မော်တော်ကားရလျှင် ထိုဆန္ဒပြည့်မှု ထိုဆန္ဒငြိမ်းမှု ဖြစ်ရလေသည်။

အကယ်၍ ကားကိုဘယ်နည်းနှင့်မျှ မရနိုင်သောအခါ စိတ်ကိုဆုံးမ၍ "မော်တော်ကားမရလည်း ပြီးနိုင်တာပါပဲ၊ မလိုပါဘူးလေ"ဟု ဆုံးဖြတ်ကျေနပ်လျှင် ထိုဆန္ဒငြိမ်းလေသဖြင့် "ချမ်းသာမှု" ပင် ဖြစ်တော့သည်။

ထို့ထက်အလွန် နဂိုကတည်းက ထိုမော်တော်ကား လိုချင်မှုဆန္ဒပေါ်မလာလျှင်လည်း အလိုလို ချမ်းသာမှုပင် ဖြစ်နေမည်တည်း။

ဤသို့ စိတ်ဖြေတတ်လျှင် ချမ်းသာမှု ရနိုင်ကြောင်းကို ကျွန်ုပ်တို့အရပ်ရှိ စိတ်ကောင်းစွာမန့်သော ဖိုးအောင်ဆိုသူကို တွေးမိသည်။

ဖိုးအောင်သည် တစ်နေ့၌ မိမိအိမ်မှ ကြက်ဖကြီးကို ချက်စားမည်ဟု ဖမ်းပြီးလျှင် ကြိုးနှင့်ချည်ထား၏။ ၎င်းအနီးတွင်ပင် ကြက်သားနှင့်ချက်ရန်ဟု ငရုတ်၊ ကြက်သွန်ထောင်းလေ၏။ ထိုအတွင်း ကြိုးပြုတ်၍ ကြက်လွတ်ပြေးလေလျှင် ဖိုးအောင်သည် လျင်မြန်စွာ လိုက်၍ဖမ်း၏။ သို့သော် ကြက်ကြီးကို မမိချေ။ နာရီဝက်မျှ အပန်းတကြီး လိုက်ဖမ်း၍ မရနိုင်သည့်အဆုံး၌ –

"အောင်မယ်၊ မမိချင်နေပါလား၊ ငါက ဘာပူမလဲ၊ ကြက်သားဟင်းနဲ့စားရမှ ဟုတ်ပါဘူး၊ ငါးပိနဲ့စားလည်း ဝင်တာပဲ၊ ဆားနဲ့စားလည်း ဝင်တာပဲ၊ မပူပါဘူး"ဟု ကြက်ကြီးကို မဲ့ကာရွဲ့ကာ လှမ်း၍ ရန်တွေ့ကာပြောပြီး အကယ်ပင် ငါးပိချက်တို့စရာတို့နှင့် မြိန်မြိန်ကြီး စားလိုက်လေသည်။ ဤဖိုးအောင်၏ ပြောချက်ပြုမူချက်တို့တွင် တရားအပြည့်ရှိ၏။

အထက်စကားတို့အရဖြင့် ချမ်းသာမှု၊ ဆင်းရဲမှုသည် စိတ်တွင်တည်ကြောင်း ကိုယ်တွေ့အဖြစ်အပျက်ကို ရေးပြပါအံ့။

**လူချမ်းသာနှင့်တွေ့ခန်း**

ကျွန်ုပ်သည် ကျောင်းနေစဉ် ကိုးတန်းအောင်ပြီးနောက် နွေကျောင်းပိတ်ချိန်နှစ်လခန့်၌ အလဟဿမနေလို၊ အလုပ်တစ်စုံတစ်ရာ လုပ်လို၍ အလုပ်လိုက်ရှာရာ စပါးပွဲစားကြီးတစ်ဦးထံ၌ "တာလီကလပ်" ခေါ် ဂရို့ချိုးရသော စာရေးကလေးအလုပ်ကိုရ၏။ ထိုအလုပ်ကား စပါးခြင်တွယ်ရာ၌ တစ်တင်း၊ နှစ်တင်းစသည်ဖြင့် တုတ်တံငယ် အမှတ်အသားဖြင့် မှတ်ရသောအလုပ်ဖြစ်၏။ လခ ၂၀ ကျပ်ရ၏။

ကျွန်ုပ်လုပ်ရသောစပါးစက်မှာ မြစ်တစ်ဖက်၌ရှိသဖြင့် ထိုစက်က ထားသောကူးတို့မှာ တစ်ပတ်တစ်ပတ်ကို ၁၅ မိနစ်၊ မိနစ် ၂၀ စောင့်ရတတ်၏။

တစ်ညနေတွင် မြို့ဘက်ကမ်း၌ ကူးတို့စောင့်နေရာ ကျွန်ုပ်အနီးသို့ မော်တော်ကားတစ်စီး မောင်းလာ၍ ရပ်လေသည်။ ထိုကားတွင်ပါသူကား ကျွန်ုပ်အလုပ်လုပ်နေသောစက်မှ ဝင်းပိုင် ကရာနီခေါ်သော ကြွယ်ဝ၍ အလွန်သြဇာကြီးသောသူဖြစ်ကြောင်း တွေ့ရ၏။ သူကား မြန်မာတည်း။ ထိုသူနှင့်အတူ ဇနီးနှင့်တကွ သမီးပျိုနှစ်ယောက်လည်းပါ၏။ ထိုဇနီးနှင့် သမီးတို့ကိုကား ကျွန်ုပ်သည် ရှေးက မမြင်ဖူးချေ။

ထိုဝင်းပိုင်မှာ အသက် ၄၀ ခန့်ရှိ၍ သမီးပျိုနှစ်ယောက်မှာ ၂၀ အထက်နှင့် ၂၀ အောက်လောက်ရှိကြလိမ့်မည်။ ထိုအခါ (အနှစ် ၂၀ ကျော်) က မော်တော်ကားကို သာမညလူ မစီးနိုင်ချေ။ အမှန်ကား လူဝိုင်းကြည့်ရသော အထူးအဆန်းတစ်မျိုးဖြစ်၏။ ကျွန်ုပ်ကိုယ်တိုင်ကား ဤအကြိမ်သည် မော်တော်ကားကို အနီးသို့ကပ်၍ သေသေချာချာ ကြည့်ရသော ပထမအကြိမ်ဖြစ်၏။

ထိုအခါ ကျွန်ုပ်သည် အမှတ်မဲ့မနေတတ်။ တွေးတောတတ်သော ဝါသနာအလေ့ရှိသည့်အလျောက် တွေးတောလေသည်ကား –

"သြော်–သူတို့မှာ လူဖြစ်ကျိုးနပ်ပလေသည်။ ကရာနီကြီးမှာ ပိုက်ဆံချမ်းသာလှသည်။ သြဇာတန်ခိုးလည်း စက်တစ်စက်လုံးဆိုသလို ဖိမ့်ဖိမ့်တုန်အောင် ကြောက်ရသည်။ သူစက်ထဲဖြတ်လာလျှင် စာရေးကြီးငယ် ကူလီ မည်သူမဆို ရှိခနဲ ရှိခနဲနှင့် လမ်းဖယ်ပေးကြရသည်။ တစ်ခါက အဲဒီလို သူအလာ အများက ဖယ်ကြသော်လည်း ငါ့မှာ ရောက်စဖြစ်၍ မသိဘဲ လမ်းမဖယ်မိရှိသည်ကို ဒီကရာနီကြီးက စိုက်ကြည့်သွားတယ်။ သူလည်း လွန်သွားရော ငါ့သူငယ်ချင်း စာရေးဖိုးတုတ်က ကပျာကယာလာ၍ "ဟေ့လူ၊ မင်းတော့ ဒုက္ခပဲ၊ ဘာပြုလို့ လမ်းမဖယ်သလဲ၊ မင်းကိုလည်း စိုက်ကြည့်သွားတယ်၊ သိရဲ့လား" လို့မေးတယ်။ ငါကလည်း "ဟာသိမှမသိဘဲ၊ ပြီးတော့လည်း ကိုယ့်အလုပ်ကိုယ်လုပ်နေတာ၊ ဘာဖြစ်လို့ ဒီလောက်ကြောက်ရမှာလဲကွဲ့"လို့ ငါက ပြန်ပြောတယ်။ ဒီတော့ ဖိုးတုတ်က "ဟေ့အကောင်၊ မင်းက အင်္ဂလိပ်စာကလေး ကိုးတန်းအောင်တာနဲ့ လူပါးမဝနဲ့၊ ဒီစက်မှာ သူရှင်ဘုရင်ပဲ၊ မင်းအလုပ်ပြုတ်ဖို့သာပြင်တော့"လို့ တကယ်စိုးရိမ်တဲ့အနေနဲ့ ပြောတယ်။ အင်းဟုတ်တန်ရာရဲ့၊ သြော်–တန်ခိုးသြဇာကြီးပေစွတကား။

ကရာနီကတော်မှာလည်း လက်သီးဆုပ်လောက်ကြီးတဲ့ စိန်နားကပ်၊ စိန်ကြယ်သီး ....သြော်–ပြည့်လို့ပါကလား။ သမီးနှစ်ယောက်မှာတော့ အရွယ်ကောင်း ရုပ်ကောင်း ဖြစ်ရတဲ့အပေါ်မှာ စိန်ဘီး၊ စိန်လည်တုန်၊ စိန်ဆံထိုး၊ စိန်ကြယ်သီး၊ စိန်ဆွဲကြိုး ... စသည်ဖြင့် စိန်မိုးမွှန်နေပါတော့ကလား။

သူတို့စီးလာတဲ့ မော်တော်ကားဆိုတာလည်း အင်မတန်အံ့သြစရာပဲ၊ ကြည့်ပါလား၊ ဘီးမှာတပ်ထားလိုက်တာ၊ တိုင်ရာခေါ်တဲ့ဟာက ကြက်ပေါင်စေးကော်ပတ်ကို လုပ်ထားတယ်၊ နူးနူးညံ့ညံ့ကြီးပဲ၊ အထဲကလည်းတစ်ထပ်၊ ပြီးတော့ လေထိုးထားပြန်တယ်။ ဘယ်မှာ ဆောင့်တော့မှာလဲ။ ပြီးတော့တစ်ခါ ဝင်ရိုးနှင့် အပေါ်က ရထားကိုယ်အကြားမှာ စပရိန်ခေါ်တဲ့ သံလေးထည့်ထားတယ်။ ပြီးတော့ တစ်ခါထိုင်ခုံအောက်ကလည်း အဲဒီလို စပရိန်သံလေး ထည့်ထားသေးသတဲ့၊ ထိုင်ခုံမှာလည်း မွေ့ရာတစ်မျိုးပဲ၊ ကိုင်းကြက်ပေါင်စေးကော်ပတ်နှစ်ထပ်၊ လေတစ်ထပ်၊ စပရိန်သံလေးနှစ်ထပ်၊ မွေ့ရာတစ်မျိုးတစ်ထပ်။ အဲဒီ နူးနူးညံ့ညံ့ အထပ်ထပ်ပေါ်မှာမှ ဘုရား၊ သိကြား၊ နတ်၊ ဗုမ္မစိုး၊ ရုက္ခစိုး၊ အာကာသစိုး၊ အပြင် ၃၇ မင်း၊ အတွင်း ၃၇ မင်း၊ ဦးရှင်ကြီး၊ သရဲတစ္ဆေ မှင်စာ .... အကုန်လုံး ဝိုင်းမတဲ့ လူချမ်းသာသြဇာကြီး ကရာနီ သားအမိ သားအဖတစ်စုတို့ ထိုင်ရတယ်။ သြော် အင်မတန်ငြိမ့်မှာပဲ၊ အင်မတန် အရသာစည်းစိမ်ရှိမှာပဲ။ သြော်–ချမ်းသာစွ၊ ချမ်းသာစွ၊ လူဖြစ်ကျိုး နပ်လေစွ"ဟု များစွာအားကျချီးမွမ်းမိလေသည်။

**မိမိကိုယ်တိုင်**

ဤသို့ထိုသူတို့ကို ပါးစပ်အဟောင်းသားနှင့် အံ့သြချီးမွမ်းပြီးနောက် မိမိကိုယ်ကို ပြန်၍ကြည့်မိလေသည်။ တွေ့ရသည်ကား –

ခါးဝတ်မှာ ပါတိတ်လုံချည်ခေါ်သော လုံချည်ဖြစ်၍ ပန်းပြောက်အကွက်တို့ မှိန်လေပြီ၊ နှုတ်ခမ်းနားတို့တွင် အတန်ပင်စုတ်ပြဲသဖြင့် ချုပ်ထားရခြင်း အတန်များသည်။ အချုပ်အစပ်များသောဘက်ကို လူမြင်သက်သာအောင် ခါးဘက်ကထား၍ ဝတ်ဆီးရသည်။

အပေါ်အင်္ကျီကား သုံးဝါဆိုပြီးသော ဖလန်နယ်အင်္ကျီဖြစ်သည်။ အပွစားဖြစ်၍ စပါးမှုန်အတွင်း အတန်ကြာနေခဲ့ရကား အင်္ကျီတစ်ထည်လုံး ညစ်ထပ်ထပ်ဖြစ်နေသည်။ လက်ဖျားတို့မှာ အထူး ညစ်ပေ၍နေသည်။ အမှန်မှာ ဝတ်ဖို့ပင် မကောင်းတော့ချေ။

သို့ရာတွင် မဝတ်၍မဖြစ်၊ မဖြစ်သောအကြောင်းကြီးတစ်ခုကား အတွင်းရှပ်အင်္ကျီ၏ ကျောဘက်၊ ပခုံးဘက်၊ လည်ပင်းဆီတွင် စုတ်ပြဲချုပ်ဖာထားရသည်တို့ကို ထိုအပေါ်အင်္ကျီက ဖုံးအုပ်ထားရလေသည်။ ဤကား အပေါ်အင်္ကျီ၏ ဂုဏ်ကျေးဇူးတည်း။

ဘိုဆံတောက်မှာ၊ ဝါ – အင်္ဂလိပ်ဦးစွန်းဖုတ်မှာ ဆီနှင့်ဝေးသည့်ပြင် စပါးမှုန်တို့၏ ကောင်းမှုကြောင့် စုတ်ဖွားညစ်ထေး၍ ဖရိုဖရဲဖြစ်နေသော ကျီးကန်းသိုက်အညံ့စားနှင့် တူလေသည်။

ဖိနပ်မှာ ကွင်းထိုးခုံဖိနပ်ဖြစ်၏။ နောက်ပိုင်းက အတန်စားကုန်ပြီဖြစ်၍ ဖနောင့်မလုံတော့ချေ။

ကျွန်ုပ်၏အချစ်တော် အိမ်တော်ရာထီးကလေးကို ထည့်မပြောဘဲ မပြီးနိုင်၊ နှစ်အစ မိုးဦးကျစက ဝယ်ပြီးနောက် တစ်မိုးတွင်းလုံး သူနှင့်ပင် နွှဲခဲ့ရသဖြင့် ခမျာမှာ အတန်ပင်အားပျော့ရုပ်ပျက်လေပြီ။

**စိတ်ဆင်းရဲခြင်း**

အသို့နည်း၊ စာဖတ်သူမိတ်ဆွေ၊ ဟိုမော်တော်ကားပေါ်က လူစုနှင့် ကျွန်ုပ်နှင့် ကွာခြားသည် မဟုတ်ပါလား၊ အိမ်း ကွာခြားလှ၏။ ရေမြေအများကြီး ကွာခြားလှပေ၏။

ဤသို့ ယှဉ်ကြည့်မိလေလျှင် ကျွန်ုပ်မည်မျှဝမ်းပန်းနည်းမည်ကို တွေးကြည့်နိုင်ကြပါ၏။ အထူးသဖြင့် မိမိနှင့် အရွယ်တူအပျိုကလေးများ ပါလေသဖြင့် ကျွန်ုပ်မှာ အဝတ်အစားကောင်းသာ၍ဝတ်ချင်၊ သာ၍လှချင်သောစိတ်တို့သည် တဖွားဖွားပေါ်ကုန်၏။

ထိုလူစုတို့ မိမိထက် သာလေသည်တကားဟု မိမိ၏အဖြစ် ညံ့ရလေခြင်း၊ မိမိ၏အဖြစ် စက်ဆုပ်ဖွယ်ကောင်းလေခြင်းစသဖြင့် အမျိုးမျိုးတွေးတော၍ အလွန်စိတ်ညှိုးငယ်ပြီး လူ၏အဖြစ်ကိုပင် မလိုချင်တော့ချေ။ ဤသို့အားဖြင့် ထိုကမ်းနားသစ်ပင်ရိပ်အောက်တွင်ပင် ခြေကုန်လက်ပန်းထိုင်ချ၍ စိတ်လက်မသာ ဗျာပါရကြီး၊ ညည်းညူဆင်းရဲ ပူဇော်ပွဲကို၊ မစဲအောင်ခင်းလျက် နေရလေသတည်း။

**လက်တွေ့ချမ်းသာဆေးနည်း**

ထိုအခါကစ၍ ချမ်းသာရေးနည်းလမ်းကောင်းတစ်ခု ကျွန်ုပ်ရခဲ့ပါ၏။ ယခုတိုင် အသုံးပြုရလေသဖြင့် အကျိုးကြီးလှ၏။ ဤချမ်းသာဆေးကြီးကို ရေလဲအမျိုးမျိုးနှင့် သုံးရပါ၏။ သုံးနည်းရေလဲတို့ကား–

(၁) မိမိစိတ်ဆင်းရဲသော် မိမိထက်ဆိုးသူနှင့် ယှဉ်ကြည့်လျှင် သက်သာရာရနိုင်သည်။

(၂) မိမိထက်သာသူကိုကြည့်၍ စိတ်မကျေ မချမ်း စိတ်ဆင်းရဲရသည်ထက် မိမိအောက်နိမ့်သူကိုကြည့်၍ စိတ်ချမ်းသာရခြင်းက သာ၍ကောင်းသည်။

(၃) မိမိအထက်ကလူလောက် မချမ်းသာဟု ညည်းညူနေမည့်အစား မိမိအောက်က လူလောက် ဆင်းရဲခြင်းမှ လွတ်ကင်းသည်ကို ကျေးဇူးတင်ရမည်။

(၄) မိမိ၌ ဥစ္စာ ပညာဂုဏ် အတော်အတန်ရှိ၍ မာနတက်ကြွလိုသောစိတ်များ ပေါ်ပေါက်လာသော် မိမိထက်သာသူတို့ကိုကြည့်၍ မာနကို ချိုးဖျက်နိုင်သည်။

(၅) ဆင်းရဲချမ်းသာသည် အဆုံး၌ စိတ်တွင် တည်၏။ စိတ်ကို နိုင်သလောက် ချမ်းသာရ၏။

ဤကိုယ်တွေ့ချမ်းသာရေးဆေးနည်းများကို ရှင်လူအပေါင်းတို့အား လှူဒါန်းဝေငှလိုက်ပါ၏။ သုံးစား၍ ချမ်းသာတော်မူကြပါစေသော၀်။ ။

- ☆ **မိမိစိတ်ဆင်းရဲသော် မိမိထက်ဆိုးသူနှင့် ယှဉ်ကြည့်လျှင် သက်သာရာရနိုင်သည်။**
- ☆ **မိမိထက်သာသူကိုကြည့်၍ စိတ်မကျေမချမ်း စိတ်ဆင်းရဲရသည်ထက် မိမိအောက်နိမ့်သူကိုကြည့်၍ စိတ်ချမ်းသာရခြင်းက သာ၍ကောင်းသည်။**
- ☆ **မိမိအထက်ကလူလောက် မချမ်းသာဟု ညည်းညူနေမည့်အစား မိမိအောက်က လူလောက် ဆင်းရဲခြင်းမှ လွတ်ကင်းသည်ကို ကျေးဇူးတင်ရမည်။**
- ☆ **မိမိ၌ ဥစ္စာပညာဂုဏ်အတော်အတန်ရှိ၍ မာနတက်ကြွလိုသောစိတ်များ ပေါ်ပေါက်လာသော် မိမိထက်သာသူတို့ကိုကြည့်၍ မာနကိုချိုးဖျက်နိုင်သည်။**
- ☆ **ဆင်းရဲချမ်းသာသည် အဆုံး၌ စိတ်တွင်တည်၏။ စိတ်ကို နိုင်သလောက် ချမ်းသာရ၏။**

ကြေးမုံ



# ကမ္ဘာပေါ်ရှိ ထိုင်းတော်ရကျောင်းတိုက်သစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဇိနယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးတော်ကြီးလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ပါရန်နှိုးဆော်ခြင်း

















## “အများသိစေရန်ကြေညာချက်”

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ တိုက်အမှတ်(၁၄၇/၁၅၁)၊ ဒုတိယထပ်(ယာစွန်)အခန်းနှင့် တတိယထပ်(ယာစွန်)အခန်း၊ စုစုပေါင်းတိုက်ခန်း(၂)ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးနှင့် ပတ်သက်၍ ရောင်းသူများဖြစ်သော ဦးဝဏ္ဏဝင်း[၈/ခမန(နိုင်)၁၂၆၁၆၄]နှင့် ဒေါ်ကေခိုင်ဝင်းမောင်[၈/ခမန(နိုင်)၁၀၉၈၉၄]တို့မှ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ (အင်ဂျင်နီယာဌာန/အဆောက်အအုံ)မှ နေထိုင်ခွင့်စာချုပ်ဖြင့် လက်ရှိနေထိုင်ပိုင်ဆိုင်ခွင့်ရထားပြီး၊ ရောင်းချခြင်းဖြင့် စီမံခန့်ခွဲခွင့်ရှိကြောင်း ပြောဆိုကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေ ဦးသန့်ဇော်ထွန်း[၁၂/ပဘတ(နိုင်)၀၂၁၄၁၂]မှ အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ ၎င်းတိုက်ခန်းများ အရောင်းအဝယ်အပေါ် ကန့်ကွက်လိုပါက ဤကြေညာချက်ပါရှိသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်စာတမ်း မူရင်းများနှင့်တကွ ကျွန်ုပ်ထံ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်စုစုငြိမ်း LL.B.,D.B.L.,D.I.L.**
**တရားလွှတ်တော်ရှေ့နေ၊ စဉ်–၉၂၈၉**
**အမှတ်(၅၅)၊ အခန်း(၁၄/အေ)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၁–၃၇၃၀၄၆၊ ၀၉–၅၄၀၆၆၁၁**

## “ကန့်ကွက်နိုင်ပါသည် ”

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–( ၂–ဒီ )၊ မြေကွက်အမှတ်–( ၄၆၈/၂–ဂျီ )၊ ဧရိယာ( ၀.၁၀၈ )ဧကရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ မြေကွက်အမှတ်( ၄၆၈/၂–ဂျီ )၊ ငါးထပ်ကြီးဘုရားလမ်း၊ အင်ကြင်းမြိုင်အိမ်ရာ၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သည့်အကျိုးခံစားခွင့်အရပ်ရပ်အား တရားဝင်လက်ဝယ် အမည်ပေါက်ပိုင်ဆိုင်ပြီး၊ ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဒေါ်တင်မမထွန်း ( ၁၃/တကန(နိုင်)၁၁၅၂၀၇ )ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန် စရံငွေပေးချေထားပြီးဖြစ်ပါသည်။ သို့ပါ၍ အဆိုပါမြေကွက်နှင့်မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်နှင့် ပတ်သက်၍ ဆိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ဤကြေညာချက်ပါသည့်နေ့မှစ၍ ( ၇ )ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်တို့ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်နေ့အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

တရားလွှတ်တော်ရှေ့နေများ

ဒေါ်မိုးမိုးအေး
(LL.B,D.B.L,D.M.L,D.I.L)
WIPO,DL.101Switzerland(စဉ် ၈၅၅၈)

ဒေါ်တင်ဇာနည်နေဝင်း
(LL.B,D.I.L)
DL-101(WIPO)Geneva(စဉ် ၉၅၇၃)

**တိုက်အမှတ်(၃၈)၊အခန်းအမှတ်(၃၀၁)၊၃လွှာ၊မိုးကောင်းလမ်း၊ရန်ကင်းမြို့နယ်။**
**☎ - 09799991090, 09799991095, 09775560071, 09775560072**
**Email : rabbitfamilyrealestate123@gmail.com Website : www.rabbitfamily.com**

**၁။ ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ သမိုင်းကွင်း၊ အကွက်အမှတ်–၁၅၊ ဦးပိုင်အမှတ်–၁၃၊ ဧရိယာ (၀.၁၃၉) ဧကရှိ မြေပိုင်မြေအမျိုးအစားမြေကွက်နှင့် ၎င်းမြေကွက်ပေါ်ရှိ အမှတ်(၁၂)၊ ဦးဘဟန်လမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သည့် နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်နှင့်**
**၂။ ရှမ်းပြည်နယ်တောင်ပိုင်း၊ တောင်ကြီးခရိုင်၊ ညောင်ရွှေမြို့နယ်၊ တိလောရပ်ကွက်၊ အကွက်အမှတ်–ကြေးတိုင်ပြင်၊ ဦးပိုင်အမှတ်–N26၊ ယာမြေ၊ ဧရိယာဧကေ (၃.၀၂)ရှိမြေကွက်နှင့်တကွ**

**အကျိုးခံစားခွင့်များနှင့်စပ်လျဉ်း၍အများသိစေရန်**

အထက်ဖော်ပြပါ မြေကွက်တို့နှင့် နေအိမ်အပါအဝင် အကျိုးခံစားခွင့်များမှာ ကျွန်ုပ်အမှုသည်များဖြစ်သူ ဦးမြင့်ဦး [၁၂/ကမတ(နိုင်)၀၅၄၆၀၀]နှင့် ဒေါ်ချိုချိုမြင့် [၁၂/ဗတထ(နိုင်)၀၂၀၉၇၂]တို့က ပိုင်ဆိုင်မှုစာရွက်စာတမ်းများဖြင့် ဝယ်ယူပိုင်ဆိုင်ထားသည့် မြေနှင့်နေအိမ်တို့ဖြစ်ကြပါသည်။

အဆိုပါမြေကွက်တို့နှင့်နေအိမ်အပါအဝင် အကျိုးခံစားခွင့်များသည် ကျွန်ုပ်အမှုသည်တို့၏ စီမံခန့်ခွဲမှုအောက်တွင်ရှိပြီး အခြားမည်သူတစ်ဦးတစ်ယောက်ကိုမျှ စီမံခန့်ခွဲရောင်းချခွင့်၊ ပေါင်နှံခွင့်၊ ငှားရမ်းခွင့်စသည့် အခွင့်အာဏာပေးအပ်ထားခြင်းမရှိပါ။

သို့ပါ၍ ရောင်းမှား၊ ဝယ်မှား မဖြစ်ကြစေရန်နှင့် တစ်စုံတစ်ရာပြဿနာဖြစ်ပေါ်လာပါက ရောင်းမှား၊ ဝယ်မှားပြုကြသူများတွင်သာ တာဝန်ကျရောက်မည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ဝင်းဝင်းထက် (Ll.B,LL.M) တရားလွှတ်တော်ရှေ့နေ (စဉ်–၁၂၂၇၆)**
**အမှတ်–၂၉၊ အောင်ဇေယျ(၃)လမ်း၊ ရန်ကုန်သစ်ရပ်ကွက်၊ သုဝဏ္ဏ၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း– ၀၉– ၄၂၀၀၁၁၅၇၆**

## “ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း”

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ စမ်းချောင်း(မြောက်)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်–၂၇–C–၁၊ မြေကွက်အမှတ်(၂၁၅)၊ မြေကွက်ပေါ်တွင်တည်ဆောက်ထားသော စမ်းချောင်းမြို့နယ်၊ ပဒုမ္မာလမ်း၊ အိမ်အမှတ်(၉)ရှိ တစ်လုံးတည်း(၈)ထပ်တိုက်အဆောက်အဦကို မြေအမည်ပေါက်ပိုင်ရှင် ဒေါ်နှင်းလဲ့အောင်[၁၂/လသန(ဧည့်)၀၀၁၅၁၆]က တည်ဆောက်ထားပြီး ထို(၈)ထပ်တိုက်ခန်းအနက်မှ တိုက်ခန်းအကျယ် (အလျား ၂၈ပေ x အနံ ၅၈ပေ)ရှိ ပဉ္စမထပ်(၆)လွှာ၊ (Lift–ပါ)(Roof Slab) တိုက်ခန်းနှင့် ယင်းတိုက်ခန်းတွင်တပ်ဆင်ထားသော ကိုယ်ပိုင်ရေမော်တာ၊ ကိုယ်ပိုင်လျှပ်စစ်မီတာအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ပိုင်ဆိုင်ကြောင်း ဝန်ခံကတိပြုသဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေ ဦးရဲဇာနည်ထွန်း[၁၂/ပဘတ(နိုင်) ၀၂၉၇၅၂]က မြေအမည်ပေါက်ပိုင်ရှင် ဒေါ်နှင်းလဲ့အောင်ထံမှ အထက်ပါတိုက်ခန်းကို ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်သည်။ အထက်ဖော်ပြပါ တိုက်ခန်းအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်မည့်သူရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း စာရွက်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

**ဒေါ်ရည်မွန်အောင် (စဉ်–၅၀၆၁၂)**
**(အထက်တန်းရှေ့နေ)**

**ဒေါ်သန်းသန်းစိန် (စဉ်–၇၈၀၀)**
**(တရားလွှတ်တော်ရှေ့နေ)**

**ရုံးခန်း။ အမှတ်–၈၃၊ အခန်း(၁၁)၊ ဒုတိယထပ်၊ ပန်းဆိုးတန်းလမ်း၊ (၄)ရပ်ကွက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း – ၀၉–၂၅၄၉၅၁၁၇၇၊ ၀၉–၇၉၅၄၂၀၇၉၉**

## "ပြင်ဆင်ဖြည့်စွက်ချက်"

(၂၄–၆–၂၀၂၁)ရက်နေ့တွင် "ကန့်ကွက်နိုင်ပါသည်" သတင်းစာကြော်ငြာတွင် ကြေညာခဲ့ရာ၌ ရောင်းသူနေရာတွင် **ဒေါ်မာလာဝင်း အမည်မှ ဒေါ်ခင်မာလာဝင်း** အမည်သို့ ပြောင်းလဲပြင်ဆင် ဖြည့်စွက်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးအောင်ကျော်မိုး**
**(LL.B, D.B.L, D.M.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၃၁၉၀/၈၅)**
**အမှတ်(၁၅/ဓ)၊ မာလာမြိုင်လမ်း၊ ဘောက်ထော်၊ ၁၆–ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။**

## မိဘများကျန်ရစ်သော အမွေဆိုင်ပစ္စည်းများဖြစ်ကြောင်း သက်ဆိုင်သူများနှင့် အများသိစေရန်ကြော်ငြာစာ

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၇)ရပ်ကွက်၊ ပဏ္ဍိတလမ်း၊ အမှတ်(၁)နေ ဒေါ်သီတာမြင့် [၁၂/လမန(နိုင်)၀၇၀၂၈၀]နှင့် လှိုင်မြို့နယ်(၇)ရပ်ကွက်၊ သံလမ်း၊ အမှတ် ၁၉/၁(ဘီ)နေ ဒေါ်မေသဇင် [၁၂/ခရန(နိုင်)၀၉၂၀၁၀]တို့၏ လွှဲအပ်ညွှန်ကြားချက်များအရ အောက်ပါတိုင်းအသိပေးကြေညာအပ်ပါသည်။

မိဘများကွယ်လွန်သွားသည့်အချိန်တွင် ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၁၆၊ မြေကွက်အမှတ်– ၂၀/၃(၃)၊ မြေပိုင်မြေအမျိုးအစား၊ ဧရိယာ (၀.၆၀၄) ဧကအတွင်းမှ ဦးကျော်မြင့်ဦး၊ ဒေါ်သီတာမြင့်အမည်ပေါက် (အလျား၄၈ပေx အနံ၁၂၇ပေ)၊ ဧရိယာ(၀.၁၄၀)ဧကရှိ ဂရန်မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် အမှတ်(၁၉)၊ သံလမ်း၊ (၇)ရပ်ကွက်၊ လှိုင်မြို့နယ်(၃)ခန်းတွဲ(၆)ထပ်တိုက်(အဆောက်အဦမပါ)နှင့် အဆိုပါအဆောက်အဦ၏ (Bနှင့်C)လှေကားခွင်တစ်ခု၊ ပဏ္ဍိတလမ်းသွယ်၊ အမှတ်(၁)တွင်တည်ရှိသော ဒေါ်သီတာမြင့်နေထိုင်သော မြေနှင့်(၂) ထပ်အဆောက်အဦ (၁)လုံးနှင့် ဦးကျော်မြင့်ဦးနေထိုင်လျက်ရှိသောမြေနှင့် အဆောက်အဦတို့မှာ အမွေဆိုင်ပစ္စည်းများဖြစ်ပြီး ဦးကျော်မြင့်ဦး၊ ဒေါ်သီတာမြင့်၊ (ဦးအောင်ကျော်မိုး)တို့(၃)ဦးပိုင်ဆိုင်ရရှိသည့် အမွေပစ္စည်းများဖြစ်ကြပါသည်။ ယခုအချိန်တွင် ဦးအောင်ကျော်မိုး ကွယ်လွန်သွားသည့်အတွက် ဦးကျော်မြင့်ဦး၊ ဒေါ်သီတာမြင့်၊ (ဦးအောင်ကျော်မိုး)၏ ဇနီးဒေါ်မေသဇင်တို့ (၃)ဦး ပိုင်ဆိုင်ရရှိသောအမွေဆိုင်ပစ္စည်းများဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်များအရ–**
**ဒေါ်သူဇာအောင်**
**L.L.B, D.B.L, D.I.L, WIPO (G.C.I.P Switzerland)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၂၄၀/၁၇)**
**ရုံး –တိုက်(၁၀/၁၂)ပထမထပ်(အီး)၊ (၃၅)လမ်းအောက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း – ၀၉–၄၂၀၀၀၉၉၃၇၊ ၀၉–၇၆၄၂၀၆၁၂၃**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ မင်္ဂလာတောင်ညွန့်ရပ်ကွက်နေ ဒေါ်နှင်းဆီ(ခ) ဒေါ်ပွတ်(စ်)ပါး၏သား ကိုဝင်းထွဋ်ဦး [၁၂/မဂတ(နိုင်)၀၈၉၅၆၆]သည် မိခင်အပေါ် စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်နေပါသဖြင့် ယနေ့ မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို လုံးဝ(လုံးဝ)တာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အသိပေးအပ်ပါသည်။

**ဒေါ်နှင်းဆီ(ခ)ပွတ်(စ်)ပါး**
**[၁၂/မဂတ(နိုင်)၀၄၁၆၉၁]**

**စာအုပ်**
**စာပေ**
**လူ့မိတ်ဆွေ**

## ဘုရား၊ ရဟန်း၊ ကျောင်း၊ ဒါယိကာမကြီး
## ဒေါ်ဆွေဆွေမင်း(စကြာရွှေရည်စိန်ရတနာဆိုင်)
### အသက်(၆၈)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်နေ(ဦးပါ–ဒေါ်ခင်မင်း)တို့၏ သမီး၊ ဒု–ဗိုလ်မှူးကြီး ဝင်းမြင့်(ငြိမ်း)၏ ဇနီး၊ ဦးအောင်ဖုန်းမြင့်–ဒေါ်ရွှေစင်ဝင်း၊ ဦးကိုကိုအောင်ဌေး–ဒေါ်ချမ်းမြဝင်း၊ ဒေါ်အိဖြူဝင်းတို့၏ မိခင်၊ မြေး (၃)ယောက်တို့၏ အဘွား ဒေါ်ဆွေဆွေမင်းသည် ၂၅.၆.၂၀၂၁(သောကြာနေ့) ည ၇ နာရီတွင် Grand Hanthar ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၇.၆.၂၀၂၁ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ(၁)နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်း သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး မှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ကျေးဇူးဂုဏ်ရည်၊ ယုံကြည်တမ်းတ (၅)နှစ်ပြည့်အမှတ်တရ ပြုပြုသမျှကုသိုလ်
## ဦးကျော်သိန်း(ရွှေဝယ်သဇင်–ထားဝယ်မြို့)

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ မုခ်ဦး၊ ဇရပ်၊ ရေတွင်း၊ ရေကန်၊ ဆေးဝါး၊ မဟာရံတံတိုင်း၊ လမ်းနှင့်မော်တော်ယာဉ်**
**အလှူရှင်ဒါယကာကြီး**

ကုန်လွန်ပြီးမြောက်ခဲ့သည့် (၅)နှစ်တာကာလ (၂၆–၆–၂၀၁၆)ရက်နေ့တွင် ဘဝတစ်ပါးသို့ ပြောင်းရွှေ့ခန္ဓာ၊ ကွယ်လွန်သွားခဲ့ပါသော ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ တရုတ်ကျောင်းလမ်းနှင့် တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ် မြို့၊ ခုံဝင်းဒပ်ရပ်၊ မင်္ဂလာလမ်း၊ အမှတ်(၁၈၈)နေ သာသနာ့ဒါယိကာမ ကျွန်မဒေါ်အေးသီ၏ခင်ပွန်းဖြစ်သူ သာသနာ့ဒါယကာကြီးဦးကျော်သိန်း(ရွှေဝယ်သဇင်–ထားဝယ်မြို့)အား ကုသိုလ်အမျှရရှိစေရန်နှင့် ကောင်းရာသုခဘုံဌာနတွင် ခိုဝင်စံပျော်နိုင်ပါစေဟု စိတ်ဝယ်ရည်စူး အထူးအားဖြင့် ယခုတစ်နှစ်တာအတွင်း သုံးတန်စေတနာပြဋ္ဌာန်းကာ ထားဝယ်မြို့ ကျောက်မော်ရပ်ရှိ ဝဲကြီးတောင်ကျောင်းတိုက်တွင် မြတ်စွာဘုရားအမှူးရှိသော ပင့်သံဃာတော် အရှင်သူမြတ်တို့အား နေ့ဆွမ်းအလှူနှင့် ဝေယျာဝစ္စ ဒါတဗ္ဗဝတ္ထုအစုစုတို့ဖြင့် နိဗ္ဗာန်ရည်မှန်း ဆက်ကပ်လှူဒါန်းရသည့် ကုသိုလ်စေတနာနှင့်တကွ နေပြည်တော် ဇမ္ဗူသီရိမြို့နယ်၊ ဘူးကွဲကျောင်းတိုက်အတွင်းရှိ ဘုရားနှင့်လမ်းအား ပြုပြင်လှူဒါန်းခြင်း၊ နေပြည်တော် ဇမ္ဗူသီရိမြို့နယ်၊ သပြေကုန်းရှိသာယာကုန်းကျောင်းတိုက်တွင် ကျောင်းဆောင်အသစ်ဆောက်လုပ်ရာတွင် ပါဝင်လှူဒါန်းခြင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ဓနုဖြူမြို့နယ်၊ ရတနာစန်းကျောင်းတိုက်တွင် အင်ကြင်းကျောက်သားရုပ်ပွားတော်မြတ်(၅)ဆူ ပူဇော်လှူဒါန်းခြင်း၊ ကရင်ပြည်နယ်၊ မြဝတီမြို့၊ တောင်တန်းသာသနာပြုကျောင်းတိုက်တွင် လိုအပ်သည်များကို ပံ့ပိုးလှူဒါန်းခြင်းအစရှိသည့် မြတ်သောကောင်းမှုအဖြာဖြာနှင့် အသက်ထင်ရှားရှိစဉ်ကရော၊ သံသရာအဆက်ဆက်တွင်ပါ အတူတကွပြုလုပ်အားထုတ်ခဲ့ကြဖူးသော ဒါနစာဂ၊ ပါရမီကုသိုလ်မှန်သမျှတို့ကို သွားလေသူ ခင်ပွန်းဖြစ်သူကို ဦးဦးဖျားဖျားအစထား၍ အများသတ္တာဝေနေယျာအပေါင်းတို့အား မခြားထပ်တူ ကုသိုလ်ယူလျက် ကြည်နူးဝမ်းမြောက်ကြစေရန် ကုသိုလ်အမျှပေးဝေငှသည်။

အမျှ----အမျှ-----အမျှ-----ယူတော်မူကြပါကုန်လော့.....

**ဒေါ်အေးသီနှင့် သား၊ သမီး၊ မြေး မိသားတစ်စု**
**ရွှေဝယ်သဇင်၊ ထားဝယ်မြို့။**

**ရဟန်းဒါယိကာမ**
## ဒေါ်စောနန္ဒာ
### အသက်(၄၇)နှစ်
**MMB (Bank), Assistant General Manager (HR Department)**

ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ ကြည်စုရပ်ကွက်၊ အလင်းရောင်လမ်း၊ အမှတ်(၅၅၅)နေ ဦးစောဟန်– (ဒေါ်ဌေးအောင်)တို့၏သမီး၊ (ဦးလွင်နိုင်–ဒေါ်ဖြူဖြူ)တို့၏ သမီးချွေးမ၊ ဒေါ်မြင့်မြင့်သန်း၏တူမ၊ ဦးဆန်းမင်းထွန်း–ဒေါ်စောဥမ္မာ၊ ဒေါ်တိုးတိုးနိုင်၊ ဦးရဲနိုင်–ဒေါ်သန်းသန်းအေးတို့၏ ညီမ၊ ဦးမျိုးမင်းမြတ်–ဒေါ်ချိုချိုသန်း၊ ဦးတင်ထွန်းနိုင်–ဒေါ်စောလဲ့လဲ့ဝင်း၊ ဦးကောင်းထွဋ်နိုင်၊ ကိုကောင်းမြတ်လင်း–မထက်ထက်နိုင်၊ ကိုဇင်မင်း–မဝေဝေစောဟန်တို့၏ အစ်မ၊ မသမုဒယရန်နိုင်၊ မောင်စစ်မင်းရန်နိုင်တို့၏ မိခင်၊ ဦးရန်နိုင်၏ ချစ်လှစွာသောဇနီးသည် ၂၄–၆– ၂၀၂၁(ကြာသပတေးနေ့) ည ၇:၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်ရစ်သော ရုပ်ကလာပ်ကို ၂၆–၆–၂၀၂၁ရက် မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှ ကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၃၀–၆–၂၀၂၁ရက်တွင် သံဃာတော်အရှင်သူမြတ်တို့အား ဆွမ်း၊ ခဲဘွယ်၊ ဘောဇဉ်၊ ဒါတဗ္ဗဝတ္ထုအစုစုတို့ကို ဆပ်ကပ်လှူဒါန်း အမျှအတန်းပေးဝေမည် ဖြစ်ပါသဖြင့် အထက်ပါနေအိမ်သို့ ဆွမ်းတရားတော်နာကြွရောက်ပါရန် ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးဇေယျာလှိုင်(ကိုကိုဦး) (အထက–၂ဗဟန်း)
### အသက်(၄၈)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ အမှတ်(၄၆)ရပ်ကွက်၊ စံရိပ်ငြိမ် (၄)လမ်း၊ အမှတ် (၅၇၇)နေ ဦးကျော်သူ–ဒေါ်မြင့်မြင့်ခင်တို့၏တစ်ဦးတည်းသောသား၊ မလတ်လတ်အောင်၊ မခင်ချောစု–မောင်ရဲထွဋ်ဝင်း(ကကင္ဓေ၊ မုံရွာရုံးခွဲ)တို့၏ အစ်ကို၊ မောင်ကောင်းထွဋ်ညီ၏ ဘဘကြီး ဦးဇေယျာလှိုင်သည် ၂၅–၆–၂၀၂၁ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၂၇–၆–၂၀၂၁ ရက် မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒုရဲအုပ် နေမျိုးအောင်
### အသက် (၅၀)

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့မရဲစခန်းမှ ဒုရဲအုပ် နေမျိုးအောင် (ဒုရဲအုပ်လောင်းသင်တန်း၊ အမှတ်စဉ်(၃၆/၉၈)သည် ၂၄–၆–၂၀၂၁ရက် မွန်းလွဲ ၁:၂၀ နာရီတွင် (၉၆)ပါးရောဂါဖြင့် မင်္ဂလာဒုံတပ်မတော် ခုတင်(၁၀၀၀)ဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူ ဇနီး ဒေါ်အေးအေးမြင့်၊ သမီးကြီး မနှင်းမြတ်အောင်၊ သား မောင်ဟိန်းသုန်အောင်၊ မောင်ဖြိုးလျှံအောင်တို့ မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

သူငယ်ချင်းကောင်းရာသုဂတိလားပါစေ။

**ဒုရဲအုပ်လောင်းသင်တန်း၊ အမှတ်စဉ်(၃၆/၉၈)**
**သူရတပ်ခွဲမှသူငယ်ချင်းများ**

## သွာနုတ္တသားအဖြစ်သတ်မှတ်၍ အမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန်

ကျွန်တော် ဦးမြင့်ဦး[၁၂/ကမတ(နိုင်)၀၅၄၆၀၀]နှင့် ကျွန်မ ဒေါ်ချိုချိုမြင့်[၁၂/ဗတထ(နိုင်)၀၂၀၉၇၂]တို့၏ သားဖြစ်သူ ဦးရဲလင်းမြင့်[၁၂/ဗတထ(နိုင်)၀၀၁၃၅၂]သည် မိဘ(၂)ပါးအပေါ် ကိုယ်စိတ်နှလုံးသုံးပါးစလုံး ဆင်းရဲဒုက္ခရောက်စေရန် အကြိမ်ကြိမ်ပြုလုပ်ပြီး ခွင့်လွှတ်နိုင်ဖွယ်ရာမရှိသည့် လုပ်ရပ်များကိုလည်း ကျူးလွန်ခဲ့သောကြောင့် ယနေ့မှစ၍ သွာနုတ္တသားအဖြစ်သတ်မှတ်ပြီး သားသမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

စုံစမ်းမေးမြန်းခြင်းသည်းခံပါ။

**ဦးမြင့်ဦး[၁၂/ကမတ(နိုင်)၀၅၄၆၀၀]**
**ဒေါ်ချိုချိုမြင့်[၁၂/ဗတထ(နိုင်)၀၂၀၉၇၂]**

## ကန့်ကွက်နိုင်ကြောင်းနှင့် အများသိစေရန် ကြေညာခြင်း

ဦးမြင့်သိန်း[၈/မထန(နိုင်)၀၁၁၇၄၉]သည် ၂၀–၁၁–၂၀၁၈ရက်တွင် ကွယ်လွန်သွားရာ ၎င်းပိုင်ဆိုင်သော မုဒိတာအိမ်ရာနှင့် အခန်းနံပါတ်(2A–811) စာရွက်စာတမ်းမူရင်းများ ပျောက်ဆုံးသွားပါသည်။ ယခုအခါ အဆိုပါတိုက်ခန်းနှင့် ပတ်သက်၍ စာရွက်စာတမ်းမိတ္တူမှန် ထုတ်ယူခြင်းနှင့် အမည်ပြောင်းခြင်းကို ကျန်ရစ်သူသားသမီးများမှ ဆက်လက်ဆောင်ရွက်မည်ဖြစ်သောကြောင့် ကန့်ကွက်မည့်သူရှိပါက တော်ဝင်မိသားစုကုမ္ပဏီသို့ ဤသတင်းစာကြေညာသည့်နေ့မှစ၍ (၁)လအတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးတင်ထွန်းအောင်[၁၂/စခန(နိုင်)၀၆၂၅၄၈]**
**Ph:09–260055660**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ပုဗ္ဗသီရိမြို့၊ ဇဝနဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၆/မြို့မရပ်)မှ မြေဧရိယာ(၀.၁၄၂)ဧကရှိ မြေကွက်အမှတ်(ပ–၂၀၇၃၉^A)၊ ဒေါ်ခင်သောင်းအေး[၁၂/မဂတ(နိုင်)၀၀၅၆၈၇]၊ အဖအမည် ဦးသောင်းရင် အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်ကို ဦးကြည်ဇော်[၁၂/မဂတ(နိုင်)၀၃၁၈၉၇]၊ အဖအမည် ဦးသန်းအောင်မှ နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာ အမှတ် (၉၀၁/၂၀၂၁) တင်ပြ၍ ဦးတင်ထွန်းဦး [၁၂/မဂတ(နိုင်)၀၈၀၄၈၉]နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်လျှောက်ထားမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများနှင့် တွေ့ဆုံ

**နေပြည်တော် ဇွန် ၂၅**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းသည် ယနေ့ညနေပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီရုံး၌ ရန်ကုန်တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများနှင့် တွေ့ဆုံအမှာစကားပြောကြားသည်။

**တက်ရောက်**

တွေ့ဆုံပွဲသို့ နိုင်ငံတော်ကောင်စီဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ်၊ ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌဦးလှစိုး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံနှင့် တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊

**စာမျက်နှာ ၅ ကော်လံ ၁ သို့** ❋



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ရန်ကုန်တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများကို တွေ့ဆုံအမှာစကားပြောကြားစဉ်။



ရန်ကုန်မြို့ ပြည်ထောင်စုတိုင်းရင်းသားကျေးရွာရှိ အင်းလေးကန်ကို တွေ့ရစဉ်။

# ရန်ကုန်မြို့ ပြည်ထောင်စုတိုင်းရင်းသားကျေးရွာရှိ အင်းလေးကန်တွင် လှေပြိုင်ပွဲကျင်းပ၍ ဝန်ဆောင်မှုပေးနိုင်ရန် ကြိုးပမ်း

**ရန်ကုန် ဇွန် ၂၅**

ရန်ကုန်မြို့နေပြည်သူတို့ အပန်းဖြေအနားယူရာနေရာတစ်ခုဖြစ်သော ရန်ကုန်မြို့ ပြည်ထောင်စုတိုင်းရင်းသားကျေးရွာတွင် အင်းလေးကန်အတွင်း အများပြည်သူအားဝန်ဆောင်မှုပေးနိုင်မည့် ရိုးရာလှေပြိုင်ပွဲကို ကျင်းပနိုင်ရန် ကြိုးပမ်းဆောင်ရွက်နေကြောင်း သိရသည်။

**ယခင်ထက်ပိုမိုစည်ကား**

ကိုဗစ်-၁၉ ရောဂါမတိုင်မီက ရုံးဖွင့်ရက်အတွင်း အပန်းဖြေသူ ၇၀၀ ကျော်၊ စနေနေ့တွင် ၂၀၀၀ ကျော်နှင့် တနင်္ဂနွေနေ့တွင် ၃၀၀၀ ကျော် မိသားစုလိုက် လာရောက်အပန်းဖြေလေ့ရှိပြီး ကမ္ဘာ့ကပ်ရောဂါကြောင့် ခေတ္တပိတ်ထားခဲ့ရာ မေ ၂ ရက်တွင် ပြန်လည်ဖွင့်လှစ်ခဲ့၍ ရုံးဖွင့်ရက်၌ တစ်ရက်လျှင် ၁၀၀ ကျော်၊ စနေနေ့၌ ၃၀၀ ခန့်နှင့် တနင်္ဂနွေနေ့၌ ၇၀၀ ခန့် လာရောက်လည်ပတ်အပန်းဖြေလျက်ရှိသည်။ တိုင်းရင်းသားကျေးရွာအတွင်း နန်းမြို့မျှော်စင်၊ သဘော်နှင့်အင်းလေးကန်ဝန်းကျင်၌ လူငယ်များအများဆုံးအပန်းဖြေလေ့ရှိပြီး မိသားစုလိုက် အပန်းဖြေအနားယူနိုင်ရန် ကျောက်စီထိုင်ခုံတန်းများဖြင့် ဝန်ဆောင်မှုအသစ်ကို ဆောင်ရွက်ပေးထားရာ အင်းလေးကန်ဝန်းကျင်တွင် ယခင်ထက် ပိုမိုစည်ကားလျက်ရှိသည်။

**ကြည့်ရှုအားပေးနိုင်ရန်**

"တိုင်းရင်းသားကျေးရွာမှာ ရုံးပိတ်ရက်၊ ရုံးဖွင့်ရက်လာရောက်အပန်းဖြေကြပါတယ်။

**စာမျက်နှာ ၅ ကော်လံ ၁ သို့** ❂

# ဆီးဂိမ်းပြိုင်ပွဲ ရွှေ့ဆိုင်းပါက အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲကိုလည်း ရွှေ့ဆိုင်းရမည်

ရန်ကုန် ဇွန် ၂၅

ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ၂၀၂၁ ဗီယက်နမ်ဆီးဂိမ်းပြိုင်ပွဲကို ရွှေ့ဆိုင်းခဲ့ပါက အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲကိုလည်း ရွှေ့ဆိုင်းရမည်ဖြစ်သည်။

စာမျက်နှာ ၂၄ ကော်လံ ၁ သို့ ❍

## ကြေးမုံ ယနေ့ ဖတ်စရာ


**ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ဝင်ရောက်မှုမရှိစေရေး အစီအမံများတိုးမြှင့်ဆောင်ရွက်မည်ဖြစ်ကြောင်း အသိပေးပန်ကြားချက်ထုတ်ပြန်**

စာမျက်နှာ » ၁၆

**ဂန္ထဝင်စာဆိုရှင် ဆရာကြီးမောင်ထင်**

စာမျက်နှာ » ၁၈

**ဝန်ထမ်းကောင်းဟူသည်**

စာမျက်နှာ » ၂၁

**အမျိုးသားပညာဝန်ဦးဖိုးကျား၏ ဝတ္ထုတို လက်တွေ့ချမ်းသာရှာနည်း**

စာမျက်နှာ » ၂၃